# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သီလ၊ သမာဓိဖြင့် တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏**

သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၀)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၄၉)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နယူးယောက်မြို့ Penn Station ၌ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နယူးယောက်မြို့သို့ ရောက်ရှိ

**နယူးယောက် စက်တင်ဘာ ၁၇**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က ဝါရှင်တန်မြို့ Union Station မှ မီးရထားဖြင့် ထွက်ခွာခဲ့ပြီး နယူးယောက်မြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နယူးယောက်မြို့ Penn Station ၌ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**(သတင်းစဉ်)**

## တနင်္ဂနွေဖတ်စရာ

**အမှောင်ကိုခွင်း၍ အလင်းဆောင်နိုင်ခဲ့သည့် မိတ္ထီလာမှ အလည်ရှာ**

*စာမျက်နှာ ➤ ၆*

နိုင်ငံတကာရေးရာ

**အမေရိကန်နှင့် ဖိလစ်ပိုင် ခေါင်းဆောင်နှစ်ဦး စိတ်ဝမ်းကွဲပြားမှုကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထိခိုက်စေမလား**

*စာမျက်နှာ ➤ ၁၁*

အခွင့်အလမ်းဖွေရှာ ဘဝအတွက်တာ

**မလေးရှားနိုင်ငံမှာ အလုပ်လုပ်ရင်း တောင်းခံနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိပါတယ်**

*စာမျက်နှာ ➤ ၁၅*

# တည်ငင်းကုန်း ဟင်းသီးဟင်းရွက်လက်ကားဈေးကြီး ဆိုင်ခန်း ၄၈၀၀ နှင့်အတူ စတင်ဖွင့်လှစ်သွားမည်

**သတင်း - မြင့်မောင်စိုး**

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်ငင်းကုန်းဘူတာအနီး၌ တည်ဆောက်လျက်ရှိသည့် တည်ငင်းကုန်း သစ်သီးဝလံ ဟင်းသီးဟင်းရွက် လက်ကားဈေးကြီးကို လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ပထမအဆင့်အနေဖြင့် ဆိုင်ခန်းပေါင်း ၄၈၀၀ ဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

"ဒီလက်ကားဈေးကြီးဟာအများပိုင်အဖြစ် ဆောင်ရွက်တာဖြစ်လို့ ပြည်သူတွေ ပါဝင်ပိုင်ဆိုင်ခွင့်ရမယ့် ဈေးကြီးတစ်ဈေးဖြစ်လာမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက နိုဗိုတယ် ဟိုတယ်၌ ကျင်းပသော

*စာမျက်နှာ ၃ ကော်လံ ၃* ❒

**ဆန်း ဒေး ကာ တွန်း**

*စာမျက်နှာ ➤ ၁၆ - ၁၇*






# ခရီးစဉ်များနှင့် အောင်မြင်မှုမှတ်တိုင်များ

အစိုးရသစ်ဖွဲ့စည်းပြီးချိန်မှစ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ် ခြောက်ကြိမ်ရှိခဲ့ပြီး နိုင်ငံတော်သမ္မတနှင့်အတူ လာအိုနိုင်ငံသို့ နေ့ချင်းပြန်ခရီးစဉ်မှအစပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့သွားရောက်ခဲ့သော ခရီးစဉ်တိုင်းတွင် ထူးခြားထင်ရှားသော ရလဒ်များကို ရရှိခဲ့သည်ချည်းဖြစ်သည်ကို တွေ့ရပါသည်။

ယင်းခရီးစဉ်များကို ပြန်ကြည့်လျှင် ဇွန်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံခရီးစဉ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ လာအိုနိုင်ငံသို့ (၄၉) ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ဩဂုတ်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက် နေ့အထိ ၂၈ ကြိမ်နှင့် ၂၉ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများနှင့် ယခုနောက်ဆုံး စက်တင်ဘာလ ၁၀ ရက်နေ့တွင် စတင်သော အင်္ဂလန်၊ အမေရိကန် ခရီးစဉ်ပင်ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထိုင်းနိုင်ငံခရီးစဉ်တွင် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးကို အဓိကထားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံခရီးစဉ်မှာလည်း ပြောစမှတ်ပြုလောက်အောင် အောင်မြင်မှုရခဲ့သည်ဟု ဆိုနိုင်သည်။ ဤခရီးစဉ်ကို နိုင်ငံတကာအကဲခတ်ပုဂ္ဂိုလ်များက ဒေါ်အောင်ဆန်းစုကြည်၏ လက်တွေ့ကျသော နိုင်ငံခြားရေးမူဝါဒ၏ အစိတ်အပိုင်းအဖြစ် ရှုမြင်ဖော်ပြခဲ့ကြသည်။ အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို တရုတ်တို့ဘက်မှ ကြိုဆိုထောက်ခံကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း အရေးပါသည့် ကတိကဝတ်များ ရရှိခဲ့သည့်အပြင် စီးပွားရေးအကူအညီများလည်းရရှိခဲ့သည်ကို တွေ့နိုင်သည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင်မူ ဂျပန်၊ အိန္ဒိယ၊ နယူးဇီးလန်၊ အမေရိကန် စသောနိုင်ငံကြီးများမှ ထိပ်ဆုံးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး များပြားလှသော စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဂျပန်နိုင်ငံနှင့် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန် စီးပွားရေးအကူအညီ အထောက်အပံ့ရရှိခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ်က အောက်တိုဘာလတွင် ကျင်းပမည့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် BRICS ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားသွားခဲ့သည်။ ထို့ပြင် ဂျပန်၊ အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သော အစီအစဉ်တစ်ခုဖြစ်သည့် ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးကို ယခုတစ်ကြိမ်တွင် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် အဆိုပြုသွားခဲ့သည်။

ယခု အမေရိကန် ခရီးစဉ်တွင် သမ္မတအိုဘားမားက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ် ပိတ်ဆို့အရေးယူထားမှုများကို ရုပ်သိမ်းရန် ကတိပြုခဲ့ရာ ဤခရီးစဉ်၏ အဓိကအောင်မြင်မှုဟု မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ထို့ပြင် ၁၉၈၉ ခုနှစ်က ရုပ်သိမ်းခဲ့သော အထူးကုန်သွယ်မှု အခွင့်အရေးကိုလည်း ပြန်လည်ရရှိမည်ဖြစ်ရာ မြန်မာ့စီးပွားရေးအတွက် အားတက်ဖွယ်ရာပင် ဖြစ်ပါသည်။ ဤသို့သော အခွင့်အရေးများမှာ မြန်မာနိုင်ငံကဲ့သို့ အကျပ်အတည်းပေါင်းစုံမှ လွတ်မြောက်ရန် ကြိုးပမ်းနေရသော နိုင်ငံများအတွက် အလွန်အရေးပါလှသည်။ ဤဖြေလျှော့မှုများကြောင့် အမေရိကန်နှင့် မြန်မာအကြား အမျိုးအမည်ပေါင်း ထောင်ချီသည့်ကုန်စည်များ ကူးသန်းရောင်းဝယ်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသည်မှာ ကြာပြီဖြစ်သော အမေရိကန်လုပ်ငန်းရှင်များအတွက်လည်း အခွင့်အလမ်းများ ပွင့်လာမည်ဖြစ်ပါသည်။ ယခင်က အိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် ရင်းနှီးမြှုပ်နှံမှုပြုနေရသောအခြေအနေမှ ယခုတိုက်ရိုက်ရင်းနှီးမှု၊ ကုန်သွယ်မှုပြုနိုင်တော့မည် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီမိုကရေစီစနစ်သည် မိမိတို့ပြည်ထောင်စုအတွက် ရွေးဆက်နိုင်မည့် အကောင်းဆုံးလမ်းကြောင်းဖြစ်ကြောင်းနှင့် စီးပွားရေးအောင်မြင်မှုသည် တပ်မတော်အပါအဝင် မိမိတို့နိုင်ငံမှ လူတိုင်းကိုစည်းရုံးနိုင်မည့် နည်းလမ်းများထဲမှ တစ်ခုပင်ဖြစ်ကြောင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာစားပွဲတွင် ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၄ ရက်နေ့က တွေ့ဆုံပွဲတွင် မစ္စတာအိုဘားမားက မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားလူမျိုးစုများ၏ အရေးကိစ္စကို အကောင်းဆုံးဖြေရှင်းပေးရန် လုပ်ဆောင်လျက်ရှိသည်ကို သိရှိရကြောင်း၊ နိုင်ငံ့အရေးစွမ်းဆောင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်လောက် မည်သူမျှပိုမိုကောင်းမွန်အောင် မလုပ်ဆောင်နိုင်ဟု ဂုဏ်ပြုပြောကြားခဲ့ကြောင်း တင်ပြလိုက်ရပါသည်။ ။




## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေး အတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(သတင်းစဉ်)

## စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းရှိ ၁၂ မိုင်ရထားသံလမ်းဂိတ်တွင် ယာဉ်သွားလာမှုရှုပ်ထွေး၍ ဂိတ်အားအပြည့်အဝဖွင့်ပေးစေလို

မန္တလေး စက်တင်ဘာ ၁၇



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းမ ၁၂ မိုင်လမ်းဆုံအနီး ရန်ကုန်-မန္တလေး ရထားသံလမ်းဂိတ်တည်နေရာသည် လမ်းသုံးခွဆုံရာဖြစ်၍ မော်တော်ယာဉ်များ နေ့စဉ်နှင့်အမျှ ရှုပ်ထွေးခြင်းကြောင့် ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-မန္တလေးရထား သံလမ်းကူးဂိတ်သည် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းမပေါ်၌ တည်ရှိပြီး နေ့စဉ် မော်တော်ယာဉ်စီးရေ ရာချီဖြတ်သန်းသွားလာနေသော အဓိကလမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းကလည်း အခုဆို ပြီးသလောက် ရှိနေပါပြီ။ တိုးဂိတ်တွေကိုလည်း ဆောက်ပြီးလို့ ငွေကောက်နေတာကြာပြီ။ ဒီ ၁၂ မိုင်သံလမ်းကူးဂိတ်ကို တစ်ခြမ်းပဲ ဖွင့်ပေးထားတော့ လမ်းကပိတ်နေပြီး ယာဉ်ကြောကျပ်ကုန်တာပေါ့။ ဂိတ်သာအပြည့်ဖွင့်ပေးရင် ယာဉ်ကြောရှုပ်ထွေးမှုကို ဖြေလျှော့ရာလည်းရောက်မယ်။ ယာဉ်အန္တရာယ်လည်း ပိုကင်းရှင်းမယ်။ သူ့လမ်းနဲ့သူ အသွားအပြန် လမ်းစည်းကမ်းတကျဖြစ်အောင် ဂိတ်အပြည့်ဖွင့်ပေးဖို့လိုမယ်။ ဆိုင်ကယ်၊ စက်ဘီးတို့နဲ့ သွားတဲ့ ကျောင်းသားတွေလည်း နှစ်ဖက်ယာဉ်ကြောက ခက်ခက်ခဲခဲသွားစရာမလိုတော့ဘူး”ဟု ဒေသခံတစ်ဦးက ပြောသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒုတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုး ကြီးကြပ်လျက် မြို့နယ်ရှစ်မြို့နယ်မှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၇ ရက်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးမှုများပြုလုပ်စဉ်။

ကိုကိုရှူပ(နေပြည်တော်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၇-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၃.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၄.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးနိုင်ရေး ဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ  ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ယနေ့ ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား Asian Development Bank (ADB)အဖွဲ့အစည်းမှ လုပ်ငန်းမန်နေဂျာ Mr. Arghya Sinha Roy ဦးဆောင်သော အဖွဲ့ဝင်များ လာရောက်တွေ့ဆုံခဲ့သည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေးအမျိုးသားအဆင့် မူဘောင်(မူကြမ်း) ဖော်ထုတ်ဆောင်ရွက်နေမှုအခြေအနေများ၊ အဆိုပါ မူဘောင်(မူကြမ်း)အား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ မှုအခြေအနေများ၊ ထိုမှတစ်ဆင့် အမျိုးသားအဆင့် မူဘောင်အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အတည်ပြုဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် နယ်ပယ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ  ၁၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် Yin Qiao Group မှ Chairman , Mr. Zhao Yin Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ စင်ကာပူနိုင်ငံအခြေစိုက် E-Global Recovery Pte., Ltd. မှ Chairman ,Mr. Freddie Tan Soon Hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံ POSCO Daewoo Myanmar Corporation Ltd. မှ Chief Regional Officer , Mr. Yoo-Joon Won ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် CNHI International SA မှ Vice-President , Mr. Vincent De Lassagne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

Yin Qiao Group နှင့် တွေ့ဆုံရာတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် စစ်ကိုင်းအထည်ချုပ်စက်ရုံခွဲ နေရာများတွင် Industrial Park တည်ဆောက်မည့်ကိစ္စနှင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

E-Global Recovery Pte., Ltd. နှင့် တွေ့ဆုံရာတွင် စက်မှုဇုန်များတွင် Industrial Waste Treatment Plant များ ထည့်သွင်းတည်ဆောက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

POSCO Daewoo Myanmar Corporation Ltd. နှင့် တွေ့ဆုံရာတွင် သံမဏိထုတ်လုပ်ရေးလုပ်ငန်းတွင် အဆင့်မြင့်နည်းပညာများ ပံ့ပိုးပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သံမဏိထုတ်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် အရည်အသွေးထိန်းသိမ်းရေး၊ စံသတ်မှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Vocational Training Center များ တိုးချဲ့တည်ထောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

CNHI International SA နှင့် တွေ့ဆုံရာတွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်မှု၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# အိုင်တီပညာရပ်ဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်း စတင်ဖွင့်တော့မည်

**ရန်ကုန်  စက်တင်ဘာ  ၁၇**

ကမ္ဘောဇအုပ်စုကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော KBZ Gateway ကုမ္ပဏီလီမိတက်နှင့် ရန်ကုန် သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းကာ အနာဂတ်၏ အိုင်တီပညာရှင်များဖြစ်မည့် ကျောင်းသားကျောင်းသူများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းတစ်ရပ်ကို စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

KBZ Gateway ၏ Human Resource ဌာနမှ တာဝန်ရှိသူများသည် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ စက်တင်ဘာ ၁၅ ရက်က သွားရောက်ကာ လုပ်ငန်းခွင်အကြိုသင်တန်းအတွက် ကျောင်းသားကျောင်းသူများကို အင်တာဗျူးရွေးချယ်ခဲ့ခြင်းဖြစ်သည်။အဆိုပါလုပ်ငန်းခွင်အကြိုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်မတိုင်မီ KBZ Gateway မှ ကျွမ်းကျင် ဝန်ထမ်းများနှင့် ထိတွေ့စေပြီး တကယ့်လုပ်ငန်းခွင်အတွက် လိုအပ်သည်များကို ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားနိုင်ရန်ဖြစ်ကြောင်း သိရသည်။

KBZ Gateway ၏ မန်နေဂျင်းဒါရိုက်တာ ဦးနိုင်ထွန်းကျော်သည် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ၎င်းတို့၏ တောက်ပသောအနာဂတ်များအတွက် အကျိုးရှိစေမည့် KBZ Gateway ၏ လုပ်ငန်းများကို မိတ်ဆက်ပေးခဲ့သည်။

"မြန်မာနိုင်ငံရဲ့ အိုင်တီကဏ္ဍဟာ လျင်မြန်စွာ ကြီးထွားလျက်ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်မှ ကျောင်းသားလူငယ်များနဲ့ နီးကပ်စွာ ထိတွေ့ဆက်ဆံပြီး လာမယ့် အနာဂတ်အတွက် ပြင်ဆင်စရာတွေကို ကြိုတင်ပြင်ဆင်နိုင်ဖို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ ကျောင်းသားလူငယ်တွေရဲ့လက်ထဲမှာပဲ ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ KBZ Gateway ဟာ ဒီကျောင်းသားလေးတွေအတွက် သူတို့ ကျွမ်းကျင်မှုတွေကို ပိုမိုထက်မြက်လာအောင် မြှင့်တင်ပေးနိုင်မယ့် ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာတွေနဲ့ ပေါင်းကူးတံတားသဖွယ် ဆောင်ကြဉ်းပေးနိုင်တဲ့ နေရာကောင်းတစ်ရပ် ဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

KBZ Gateway သည် အဆိုပါ လုပ်ငန်းခွင်အကြို သင်တန်းများကို နိုဝင်ဘာလတွင် တစ်ကြိမ်၊ လာမည့် ဧပြီလတွင် တစ်ကြိမ် စုစုပေါင်း တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယခုလို ဖွင့်လှစ်ခြင်းဖြင့် အိုင်တီ အခြေခံအပိုင်း ဆိုင်ရာတွင်သာမက လက်ရှိနှင့် အနာဂတ် မြန်မာနိုင်ငံ၏ အိုင်တီ ကျွမ်းကျင်ပညာရှင်များအတွက် လိုအပ်သော ကျွမ်းကျင်မှုများအတွက်ပါ ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဟာ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေနဲ့ နီးကပ်စွာ အလုပ်အတူတွဲလုပ်ကြဖို့ အထူးလိုအပ်ပါတယ်။ ဒါမှလည်း အနာဂတ်ရဲ့ နည်းပညာရှင်၊ အတတ်ပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ခေါင်းဆောင်ဖြစ်လာမယ့် ကျောင်းသားလူငယ်တွေရဲ့ စွမ်းဆောင်ရည်တွေ ပိုမိုမြင့်မားလာစေဖို့ဆိုတာ ကျွန်တော်တို့ KBZ Gateway ရဲ့ အဓိကဦးစားပေးအစီအစဉ်တစ်ခုပဲဖြစ်ပါတယ်" ဟု KBZ Gateway ၏ အမှုဆောင်အရာရှိချုပ် Stephane Lamoureux က ပြောသည်။

ယခုဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုသင်တန်း အောင်မြင်စွာပြီးဆုံးသွားသည့်အခါ KBZ Gateway သည် ၂၀၁၇ ခုနှစ် ဒုတိယလေးလပတ်တွင် ဒုတိယအကြိမ်သင်တန်းကို ဆက်လက်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများကို ယခုထက် ပိုမိုခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# နှစ်သိမ့်ဆွေးနွေးအားပေးရေးစင်တာ(ရန်ကုန်) လုပ်ငန်းမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၁၇**

ဂျာမနီအခြေစိုက် Bread For the World အဖွဲ့က ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခဲ့သော နှစ်သိမ့်ဆွေးနွေးအားပေးရေးစင်တာ(ရန်ကုန်)၏ လုပ်ငန်းစတင်မိတ်ဆက်ခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ Summit Park View ဟိုတယ် Ballroom ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့် မြန်မာဝိုင်အမ်စီအေမှ ဥက္ကဋ္ဌ ဦးသာစိန်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဝိုင်အမ်စီအေ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ တိုင်းဒေသကြီးအတွင်းရှိ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဖိစီးမှုဝေဒနာများ ကြုံတွေ့ခံစားနေရသူများကို အားပေးနှစ်သိမ့်ဆွေးနွေးပေးကာ ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစများဖြင့် ဘဝရပ်တည်မှု ပြန်လည်ခိုင်မာလာစေရန်အတွက် ဝိုင်းဝန်းကူညီပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် သုံးနှစ်တာ စီမံကိန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နှစ်သိမ့်ဆွေးနွေး၊ အားပေးရေးစင်တာ(ရန်ကုန်)ကို မြန်မာဝိုင်အမ်စီအေ ရုံးအမှတ်(၂၆၃) မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်ကာ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်း အခမဲ့ဝန်ဆောင်မှုများကို နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသောဧည့်သည်များ၊ စိတ်ပညာဆိုင်ရာပါမောက္ခများနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**



# မိုးသည်းထန်မှုကြောင့် ကျွန်းလှမြို့ ရပ်ကွက်အချို့ ရေလျှံမှုဖြစ်

**ကျွန်းလှ  စက်တင်ဘာ  ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ စက်တင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့ လမ်းပေါ်နှင့် နေအိမ်ဝင်းအတွင်း ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

"မိုးရွာရင် မြို့တွင်းလမ်းတွေဟာ ရေမြောင်းကျဉ်းပြီး တိမ်ကောပိတ်ဆို့နေတာကြောင့် ရေစီးရေလာမကောင်းဘဲ လမ်းပေါ်နဲ့ နေအိမ်အချို့ ရေလျှံတက်ပြီး ဒေသခံပြည်သူတွေ သွားလာရေးခက်ခဲပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

❐ *ရှေ့ဖုံးမှ*

Myanmar Agro Exchange Public Ltd (MAEX) ၏ ဥပဒေပြဋ္ဌာန်း အစည်းအဝေးတွင် ပြောကြားသည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဒီဈေးကြီးဆောက်လုပ်ဖို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ လေလံခေါ်ယူခဲ့ပါတယ်။ ကျွန်တော်တို့ ဒဂုံအင်တာနေရှင်နယ်အနေနဲ့ ကုမ္ပဏီငါးခုနဲ့အပြိုင် ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒီဈေးကြီးဆောက်လုပ်ဖို့ တင်ဒါအောင်မြင်ခဲ့ပါတယ်။ တင်ဒါမှာ အများပိုင်ဆောင်ရွက်ရမယ်ဆိုတဲ့အချက် ပါဝင်တဲ့အတွက် ဒဂုံအင်တာနေရှင်နယ်က MAEX ကို အများပိုင်အဖြစ် ဆောင်ရွက်ခဲ့ရပြီး ၂၀၁၅ ခုနှစ် ဧပြီ ၁၅ ရက်မှာ စတင်ဆောက်လုပ်ပါတယ်။ Phase I (ပထမအဆင့်)ကို ဆိုင်ခန်းပေါင်း ၄၈၀၀ နဲ့အတူ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု MAEX စီမံကိန်းဒါရိုက်တာ ဦးသူရိန်အောင်က ရှင်းပြသည်။ အဆိုပါ လက်ကားဈေးကြီး စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ ၈၂ ဧကရှိကြောင်း၊ ဈေးကြီးကို အဆင့်လေးဆင့်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အဆင့် လေးဆင့်စလုံး ပြီးစီးအောင်တည်ဆောက်ပြီးပါက ကုန်ကျငွေကျပ် ၉၉ ဘီလီယံအထိရှိမည်ဖြစ်ကြောင်း၊ အဆိုပါ ဈေးကြီးဆောက်လုပ်ပြီးစီးပါက ဟင်းသီးဟင်းရွက်အပြင် သားငါးများကိုပါ လက်ကားရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တောင်သူ တိုက်ရိုက်ရောင်းချနိုင်မည့်ဈေးများ၊ ကုန်တင်ယာဉ်ချင်း တိုက်ရိုက်ချိတ်ဆက် ရောင်းချနိုင်မည့် စနစ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



**တည်ငင်းကုန်း ဟင်းသီး ဟင်းရွက် လက်ကား ဈေးကြီး တည်ဆောက် ပြီးစီးမှုကို တွေ့ရစဉ်**

ခတ်ပုံ ထင်ပေါ်ဝင်း



မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအားတွေ့ဆုံမှာကြားစဉ် (သတင်းစဉ်)

*※ ကျောဖုံးမှ*

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၃၃ ကေဗွီဓာတ်အားဖြန့်ဖြူးရေးလိုင်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်အားပို့လွှတ်မှုအခြေအနေ၊ သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ သီလဝါစီမံကိန်းအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း (၄၀ ကီလိုမီတာ) သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေအပါအဝင် သီလဝါအထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ ဆောက်လုပ်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းနိုင်က သီလဝါဒေသဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဆင့်-၂ (သန်လျင်-သီလဝါလမ်းတိုးချဲ့ရေးစီမံကိန်း)နှင့် ပတ်သက်၍ လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက သီလဝါကမ်းနားဒေသ ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သီလဝါအထူးစီးပွားရေးဇုန် ဇုန်-B တည်ဆောက်ရာတွင် မြေယာကိစ္စ အဆင်ပြေချောမွေ့စေရေး၊ လျှပ်စစ်ဓာတ်အား၊ ရေရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဆက်သွယ်ရေးလမ်းကြောင်း ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အလုပ်သမားသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးတွင် ဖွင့်လှစ်ထားရှိသည့် One Stop Service စင်တာရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဂျပန် FOSTER စက်ရုံအတွင်း စပီကာများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် သီလဝါဆိပ်ကမ်း တိုးချဲ့တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည် ဖော်ရေးအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က ဂျပန်-မြန်မာနှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဇုန်-A ကို ဖွင့်လှစ်နိုင်ခဲ့သည်။ အထူးစီးပွားရေးဇုန်အတွင်း အမှန်တကယ် လုပ်ဆောင်နိုင်သည့် ကုမ္ပဏီများကိုသာ မြေရောင်းချခဲ့ရာ သုံးနှစ်အတွင်း ကုမ္ပဏီ ၇၉ ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိတွင် စက်ရုံ ၁၅ ရုံ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်-B Phase(1) ကို ယခုနှစ် နိုဝင်ဘာတွင် စတင်ရန် စီစဉ်ထားကြောင်းသိရသည်။ ဇုန်-A နှင့် ဇုန်-B နှစ်ခုပေါင်း ဧရိယာတွင် စက်ရုံပေါင်း ၁၅၀ အထိ ဆောက်လုပ်နိုင်မည်ဖြစ်ပြီး အလုပ်သမားလေးသောင်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် TOR များ ရေးဆွဲရေး စတင်ပြင်ဆင်

# အမျိုးသားအဆင့် ဆွေးနွေးပွဲများ နိုဝင်ဘာလဆန်းတွင် စတင်နိုင်မည်ဖြစ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ထင်ပေါ်ဝင်း**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် စက်တင်ဘာ ၁၇**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် မူဘောင်ရေးဆွဲမှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပရာ **(ယာပုံ)** အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် Terms of Reference (TOR) များ စတင်ရေးဆွဲနိုင်ရေးနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို နိုဝင်ဘာလဆန်းတွင် စတင်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ ကျွန်တော်တို့ရဲ့နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ဖြစ်တယ်။ ဒီပြန်လည်သုံးသပ်မှုကို မနေ့ကနဲ့ ဒီမနက်ပိုင်း ကျွန်တော်တို့ အဆုံးသတ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့မူဘောင်ပြန်လည်သုံးသပ်တဲ့နေရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီရဲ့နောက်ဆုံးအစည်းအဝေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအပြီးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ စတင်ဖို့အတွက် ကျင်းပသွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံဆွေးနွေးရမယ့် အဆင့်ဖြစ်တယ်။ ဒီလိုဆွေးနွေးနိုင်ဖို့အတည်ပြုထားတဲ့ Framework ကို ပြန် Review လုပ်ပြီး လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့အပေါ်မှာ ပြန်ပြင်ဆင်သုံးသပ်မှုပြန်လုပ်မှာပါ။ ဒီနှစ်ရက်အတောအတွင်းမှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးရမယ့်အကြောင်းအရာနဲ့ ဒီအကြောင်းအရာတွေကို ဘယ်အဆင့်မှာ ဆွေးနွေးမယ်ဆိုတဲ့ ကိစ္စကို ဆုံးဖြတ်ခဲ့တယ်။ နောက်တစ်ခုက နိုင်ငံရေးဆွေးနွေးမှုကို ဆွေးနွေးရမယ့် အကြောင်းအရာ၊ ဆွေးနွေးရမယ့် အနေအထားပေါ်မှာ အောင်အောင်မြင်မြင် စနစ်တကျဖြစ်ဖို့ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲဖို့ကော်မတီအဖွဲ့တစ်ဖွဲ့ကို မနေ့က ဖွဲ့ပေးနိုင်ခဲ့တယ်။ ဒီအဖွဲ့မှာ အစုအဖွဲ့သုံးခုဖြစ်တဲ့ နိုင်ငံရေးပါတီအစုအဖွဲ့က သုံးဦး၊ အစိုးရဘက် အစုအဖွဲ့က သုံးဦးနဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့က သုံးဦးနဲ့ ဒီအစည်းအဝေးအပြီးမှာ အခုကျင်းပမယ့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို သူတို့က လုပ်ငန်းလမ်းညွှန်ဆွေးနွေးရမယ့် အကြောင်းအရာ ဘယ်နှကြိမ်ဆွေးနွေးရမယ်ဆိုတဲ့ကိစ္စ၊ ဘယ်လိုပုံစံနဲ့ ဆွေးနွေးမယ်ဆိုတဲ့ကိစ္စကိုရေးဆွဲဖို့အတွက် ဒီကနေ့အစည်းအဝေးပွဲအပြီးမှာ သူတို့စတင်ရေးဆွဲမှာဖြစ်ပါတယ်။ ဒါဟာ နှစ်ရက်တာ အတောအတွင်းမှာ ဆွေးနွေးခဲ့တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးရဲ့အကျဉ်းချုပ်ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို စတင်နိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမယ့် အကြောင်းအရာနဲ့ အမျိုးသားအဆင့်မှာ ကျင်းပဆောင်ရွက်ရမယ့် နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ပုံစံကို ဆွေးနွေးတာဖြစ်ပါတယ်"ဟု တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ KNU မှ ပဒိုစောကွယ်ထူးဝင်းက ပြောသည်။



ယနေ့ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် မူဘောင်ရေးဆွဲမှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် အဆုံးသတ်ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲရေး အလုပ်အဖွဲ့ အစည်းအဝေး စတင်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဦးဆောင်မည့်သူများ၊ ပါဝင်မည့်အဖွဲ့အစည်းများ၊ ကျင်းပပုံကျင်းပနည်းများနှင့် ဆွေးနွေးမည့်အကြောင်းအရာများ စသည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့က "အရင်အစိုးရမှုနဲ့ အခုအစိုးရမှုက မတူဘူး။ အရင်အစိုးရမှုမှာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရှိမယ်။ ငြိမ်းချမ်းရေးညီလာခံ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လုပ်ငန်းကော်မတီတွေရှိမယ်။ ပြီးရင် အဲဒီလုပ်ငန်းကော်မတီက ကြီးကြပ်ညွှန်ကြားမယ်ဆိုတဲ့ ပုံစံလောက်ပဲရှိတယ်။ အခုကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဘယ်လိုကျင်းပမလဲ။ ကျင်းပတဲ့အချိန်မှာ ဘယ်သူတွေပါဝင်ခွင့်ရှိမလဲ။ ဘယ်လိုမျိုး ခရိုက်တီးယားတွေ ရှိရမလဲ ဆိုတာကအစ အားလုံးစဉ်းစားထားရပါမယ်။ မဟုတ်ဘူးဆိုရင် ပြဿနာကအများကြီးဖြစ်လာနိုင်တယ်။ ပြည်နယ်တစ်ခု ဒေသတစ်ခုမှာ လူလေးငါးဆယ်ဦးနဲ့ ကျင်းပပြီးတော့ ဒါဟာသူတို့လူမျိုးကို ကိုယ်စားပြုတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။

ဘယ်လို အကြောင်းအချက်နဲ့ ပြည့်စုံမှသာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလို့ ပြောမလဲ။ ကျင်းပတဲ့ အချိန်မှာလည်း ဘယ်သူတွေပါဝင်ကြမလဲ ဆိုတာလည်း ပါပါလိမ့်မယ်။ ဒီထက်ပိုပြီး အရေးကြီးတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ဘယ်လိုစီမံကွပ်ကဲမလဲ။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကိုတော့ ဘယ်လိုလုပ်ပါဆိုတာကို လုပ်ဖို့အတွက် နှစ်ရက်တာ အစည်းအဝေးအတွင်းမှာ မူဝါဒတွေ၊ Guideline တွေကို ပြောလိုက်တယ်။ ပြောလိုက်တဲ့အပေါ်မှာ ဖွဲ့စည်းထားပေးတဲ့ ကိုးဦးပါကော်မတီအလုပ်အဖွဲ့ကနေပြီးတော့ TOR တွေဆွဲမယ်။ ဘယ်လိုကျင်းပမယ်။ ယန္တရားတွေ ဘယ်လိုလည်ပတ်မလဲ ဆိုတာ ကိုးဦးကော်မတီကို တာဝန်ပေးထားတယ်ဆိုတဲ့သဘောပါ"ဟု နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးစိုင်းကျော်ညွန့်က ပြောသည်။

ပဋ္ဌမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ခြင်း အစည်းအဝေး ဒုတိယနေ့တွင် အစိုးရကိုယ်စားလှယ်ဘက်မှ ၁၅ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ၁၆ ဦးနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ၁၅ ဦး တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် TOR ရေးဆွဲရေး အလုပ်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းအစည်းအဝေးတွင် NCA က ပြဋ္ဌာန်းထားသော လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်၊ ဒေသအလိုက် ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် စီစဉ်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ၏ ၂၀၁၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခရေပင်ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှက ကံ့ကော်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စိုက်ပျိုးပင်များအား သတ်မှတ် နေရာအသီးသီး၌ စိုက်ပျိုးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများ၌လည်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပကြရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၃၉၀၄၅ ပင်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်မိသားစုများစိုက်ပျိုးသည့် သစ်ပင်များအား လှည့်လည်ကြည့်ရှုစဉ်

# ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော စေတီများအား ပြုပြင်မွမ်းမံရန် တပ်မတော်မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်း

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာရှိ ငလျင်ဒဏ်သင့်စေတီပုထိုးများ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်ပံ့ပိုးမှု၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီက သုံးပန်လှကျေးရွာ သမ္ဗုလဘုရားအနီးရှိ အောင်ပန်းတိုင်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းပွဲကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သုံးပန်လှကျေးရွာ ရပ်သာကျောင်း ပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူဘဒ္ဒန္တ ဣန္ဒာဝုဓထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံနှင့် ညှော့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံက အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သုံးပန်လှဒေသရှိ စေတီတော်များ ပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ ကို တိုင်းမှူးက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကျေးရွာဂေါပကအဖွဲ့ ဥက္ကဋ္ဌများထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရပ်သာကျောင်း ပဓာန နာယကဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမော ဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြသည်။

ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ၌ ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိ ငလျင်ကြောင့် ဘုရားစေတီ ခြောက်ဆူ ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန် ခန့်မှန်းကုန်ကျမည့်ငွေမှာ ငွေကျပ် ၄၁ သိန်း ငါးသောင်းခန့်ဖြစ်သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှေးမူမပျက် အကောင်းဆုံး ဘက်စုံပြန်လည်ပြုပြင်နိုင်ရန်အတွက် ကုန်ကျမည့်ငွေထက် ငွေကျပ် ၅၈ သိန်း ငါးသောင်းထပ်ဆောင်းကာ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ပခုက္ကူ**

ပခုက္ကူမြို့တွင် ဩဂုတ်လအတွင်းက လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော သီဟိုဠ်ရှင်၊ ရွှေကူ၊ ရွှေမုဋ္ဌော၊ ကုဿိနာရုံဘုရားကြီးများသို့ အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက သီဟိုဠ်ရှင်ဘုရားကြီး မြောက်ဘက် စောင်းတန်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းမှူးက အလှူငွေများကို ပေးအပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံယူခဲ့သည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီပုထိုးလေးဆူအား ဘက်စုံပြန်လည် ပြုပြင်မွမ်းမံရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ပြီး သီဟိုဠ်ရှင်ဘုရားကြီးသို့ အလှူငွေကျပ် သိန်း ၁၅၀၊ ရွှေကူကြီးဘုရားသို့ အလှူငွေ ကျပ်သိန်း ၁၅၀ ၊ ကုဿိနာရုံဘုရားသို့ အလှူငွေကျပ် သိန်း ၁၆၀၊ ရွှေမုဋ္ဌောဘုရားသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့သည်။

တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ရှေးဟောင်းစေတီပုထိုးများ ဖြစ်သည့်အတွက် ပြုပြင်မွမ်းမံသည့်နေရာတွင် ရှေးဟောင်းသုတေသန ဦးစီးဌာန၏ အကူအညီရယူပြီး စနစ်တကျပြုပြင်မွမ်းမံသွားရန်နှင့် ပြုပြင်တည်ဆောက်မှု မှတ်တမ်းများကိုလည်း စနစ်တကျ မှတ်တမ်းတင်ပြုစုထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရန်ကုန်**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက်အလယ် ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ(ဝါးခယ်မ)၏မိခင် ဒေါ်ပုတို့က ငွေကျပ် သိန်း ၁၀၀နှင့် ဒါယိကာ ဒါယိကာမများက ငွေကျပ် ၃၅ သိန်းတို့ကို လှူဒါန်းရာ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းဌေးက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မိတ္ထီလာမြို့နယ် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့က ကျောင်းသား ကျောင်းသူများအား ဆေးကုသပေးစဉ်

**နေပြည်တော် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရေဝေကျေးရွာ၊ ပေပင်ကုန်းကျေးရွာ၊ သီးပင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ ကလေးရောဂါနှင့် အခြားရောဂါဝေဒနာရှင် ၁၉၁၉ ဦးအား လိုအပ်သည့် စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် မျက်စိခွဲစိတ်လူနာတစ်ဦးနှင့် သွားရောဂါလူနာ ၄၂ ဦးတို့အား ရွေ့လျားခွဲစိတ်ကုသယာဉ်များဖြင့် ခွဲစိတ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်သူ ၃၀၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်သူ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်သူ ၆၂ ဦးတို့အား ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ဓာတ်ခွဲယာဉ်တို့ဖြင့် ရောဂါရှာဖွေခြင်းများ ပြုလုပ်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာတစ်ဦးကိုလည်း မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးသည်။

ထို့အပြင် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ၊ ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းများနှင့် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများမှ သောက်သုံးရေကန်များအား ရေသန့်ဆေးများ ခတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**(မိုး/ဇလ)**

# အမှောင်ကိုခွင်း၍ အလင်းဆောင်နိုင်ခဲ့သည့် မိတ္ထီလာမှ အလည်ရွာ

ညီမျိုးကျော်၊ အောင်ရဲသွင်
ဓာတ်ပုံ-ကျော်ရဲဆွေ

**နေပြည်တော် စက်တင်ဘာ ၁၇**

စက်တင်ဘာလ နံနက်ခင်းနေ၏ အပူရှိန်က မပြင်းလှပေ။ နံနက်ခင်းနေခြည်နုနုအောက်တွင် အလည်ရွာ ကျေးရွာသူကျေးရွာသားများ အပြုံးကိုယ်စီဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအခမ်းအနားသို့ ရောက်ရှိနေကြသည်။ ကျေးရွာလျှပ်စစ်မီးလင်းတော့မည်ဖြစ်သည့်အတွက် ပျော်မဆုံးနိုင်သည့် ကျေးရွာသူ ကျေးရွာသားများ၏ ဂုဏ်ပြုတေးသီချင်းသီဆိုသံများကလည်း အမြန်လမ်း မိုင်တိုင် ၂၈၁ ဝန်းကျင်တွင် ပျံ့လွင့်နေသည်။ နှစ်ပေါင်းများစွာ လျှပ်စစ်ငတ်မွတ်ခဲ့သည့် အလည်ရွာသားများအဖို့ ယနေ့သည် ရွှေရောင်နေ့ရက်တို့ ဖြစ်ခဲ့လေပြီ။

ယနေ့အခမ်းအနားသို့ အတိုင်းမသိဝမ်းသာခြင်းများစွာတို့ဖြင့် ရောက်ရှိလာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တာဝန်ရှိသူများ၏ ရင်တွင်းပီတိစကားများကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဦးကျော်ရဲအောင်**
**(မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာ)**

ကျေးရွာမီးလင်းဖို့ကို အလှူရှင်တွေနဲ့ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ ပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ကော်ပိုရေးရှင်းကနေ ခွင့်ပြုချက်ရပြီး ဒီနေ့ စတင်မီးလင်းတာ ဖြစ်ပါတယ်။ ကျေးရွာအိမ်ထောင်စု ၂၂၇ စု မှာ လက်ရှိမီတာ ၁၃၀ တပ်ဆင်ပေးပြီး ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးနဲ့ ပြည့်ပြည့်ဝဝ မီးစတင်သုံးစွဲနိုင်တော့မှာပါ။ ကုန်ကျစရိတ်အနေနဲ့ သိန်းပေါင်း ၁၂၀၀ ရှိပြီး ကျေးရွာမီးသုံးစွဲနိုင်တော့မယ့်အပေါ်မှာ ကျွန်တော်တို့ဌာန



ဦးကျော်ရဲအောင်

အနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ နောက်လည်း ဒီအနီးအနားကရွာတွေ မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးအောင်စိုးနိုင် (အလည်ရွာကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ)**

ဒီကျေးရွာမီးလင်းရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇွန်လပိုင်းကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာရဲ့ထည့်ဝင်ငွေနဲ့ စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို မီးလင်းသွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ အရင်တုန်းက မှောင်ကြီး မည်းကြီးထဲမှာ နေခဲ့ရတော့ လုပ်ချင်ကိုင်ချင်တာတွေ လုပ်ကိုင်ခွင့်မရဘူး။ လျှပ်စစ်မီးရပြီဆိုတော့ ၂၄ နာရီပတ်လုံး လုပ်ငန်းတွေ ဆောင်ရွက်လို့ရပါပြီ။ ကျွန်တော်တို့ရွာက အိမ်ခြေ ၂၂၀ ကျော် ရှိပါတယ်။ အခုမီးစတင်ပေးတဲ့အချိန်ကစပြီး အိမ်ခြေ ၁၅၀ လောက် မီးသွယ်နိုင်ပါတယ်။ ကျန်တဲ့သူတွေက လက်လုပ်လက်စားတွေဆိုတော့ လောလောဆယ်တော့ မီးမသွယ်နိုင်သေးဘူး။ မကြာခင်မှာ သူတို့ကို မီးသွယ်နိုင်အောင် လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မီးစတင်ယူမယ်



ဦးအောင်စိုးနိုင်

ဆိုရင် ငွေကျပ် သုံးသိန်းတော့ ထည့်ဝင်ရပါတယ်။ သီးခြားကုန်ကျစရိတ်တော့ မရှိပါဘူး။ အစိုးရဘက်ကလည်း တတ်နိုင်သလောက် ကူညီပေးခဲ့တာတွေ ရှိပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ထရန်စဖော်မာနှစ်လုံး လှူပါတယ်။ တခြားအလှူရှင်တွေကလည်း ထည့်ဝင်ငွေနဲ့ အခြေခံပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**ဦးနီပွန်**
**(အလည်ရွာကျေးရွာသား)**

အရင်က မှောင်မှောင်မည်းမည်းနေခဲ့ရပြီး အခုလို မီးလင်းတဲ့အခါကျတော့ ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ ဝမ်းသာနေကြတယ်။ ရွာမှာလည်း အခုဆိုရင် ချက်ရေးပြုတ်ရေး သွားရေးလာရေးတွေ အရင်ထက် အဆင်ပြေသွားပြီ။ စိုက်ရေးပျိုးရေးမှာလည်း အင်မတန်ကောင်းမွန်လာတော့မှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်းစာကြည့်ချိန်တွေ မြင့်မားလာတော့မှာ ဖြစ်ပါတယ်။ မီးရတဲ့အတွက် ထင်း၊ မီးသွေးသုံးစွဲမှုလည်း နည်းသွားပြီးတော့ သစ်ပင်တွေလည်း ခုတ်လှဲတော့မှာ မဟုတ်ပါဘူး။ မြေဆီလွှာတွေလည်း



ဦးနီပွန်

နောင်ဆိုကောင်းမွန်လာမှာပါ။ နောက်ပြီး ကျေးရွာပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးတွေဟာ တိုးတက်လာတော့မှာပါလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

**ဦးကျော်မင်းလှိုင်(အုပ်ချုပ်ရေးမှူး)**
**အလည်ရွာကျေးရွာအုပ်စု**

ကျွန်တော်တို့ အလယ်ရွာကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၂၃ ရွာ ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် အင်တိုက်အားတိုက်နဲ့ အောင်အောင်မြင်မြင် ကျင်းပနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုဆိုရင် အလယ်ရွာကျေးရွာ ဓာတ်အားလိုင်းကနေ ဓာတ်အားလိုင်းတစ်လျှောက် ကျန်တဲ့ကျေးရွာတွေပါ မီးလင်းအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စတင်ဆောင်ရွက်တာပါ။

မီးမရခင်က ကျေးရွာတွေမှာ ချက်ပြုတ်စားသောက်ဖို့အတွက် ထင်း၊ မီးသွေး အခက်အခဲရှိပါတယ်။ လျှပ်စစ်မီးရတဲ့အတွက် ဆေးရုံဆေးခန်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့ အပါအဝင် ကျေးရွာအတွင်းမှာဆိုရင်လည်း အရင်တုန်းကလို လမိုက်ညဆိုတာ



ဦးကျော်မင်းလှိုင်

မရှိတော့ပါဘူး။

ကျွန်တော်တို့ အနီးအနားက ကျေးရွာတွေကိုလည်း ကျွန်တော်တို့ ကျေးရွာလို မီးရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ မီးမရသေးတဲ့ အိမ်တွေကို မီးလင်းရေးကော်မတီက အတတ်နိုင်ဆုံး တစ်ရပ်တစ်ရွာလုံး မီးလင်းနိုင်အောင် ဆောင်ရွက်နေပါတယ်။ အကုန်လုံး မီးလင်းနိုင်အောင် ကြိုးစားသွားမှာပါ။

အစိုးရအနေနဲ့ နည်းပညာပိုင်းတွေ၊ အတတ်ပညာပိုင်းတွေ ထောက်ပံ့သလို ရပ်ဆွေရပ်မျိုး အကြီးအကဲတွေဆီက အထောက်အပံ့တွေ အများကြီးရခဲ့ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်**
**(တိုင်းဒေသကြီးဝန်ကြီးချုပ်)**

ကျွန်တော်တို့က ကြားဖြတ်ရွေးကောက်ပွဲကနေ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာတာ။ ကျွန်တော်တို့မှာ လွှတ်တော်ရန်ပုံငွေနဲ့ လုပ်လို့ရတာတွေ ရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်ရန်ပုံငွေနဲ့သုံးရင် ငွေကျပ် သိန်းငါးဆယ်ထက် ပိုသုံးလို့မရဘူး။ အဲ့ဒီတော့ လမ်း၊ တံတား၊ ပညာရေးစတာတွေကို မသုံးဘဲနဲ့



ဒေါက်တာဇော်မြင့်မောင်

ကျေးရွာမီးလင်းရေးအတွက် မတည်ပေးခဲ့တာပါ။

မြန်မာနိုင်ငံမှာ လျှပ်စစ်မီးလင်းရေးအနှစ် ၃၀ စီမံကိန်းရှိပါတယ်။ မဟာဓာတ်အားလိုင်းကို အစိုးရပိုင်းက တည်ဆောက်ပါတယ်။ ကျေးရွာတစ်ရွာ မီးလင်းချင်တယ်ဆိုရင် ပထမဆုံး လျှောက်လွှာတင်ရတယ်။ ကျေးရွာမီးလင်းရေးကော်မတီဖွဲ့ရတယ်။ ကျေးရွာလျှပ်စစ်မီးလင်းရေးကနေ ကျေးရွာတွေ မီးလင်းဖို့ မီတာတပ်တဲ့အခါ ဘယ်လောက်ကုန်ကျမယ်ဆိုတာ သူတို့ဟာသူတို့ တွက်ပြီးတော့ လုပ်တယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ထရန်စဖော်မာနှစ်လုံး လှူတယ်။ လှူတဲ့အခါကျတော့ အကုန်လုံး အဆင်သင့်ဖြစ်ပြီ။ ကြိုးက ၁၆ တန် လောက်အထိ အကူအညီပေးပါတယ်။

ကျေးရွာတွေ မီးလင်းဖို့ ၁၁ ကေဗွီလိုင်းနဲ့ နီးတဲ့နေရာ နှစ်မိုင်အတွင်းမှာရှိရင် ကျွန်တော်တို့ လုပ်ပေးနိုင်ပါတယ်။ ကျေးရွာမီးလင်းရေးအတွက် ကျွန်တော်တို့ဌာနတွေကနေ လုပ်ပေးနေပါတယ်။ နှစ်မိုင်ထက် ဝေးသွားရင်တော့ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရပါတယ်။



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က အမှတ်(၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ပုဂံညောင်ဦးဒေသတွင် လုံခြုံရေးတာဝန် ဆောင်ရွက်လျက်ရှိသည့် ရဲမှူးဇော်ဇော်နေဟိန်း ဦးစီးသောတပ်ဖွဲ့ဝင် မိသားစု ၁၂၀ တို့က ပုဂံမြို့ဟောင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားအမှတ် ၁၆၇၈ “ဦးဆောက်ပန်းဘုရား” အုတ်အပိုင်းအစများ ရှင်းလင်းဆောင်ရွက်ကြစဉ် (မြန်မာ့အလင်း)

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် အောင်ပန်းမြို့တိုက်နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၁၆ ရက်က ရထားရဲတပ်ဖွဲ့ အမှတ်(၇)တပ်ခွဲ (အောင်ပန်း)မှ တပ်ခွဲမှူး ရဲအုပ်လှထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ တိုက်နယ်ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဆုမွန်ကြည်နှင့် ဆေးရုံဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ် ကိုမျိုး(ရွှေပေါက်ကံ)



❊ *ကျောဖုံးမှ*

နိုင်ငံတော်အနေဖြင့် ပြည်သူအားလုံးလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ရေတို ရေရှည် စီမံချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဓာတ်အားရရှိပြီးသော နေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး၊ ဓာတ်အားမရရှိသေးသော မြို့နယ်၊ ကျေးရွာများတွင် ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာစက်မှုဖွံ့ဖြိုးရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်က လျှပ်စစ်ဓာတ်အားရရှိမှုကို အသုံးချ၍ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည့်လုပ်ငန်းများ လုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ရဲအောင်က လျှပ်စစ်အန္တရာယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးနီပွန်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၇၉ ရွာရှိသည့်အနက် အသေးစားရေအားလျှပ်စစ်ဖြင့် လေးရွာ၊ နိုင်ငံတော်ဓာတ်အားစနစ်မှ ၆၃ ရွာ၊ ဆိုလာစနစ်ဖြင့် ၁၁၁ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၉၆ ရွာ၊ အခြားနည်းဖြင့် တစ်ရွာ စုစုပေါင်း ၂၇၅ ရွာ ဓာတ်အားရရှိသုံးစွဲလျက်ရှိပြီး ဓာတ်အားရရှိရန် ၁၀၄ ရွာ ကျန်ရှိနေသေးသည်။ အလည်ရွာကျေးရွာတွင် လက်ရှိလျှပ်စစ်မီးသုံးစွဲနိုင်ရန်အတွက် အိမ်သုံးမီတာ ၁၂၉ လုံး၊ လုပ်ငန်းသုံးပါဝါမီတာတစ်လုံး စုစုပေါင်း မီတာအလုံး ၁၃၀ တပ်ဆင်ပြီး လျှပ်စစ်မီးစတင်သုံးစွဲနေပြီဖြစ်သည်။

အလည်ရွာကျေးရွာတွင် လျှပ်စစ်ဓာတ်အား မီးလင်းရေးအတွက် ၆ ဒသမ ၅ မိုင် ၁၁ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းတို့အတွက် ကုန်ကျငွေကျပ် သိန်း ၁၂၀၀ ခန့်ကို နိုင်ငံတော်၊ ကျေးရွာဒေသခံပြည်သူများနှင့် အလှူရှင်များက စုပေါင်းအကုန်အကျခံဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းကျေးရွာတွင် အိမ်ထောင်စု ၂၂၇ စု၊ လူဦးရေ ၁၁၃၄ ဦး နေထိုင်လျက်ရှိပြီး ယခုအခါအိမ်ခြေ ၁၅၀ ခန့် လျှပ်စစ်မီးသွယ်တန်းပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြိုင်ကြီးငူ အထူးဒေသ ယာယီစစ်ဘေးရှောင်ပြည်သူများအား နှစ်သိမ့်အားပေး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲသဝေါဒေသတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများသည် မြိုင်ကြီးငူ အထူးဒေသသို့ ယာယီစစ်ဘေးရှောင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက သွားရောက် နှစ်သိမ့်အားပေးပြီး ထောက်ပံ့ ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ယာယီစစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနေသော မြိုင်ကြီးငူတိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာ သန်းထိုက်အောင်က ကုသရေးပိုင်းနှင့် ကာကွယ်ပိုင်းဟူ၍ နှစ်မျိုးခွဲထားကြောင်း၊ မြို့နယ်နှင့် ပြည်နယ်မှလည်း ကျန်းမာရေးဝန်ထမ်းအင်အားဖြည့်ပေးထားကြောင်း၊ ကုသရေးအပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာကျောက်စာကွင်းတို့တွင် ဆေးခန်းနှစ်ခန်းဖွင့်လှစ်၍ ကုသပေးကြောင်း၊ ကာကွယ်ရေးပိုင်းတွင် ပြည်သူ့ကျန်းမာရေးမှကလေးများအား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ရေသန့်ရှင်းရေးတို့ကိုလည်း အစုအဖွဲ့များဖွဲ့၍ လုပ်ဆောင်နေကြောင်း ပြောသည်။

ယာယီစစ်ဘေးရှောင် ကလေးငယ်များ၏ ပညာသင်ကြားရေး အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးနေသော လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးထွန်းက ကလေးများ စာသင်နိုင်ရေးအတွက် ပထမဦးဆုံး ဆရာ ဆရာမများက ကလေးစာရင်းကို ကောက်ယူကြကြောင်း၊ မြပန်းဝတ်မှုံ၊ အေးလင်းသာယာကွင်းနှင့် ချယ်ရီမြိုင်ရပ်ကွက်တို့တွင် စုရပ် သုံးနေရာထား၍ စာသင်ကြားပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများကိုလည်း စာသင်ဌာနများအလိုက် နေရာခွဲပေးထားကြောင်း၊ ဆရာ ဆရာမ ၂၀ က မူလတန်းကျောင်းသား ကျောင်းသူ ၂၄၁ ဦးနှင့် အလယ်တန်း ကိုးဦးတို့အား စာသင်ကြားပေးလျက်ရှိကြောင်း ပြောသည်။

မြိုင်ကြီးငူအထူးဒေသတွင် မဲသဝေါဒေသမှ ဒေသခံပြည်သူ အိမ်ထောင်စု ၆၇၅ စု လူဦးရေ ၃၈၇၄ ဦး ယာယီ စစ်ဘေးရှောင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက နှစ်သိမ့်အားပေးစကားများ ပြောကြား၍ ပဲနီလေး ၆၇၅ ပိဿာ၊ ဟင်းချိုမှုန့် တစ်ပေါင်ထုပ် ၆၇၅ ထုပ်၊ ငရုပ်သီးမှုန့် ၁၃၅ ပိဿာ၊ ကြွေရည်သုတ်ပန်းကန်နှင့် ခွက် ဂျပ်ပုံး ၅၀၊ ပဲနို့ ၁၁၆၂၈ ဘူး၊ အာလူးကြော် ၁၁၆၂၂ ထုပ်၊ ရုပ်အင်္ကျီ၊




အနွေးထည်၊ ဦးထုပ်၊ စောင် အစရှိသည့် အဝတ်အထည်များ၊ စာအုပ်စာစောင်များ၊ စစ်ဘေးရှောင် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် သင်ထောက်ကူပစ္စည်းများ၊ ကလေးကစားစရာအရုပ်များ၊ အားကစားပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

---

# ကန့်ဘလူမြို့နယ်၌ ဒုတိယအကြိမ် မြောက်ချောင်းရေလျှံမှုကြောင့် ကားလမ်းမပေါ်ရေကျော်

**ကန့်ဘလူ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင်စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခန့်မှ မွန်းတည့် ၁၂ နာရီထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လိတ္ထူကျေး ရွာမြောက်ဘက်ကပ်လျက်ရှိ ဒေသအခေါ် မြောက်ချောင်းရေလျှံမှုကြောင့် ဒုတိယအကြိမ်(ပထမအကြိမ် စက်တင်ဘာ ၁၁ ရက်ကဖြစ်ပွား) ကားလမ်း (ကန့်ဘလူ-ကျွန်းလှ-ကောလင်း နတလလမ်း)ပေါ် ရေကျော်ခဲ့ရာ မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတက်ခါးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ယာဉ်များဖြတ်သန်းနိုင်ရေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့ပေါ်အမှတ် (၂)ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးတွင် ရေဝင်ရောက်လျက်ရှိပြီး အမှတ်(၁)ရပ်ကွက် ဘက်စုံကွက်သစ်မြေနိမ့်ပိုင်းများတွင်လည်း ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



---

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ "ခေတ်ဟောင်းတေး/ကာလပေါ်တေး"

**၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ဖူးရွှေလက်တင် | (အေဝမ်းတင်တင်လှ) |
| (ခ) | မင်္ဂလာသတင်း | (ညွန့်ညွန့်စိန်) |
| (ဂ) | ဘုတ်တလုတ်ကန် | (ထား) |
| (ဃ) | နွေမိုးဆောင်း | (တင်တင်မြ) |

**၇။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)**

| | | |
|---|---|---|
| (က) | အောင်ပါစေမေတ္တာပို့ | (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်) |
| (ခ) | ဇာတိမာန် | (ဉာဏဘသောင်) |
| (ဂ) | ဖူးပွင့်ဝေစည်ဆယ့်နှစ်ရာသီ | (ကိုသန်းလှိုင်) |
| (ဃ) | ဆုတောင်းပါလေ အိမ်သူဆွေ | (ကိုမင်းနောင်) |

**၈။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | လမြတ်တန်ဆောင် | (ထား) |
| (ခ) | တစ်ကျော့နှစ်ကျော့တေးကိုသီ | (တင်တင်မြ) |
| (ဂ) | ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ် | (ခင်သစ်လွင်) |
| (ဃ) | သူရကန်အရောင်မှိတ်သော်လည်း | (မေလှမြိုင်) |

**၉။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)**

| | | |
|---|---|---|
| (က) | ကောင်းသောပညာ | (ကိုဝင်းတင့်-မြန်မာ့အသံ) |
| (ခ) | အမေ့အကြောင်းသတင်းကောင်း | (တွံတေးသိန်းတန်) |
| (ဂ) | အမေ့ပါးကသနပ်ခါး | (တွံတေးသိန်းတန်) |
| (ဃ) | ဖြူနီညိုပြာ | (ကိုတင်အောင်သန်း) |

**၁၀။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | အဝေယျာဟောန္တု | (သန်းသန်းဆင့်) |
| (ခ) | မြန်မာ့အားအင် | (လီလီကြာညွန့်) |
| (ဂ) | မိုးရေစက်ကလေးဥပမာတင် | (ခင်စိုးဝင်း) |
| (ဃ) | ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု | (ချိုပြုံး) |

---

## "တန်ခူးလဘွဲ့" အဲချင်း

**စာဆိုရှင် - မယ်ခွေ၊ ဆို - ကိုထွန်းရွှေ**

နေနတ်ကယ်မှ ရာဇာလေ အဿဝဏီ ကြယ်နှင့်ရယ်ညီ စန္ဒီစိတြတူယှဉ်ပြိုင်ပကြတဲ့ လအတာကိုတဲ့လေး သီတာငယ်မှ ပျံ့မွှမ်းသပြေ မြရည်တစ်သောင်းပြည်ကို အောင်စည်ရွှမ်းလို့ ရေသွန်းမှခါချိန်၊ သောက်ရှူးဥပါ ကြယ်ညီလာနှင့်ရွှေဇာပေါက်လို တိမ်ခိုးညိုနှင့် ပြိုမည့်နယ်ချိန် နဂါးလိမ်လွန်းအိမ်ဖွဲ့လို့ မယ်ဆီကို.... မဲ

သင်းတွဲရယ်မှ ရွှေရောင်ကံ့ကော်ဝတ်မှုံမွှေးထုံထုံနှင့် ရဂုံမြိုင်ဖျား တောတစ်လွှားလဲ ငှက်ခါးတောင်လို ပူအောင်မယ့်ကို မိုးကြိုးတစ်ဖွဲ့ လေတစ်လှည့်နှင့် တစ်ဆယ့်ခြောက်တိုင်း မပြတ်ကယ်ဆိုင်းလို့ မှိုင်းမှိုင်းငယ်ညို မဖို သီတာ ဆိတ်ကယ်က ချစ်ရိပ်ညိုနွဲ့...

ပြင်နာရီကား ငါးဘိုထားလို့ ဖဝါးကမှ သုံးအင်မိဿခွင် မရှင်နိုင်တတ်၊ စန်းလွန်းပင်ပြတ်ခဲ့ပြီ မြတ်ဆံကျင်တာရာက တေဇာတော် မချည်းပါနှင့်တော့ ဝေသာလီပြည်ကြီးက ထိန်ညီးပါရဲ့....

---

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၃၄ | The key collection | ဖရီဒါခါလို | ၁၅၀၀ိ/- The key collection |
| ၃၅ | ဒေါက်တာဦးဉာဏဝရ | ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာနှိုင်းယှဉ်လေ့လာချက်အကျဉ်း | ၁၂၀၀ိ/-သုခိစာပေ |
| ၃၆ | အရှင်ပညာသာမိ(ပေါက်ခေါင်း) | နှလုံးသားထဲကငယ်ဆရာ | -သုဒန္တစာပေ |
| ၃၇ | မင်းနိုင် | ပိုက်ဆံကိုဘယ်လိုရှာမလဲ | ၂၀၀၀ိ/-မနော‌ဖြူစာပေ |
| ၃၈ | မင်းသိမ်းခိုင် | မဇ္ဈိမဒေသသို့ခရီးသွားခြင်း | ၂၀၀၀ိ/-ရသစာပေ |
| ၃၉ | ကြူမွှေး | ဘုမသိဘမသိဖူးစာ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၄၀ | မင်းသိင်္ခ | တူသော၀တ္ထုတိုများ | ၃၅၀၀ိ/-ဘုမ္မာဝတီစာပေ |
| ၄၁ | ချစ်ဦးညို | ရာဇဓိတာနှင့် သမိုင်းဝင်မိန်းမသားများ | ၅၅၀၀ိ/-ခူဝံစာပေ |
| ၄၂ | ခမ္မာဂရီ | ရဟန်းနှင့်သေနတ်နှင်းဆီ | ၂၅၀၀ိ/-ဇွန်ပွင့်စာပေ |
| ၄၃ | စမ်းစမ်းနွဲ့(သာယာဝတီ) | စကားမပြောနဲ့တဲ့မောင် | ၂၀၀၀ိ/-လင်းလွန်းခင်စာပေ |
| ၄၄ | ဒေါက်တာထွန်းဝင်း | လောကကြီးကိုဉာဏ်ပညာဖြင့်စီမံခန့်ခွဲခြင်းဗျူဟာများ | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၄၅ | မောင်ခင်မင်(ဓနုဖြူ) | မေတ္တာနှလုံးသားပုံရိပ်များ | ၁၅၀၀ိ/-ခဝါလှေမွန် |
| ၄၆ | ဦးထွန်းမြင့်(တောင်ကြီး) | ရှမ်းနိုင်ငံရေးသမားတစ်ဦး၏သဲတစ်ပွင့်အုတ်တစ်ချပ် | ၅၀၀၀ိ/-လောကသစ်စာပေ |
| ၄၇ | နရီမင်း | ဂမ္ဘီရအပြားနှင့်ကဗျာများ | ၁၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၈ | ဦးတင့်အောင်(ပျဉ်းမနား) | ကာလနဂါး(၁၂)ပါး 12-Tenses | ၂၅၀၀ိ/-ရွက်စိမ်း |
| ၄၉ | ဇင်မျိုး | ဒေါ်နယ်ထရန့် | ၈၀၀ိ/- စိတ်ကူးချိုချို |
| ၅၀ | ကလောင်စုံ | ကိုယ်ကျင့်နှင့်သိက္ခာ | ၂၈၀၀ိ/-စာပေခရီးသွား |
| ၅၁ | NyoHtun Lu | HsaiTaung Nights And other stories | ၂၀၀၀ိ/- |
| ၅၂ | Than Tun | Myanmar Oil industry and its Future | ၃၀၀၀ိ/- |
| ၅၃ | ဦးတင့်အောင်(ပျဉ်းမနား) | Three Letter Words Collection | ၁၀၀၀ိ/- ရွက်စိမ်း |
| ၅၄ | ဦးဖိုးကျား | ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုတိုများ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၅၅ | မိုးသိမ်း | သိပ္ပံပညာကျော် - ၁၀၀ | ၂၅၀၀ိ/-မဇ္ဈိမ |
| ၅၆ | ပြန်ကြားရေးဝန်ကြီးဌာန | တေးရေးပညာရှင်ကြီးများ၏ နှောင်းခေတ်ကာလ | ၂၀၀၀ိ/-နိုင်ငံဂုဏ်ရည် |
| ၅၇ | သထုံဘုန်းပါ | ဗုဒ္ဓခေတ်ကြုံ ဘဝဇာတ်ခုံ | ၁၀၀၀ိ/-ရန်အောင်စာပေ |
| ၅၈ | ရွှေကြယ်မိုး၊ အရင့်ရောင် | လျှို့ဟူသန်း၊ ဆိုင်းလုရာ | ၁၀၀၀ိ/-ကျားချောင်း |
| ၅၉ | ဝင်းတင့်ထွန်း | မလင်းနိုင်သေးတဲ့ဗမာပြည် လင်းတော့မှာလား ဗမာ့ပြည် | ၁၃၀၀၀ိ/-မိုးလုံးမှိုင်း |
| ၆၀ | သက်ထားခင် | မနိုးချင်တဲ့အိပ်မက်ထဲမှာမပျော်ပါနှင့် | ၃၀၀၀ိ/-ပြည်မြန်မာ |
| ၆၁ | မောင်ရဲခိုင် | တော်လှန်ရေး အပြီး ဒီမိုကရေစီနှင့် ကိုယ်ကျင့်တရားမူဝါဒ | ၁၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၆၂ | မိုးသိမ်း | ခေါင်းဆောင် ၁၀၀ | ၂၅၀၀ိ/-မဇ္ဈိမစာပေ |
| ၆၃ | ညီညီနိုင် | ရွှေတံခါးကြီးဖွင့်လိုက်ပြီ | ၂၅၀၀ိ/-ပြည်မြန်မာ |
| ၆၄ | ဇာနည်ဇေယျ | ပေါ်တာ ..... အကျဉ်းစံပေါ်တာ | ၂၀၀၀ိ/-တော်ဝင်ရတနာ |
| ၆၅ | ဦးကောဝိဒ(ရေစကြို) | ခုနစ်ပင်ခြောက်ခန်းနောက်ရဟန်း | ၁၅၀၀ိ/-သဇင်စာပေ |
| ၆၆ | အရိုး | အရိုးဆိုသည်မှာ (၃) | ၂၅၀၀ိ/-အိမ်သူရွှေစာပေ |

# MNDAA လက်နက်ကိုင်အဖွဲ့မှ လောက်ကိုင်မြို့တွင်းသို့ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြို့၏ မြောက်ဘက်အစွန်၌ စက်တင်ဘာ ၁၅ ရက် ည ၉ နာရီ ၅ မိနစ်ခန့်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာသည် ယခင်ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးပယ်စောက်ချိန်၏ နေအိမ်ဖြစ်ပြီး နေအိမ်အရှေ့မြောက်ဘက် အမိုးပျက်စီးကာ အပျက်အစီးနေရာတစ်ဝိုက်မှ ဒုံးသီးသံထည်အပိုင်းအစ ငါးခုအား သိမ်းဆည်းရမိခဲ့ပြီး ပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခဲ့ရာ ပစ်ခတ်သည့်နေရာမှာ လောက်ကိုင်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ကုန်းစောင်းနေရာတစ်ဝိုက်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ရှိရသော ဒုံးသီးအပိုင်းအစများအား စိစစ်ချက်အရ MNDAA လက်နက်ကိုင်များ အသုံးပြုသည့် တစ်ဖက်နိုင်ငံလုပ် ၁၀၇ မမ ဒုံးပစ်လောင်ချာ အစိတ်အပိုင်းများဖြစ်ပြီး အဆိုပါဒုံးသီးသည် အကွာအဝေး ငါးမိုင်ခန့်အထိ ပစ်ခတ်နိုင်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် လောက်ကိုင်မြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ တောင်ကြောတစ်ဝိုက်၌ မသင်္ကာဖွယ်ရာအိတ်များ တွေ့ရှိရကြောင်း သတင်းအရ သွားရောက်ရှင်းလင်းခဲ့ရာ တစ်ဖက်နိုင်ငံလုပ် ညကြည့်မှန်ပြောင်းတစ်ခုနှင့် ၁၀၇ မမဒုံးသီးပြောင်းပါ ၁၈ လုံး၊ ပြောင်းမပါ လေးလုံး စုစုပေါင်း ၂၂ လုံးတို့ကို လျှပ်စစ်ဝိုင်ယာကြိုးများဖြင့် သွယ်တန်းထားကာ ဒစ်ဂျစ်တယ် အချိန်ထိန်းကိရိယာဖြင့် တပ်ဆင်ထားပြီး လောက်ကိုင်မြို့၏ အဓိကနေရာများအား တစ်ပြိုင်တည်း ပစ်ခတ်ရန် ချိန်ရွယ်ထားကြောင်း တွေ့ရှိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေခံတပ်မတော် စစ်ကြောင်းများက နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



လောက်ကိုင်မြို့ကို ပစ်ခတ်ရန် ၁၀၇ မမ ဒုံးသီးသုံးလုံးတွဲအား လျှပ်စစ်ဝိုင်ယာကြိုးဖြင့် သွယ်တန်းထားသည်ကို တွေ့ရစဉ် (မြဝတီ)



၁၀၇ မမ ဒုံးသီးနှင့် တပ်ဆင်ထားရှိသော အချိန်ထိန်းကိရိယာ၊ ဆားကစ်ပြားနှင့် ဓာတ်ခဲများပုံ (မြဝတီ)



ဦးပယ်စောက်ချိန် နေအိမ်အရှေ့မြောက်ဘက် အမိုးထိပ်စွန်းပျက်စီးသည့် နေရာအနီးတစ်ဝိုက်၌တွေ့ရှိရသည့် ဒုံးသီး သံကိုယ်ထည်အစများ (မြဝတီ)



သိမ်းဆည်းရရှိသည့် ၁၀၇ မမ ဒုံးသီးများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ် (မြဝတီ)

# မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအုပ်စုအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းအား KIO/KIA လက်နက်ကိုင်အဖွဲ့က လာရောက်နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာရှိ တပ်မတော်၏ပွိုင့် ၃၀၈ စခန်းအား ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်နှင့် ၅ နာရီခွဲခန့်တို့တွင် KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၄၀ ခန့်သည် လက်နက်ကြီး/ လက်နက်ငယ်များဖြင့် နှစ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စခန်းရှိ တပ်မတော်သားများက ပြန်လည်ခုခံချေမှုန်းတိုက်ခိုက်ခဲ့သည့်အတွက် ၎င်းတို့သည် နံနက် ၆ နာရီခွဲခန့်တွင် ထိခိုက်ကျဆုံးမှုများဖြင့် တောင်ဘက်နှင့် အနောက်တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်မြေအတွင်း KIO/KIA လက်နက်ကိုင်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ခွင့်မပြုခြင်း၊ ခြိမ်းခြောက်မောင်းထုတ်ခြင်း၊ မိုင်းထောင်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံတောင်သူလယ်သမားများအနေဖြင့် မိမိတို့မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ခုနစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင်နှစ်ကြိမ် စုစုပေါင်းကိုးကြိမ် မိုင်းထောင် ဖောက်ခွဲမှုများပြုလုပ်ခဲ့သဖြင့် ကျေးရွာနေဒေသခံပြည်သူ လေးဦးသေဆုံးကာ ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါပွိုင့် ၃၀၈ စခန်းသည် ဆွတ်လျှံနယ်မြေအတွင်း တပ်စခန်းများ ဖွင့်လှစ်၍ ကာကွယ်စောင့်ရှောက်မှုပြုလုပ်ပေးရန် ရွာသူ၊ ရွာသားများက တိုင်းစစ်ဌာနချုပ်သို့ ဆန္ဒပြုတင်ပြတောင်းခံခဲ့သောကြောင့် တပ်မတော်က လုံခြုံရေးအရ တာဝန်ယူဆောင်ရွက်ပေးသည့် စခန်းတစ်ခုဖြစ်သည်။

**(မြဝတီ)**



ပွိုင့် ၃၀၈ စခန်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်တွင် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# မိုင်းအခြေခံနှင့် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၂/ ၂၀၁၆)သင်တန်းဆင်းပွဲအခမ်းအနားကို သန်လျင်အဆင့်မြင့်(မွမ်းမံ) သင်တန်းကျောင်းတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်ထိ ဖွင့်လှစ်ပို့ချခဲ့သော အဆိုပါ မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းသင်တန်းတွင် သင်တန်းသား ၄၀ အား တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်တို့ကို ပေးအပ်ခဲ့သည်။

ရန်ကုန်မြို့လုံခြုံရေးအတွက်အရေးပါသော တိုင်းဒေသကြီးရဲတပ်ဖွဲ့မှကြီးမှူးကျင်းပသည့် အဆိုပါသင်တန်းဆင်းပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အရှေ့ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးများ အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကာ သင်တန်းတွင်သင်ကြား တတ်မြောက်ထားသော မိုင်းပညာရပ်များကိုပြည်သူတို့၏ အသက်အိုးအိမ်အတွက်ကာကွယ်အသုံးပြုသွားမည်ဟုသိရပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့်အင်းစိန် CID မှနည်းပြများက သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၆၄)



# လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသပေး

**မြောင်းမြ စက်တင်ဘာ ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးအကျုံးဝင် အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ဆေးကုသခြင်းနှင့် ရောဂါ ရှာဖွေ စစ်ဆေးခြင်းများကို MMU ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးခဲ့သည်။

အဆိုပါ ရွေ့လျား ဆေးကုသယာဉ်ဖြင့် ဆေးကုသမှုလုပ်ငန်းကို မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့၊ သုခမင်္ဂလာအထွေထွေရောဂါကုနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲဌာနတို့ပူးပေါင်း၍ ဒေါက်တာအောင်ရဲခိုင် ဦးဆောင်သော ဆရာ ဆရာမ ၁၁ ဦး၊ မြောင်းမြမြို့ လူမှုဖူလုံရေးအဖွဲ့ ရုံးတာဝန်ခံ ဒေါက်တာ နော်ခရစ္စတယ်ဌေးတို့က လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ်ဖြင့် ECG ရိုက်ပေးခြင်း၊ သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများကို မြောင်းမြမြို့နယ်အတွင်း စက်မှုဇုန်နှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများ၊ မြို့ပေါ်ရှိ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၊ သမဝါယမအဖွဲ့အစည်းများမှ အသင်းသားများကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ အခမဲ့ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးများအရေး ပိုမိုအလေးထားပြီး ထိရောက်စွာဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီက မြန်မာနိုင်ငံတော်အစိုးရအား ပေးပို့သော ၂၀၁၂ ခုနှစ် အပြီးသတ်တွေ့ရှိချက်မှတ်တမ်းအရ အစိုးရအနေဖြင့် ကလေးများအရေးကို ပိုမိုအလေးထားပြီး ထိထိရောက်ရောက်ဆောင်ရွက်လာရန် လိုအပ်လျက်ရှိကြောင်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် NGO Child Rights Working Group (NCRWG)တို့ စက်တင်ဘာ ၁၄ ရက်က နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲမှ သိရသည်။

ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီက မြန်မာနိုင်ငံတော်အစိုးရအား ပေးပို့သော ၂၀၁၂ ခုနှစ် အပြီးသတ်တွေ့ရှိချက်မှတ်တမ်း (Concluding Observations) အပေါ် အခြေပြုပြီး အမျိုးသားအဆင့် ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းစီမံချက်အသစ်(၂၀၁၆-၂၀၂၅)ကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးနှင့် ယင်းလုပ်ငန်းစီမံချက်အတွက် လုံလောက်သောအရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပံ့ပိုးကူညီရန်၊ ကလေးသူငယ်အခွင့်အရေး ပိုမိုမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ကော်မရှင်နာတစ်ဦးဦးဆောင်သည့် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ဌာနခွဲတစ်ခုကို သီးခြားထားရှိစေရန်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြည်တွင်းဥပဒေများနှင့် လိုက်လျောညီထွေရှိသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းပေးရန်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နိုင်ငံသားဘတ်ဂျက်(Citizen Budget)ကို ပြည်သူလူထုနားလည်လွယ်သော အသုံးအနှုန်းဖြင့် နှစ်စဉ်ဖော်ပြပေးရန်နှင့် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရေးရည်မှန်းချက်အား အချိန်ကာလသတ်မှတ်ဆောင်ရွက်ရေးအတွက် ပံ့ပိုးကူညီရန် စသည့် အကြံပြုချက်များအပါအဝင် ကလေးသူငယ်အခွင့်အရေးမြှင့်တင်မှုဆိုင်ရာ အကြံပြုချက်များကို NCRWG က အကြံပြုတိုက်တွန်းခဲ့ခြင်းဖြစ်သည်။

"ဒီမှာဆွေးနွေးတဲ့ အဓိကအကြောင်းအရာတွေကတော့ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီက မြန်မာနိုင်ငံတော်အစိုးရကို ပေးပို့တဲ့ ၂၀၁၂ ခုနှစ် အပြီးသတ်တွေ့ရှိချက်မှတ်တမ်းမှာ ဖော်ပြထားတဲ့အချက်တွေကိုသုံးသပ်ပြီး ထွက်ပေါ်လာတဲ့ အကြံပြုတိုက်တွန်းချက်တွေ ဖြစ်ပါတယ်။ ကျွန်မတို့ ဆွေးနွေးတိုက်တွန်းခဲ့တဲ့အချက်တွေ လက်တွေ့အကောင်အထည်ပေါ်လာဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လွှတ်တော်မှာရှိတဲ့ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်တွေနဲ့ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေ စတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်လက်တွေ့ဆုံဆွေးနွေးပြီး တိုက်တွန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု NCRWG အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းက "ဒီနေ့ တွေ့ဆုံဆွေးနွေးပွဲဟာ အလွန်ကောင်းတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ ရှေ့လျှောက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေမှာ CSOs တွေရဲ့အကူအညီကို အများကြီးလိုအပ်ပါတယ်။ ဒီနှစ်အတွင်းမှာ ကလေးသူငယ်အခွင့်အရေးဥပဒေ၊ အမျိုးသမီးကာကွယ်စောင့် ရှောက်ရေးဥပဒေ စတဲ့ဥပဒေတွေကို ချမှတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီလို ကလေးသူငယ်ဥပဒေပြင်ဆင်ရေးတို့၊ ဥပဒေအသစ်တွေ ပြဋ္ဌာန်းရေးတို့အတွက်ဆိုရင် ဒေသအသီးသီးက လူမှုရေးအဖွဲ့အစည်းတွေရဲ့အကူအညီကို လိုအပ်ပါတယ်"ဟု ပြောကြားသည်။

NCRWG အဖွဲ့မှာ ကလေးသူငယ်အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးရန်အတွက် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ၁၉ ဖွဲ့ဖြင့် ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့တစ်ခုဖြစ်ပြီး ယခုအခါ မြန်မာတစ်နိုင်ငံလုံးမှ အဖွဲ့အစည်း ၅၀ ကျော် ပူးပေါင်းပါဝင်၍ မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များအနေဖြင့် ရသင့်ရထိုက်သော ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံ အလုပ်သမားကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များအား အခြေခံတည်ဆောက်ထားသည့် Actuarial Model နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းရည်ရွယ်ချက်မှာ ILO မှ ကျွမ်းကျင်ပညာရှင်များက လူမှုဖူလုံရေးအဖွဲ့မှ သင်တန်းသားများကို ဆွေးနွေးပို့ချခဲ့သော Actuarial Model ၏ scenario ဖြစ်နိုင်ခြေကိစ္စလေးခုဖြစ်သည့် မိသားစုထောက်ပံ့မှု၊ အာမခံစနစ်ကျင့်သုံးရာတွင် ဖြစ်လာနိုင်သည့် ဘဏ္ဍာရေးခန့်မှန်းခြေ၊ မှီခိုသူများသို့ ကျန်းမာရေးစောင့်ရှောက်မှုတိုးချဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား လူမှုဖူလုံရေးအာမခံစနစ်များတွင် အကျုံးဝင်စေခြင်း၊ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်များ ပေးအပ်မည့်ပုံစံတို့နှင့်ပတ်သက်၍ ရလဒ်များကို လေ့လာသုံးသပ်ကာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် နည်းပညာအကူအညီပေးခဲ့ကြသော ILO မှ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ကြောင်း၊ လူမှုဖူလုံရေးစီမံကိန်း ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံ အလုပ်သမားကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန်မျှော်လင့်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ILO ကိုယ်စားလှယ်အဖွဲ့မှ ကိုယ်စားလှယ်များက Actuarial Valuation ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက အပြန်အလှန်မေးမြန်းဖြေကြားရှင်းလင်းကာ လူမှုဖူလုံရေးအဖွဲ့ သုတေသနနှင့် စီမံကိန်းဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက ILO မှ Actuarial Model သင်တန်း လာရောက်ပို့ချခဲ့သည့်အတွက် လူမှုဖူလုံရေးအဖွဲ့၏ဘဏ္ဍာရေးရေရှည်တည်တံ့နိုင်မှု ရှိမရှိ၊ အာမခံစနစ်များ တိုးချဲ့သင့်မသင့်၊ အကျိုးခံစားခွင့်ပုံစံများ ပြင်ဆင်ရန် သင့်မသင့် စသည်တို့အပေါ် အထောက်အကူပေးနိုင်ပြီး Actuarial Model ၏ scenario ဖြစ်နိုင်ခြေ ကိစ္စများနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများ ရခဲ့ကြောင်းနှင့် လူမှုဖူလုံရေးစီမံကိန်းရည်ရွယ်ချက်များ ပိုမိုအောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကွင်းဆင်းကြည့်ရှု



**မြင်းခြံ စက်တင်ဘာ ၁၇**

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းများကို သင်ပြွန်း၊ ညောင်ဝန်း၊ သက္ကယ်ကျင်း၊ ကူရွာ၊ ဆင်းဂွတ် တွင်းနက်တူးဖော်ခြင်းဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးချမ်းမြေ့၊ မဲဆန္ဒနယ်အမှတ် (၂)ဦးခင်မောင်အေး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ နှင်းရည်ဝင်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တာဝန်ရှိသူများက စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။ မြို့နယ်အတွင်း သောက်သုံးရေခက်ခဲသော ကျေးရွာများ ရေဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၉၄ ဒသမ ၇၆ သန်းဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ-စင်ကာပူ စီးပွားရေးဆိုင်ရာအလုပ်ရုံဆွေးပွဲ မန္တလေး၌ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မြန်မာ-စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားပြီး စင်ကာပူမှ လာရောက်သော လုပ်ငန်းရှင်ကြီးများနှင့် မန္တလေးအခြေစိုက် လုပ်ငန်းရှင်ကြီးများက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စတီးလုပ်ငန်း၊ ဈေးကွက်သုတေသနလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ဆေးပစ္စည်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ စွမ်းအင်ပြန်လည်အသုံးချမှုလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်းများ အပါအဝင် လုပ်ငန်း ၁၅ မျိုးကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

Singapore Business Federation မှ တာဝန်ရှိသူ Mr.Thian Tai Chew က ယခုလာရောက်ဆွေးနွေးသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အဆင့်မြင့်နည်းပညာများလိုအပ်ပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများနှင့်ပတ်သက်၍ အလုပ်သမားများအတွက် အထူးမွမ်းမံသင်တန်းများလည်း ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးအခြေစိုက် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ၊ စင်ကာပူနိုင်ငံ ကုမ္ပဏီကြီး ၄၈ ခုမှ တာဝန်ရှိသူများ၊ တရုတ်ကုန်သည်ကြီးများအသင်း(မန္တလေး)မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ကျော်ထူး(မန္တလေး)**

## အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေး၌ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် 'အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီဆောင်ရွက်စို့' ဟူသော ဆောင်ပုဒ်နှင့်အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုအေးက အခမ်းအနားကျင်းပရသည့် အကြောင်းရင်းနှင့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အလယ်တန်းနှင့် အထက်တန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့် ခဲ့ကြသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ကိုယ့်အားကိုယ်ကိုးသစ်သားတံတား ကျိုးကျပျက်စီးသွား၍ ဒေသခံများ အခက်အခဲဖြစ်နေ

**လယ်ဝေး စက်တင်ဘာ ၁၇**

နေပြည်တော် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု ကြိုးကြာအင်းကျေးရွာနှင့် ကန်သာကျေးရွာကြား ချောင်းမငယ်ချောင်းကို ဖြတ်ကူးရန် ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် လူကူးသစ်သားတံတားသည် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် တောင်ကျချောင်းရေတိုက်စားမှုကြောင့် ကျိုးကျပျက်စီးသွားခဲ့ကြောင်း သိရသည်။



အဆိုပါသစ်သားတံတားသည် အရှည်ပေ ၁၅၀ ရှိပြီး ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသည့် တံတားဖြစ်ကာ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ အားထားအသုံးပြုနေရသော တံတားဖြစ်သည့်အပြင် တလုတ်ပင်ကျေးရွာ၊ ရွှေကျင်ကျေးရွာနှင့် ကြိုးကြာအင်းကျေးရွာတို့မှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်တို့ ကံသာအထကသို့ ကျောင်းတက်ရန် နေ့စဉ်ဖြတ်သန်းနေရသည့် တံတားလည်းဖြစ်ကြောင်း၊ ယခု တံတားကျိုးကျပျက်စီးသွားသဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရန်နှင့် ဒေသခံပြည်သူများ သွားလာရေးအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

**ကျော်စွာ(လယ်ဝေး)**

# ဗြိတိန်မပါသော အီးယူခေါင်းဆောင်များ ညီညီညွတ်ညွတ်ရှိရန်သဘောတူ

**အီးယူ စက်တင်ဘာ ၁၇**

ဥရောပသမဂ္ဂခေါင်းဆောင်များသည် ဥရောပအသိုင်းအဝိုင်းမှ ဗြိတိန်ထွက်ခွာရေး ဆောလျင်စွာ ဆွေးနွေးမှုများလုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။ ဒုက္ခသည်များ စီးဝင်မှုကို ဟန့်တားနေစဉ် ဥရောပသမဂ္ဂ စျေးကွက်လုံခြုံရေးအတွက် ဗြိတိန်၏ဆန္ဒကို ဥရောပသမဂ္ဂခေါင်းဆောင်များ ပြန်လည်အတည်ပြုခဲ့ကြသည်။




ဗြိတိန်မပါဝင်သော ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် ဆလိုဗက်မြို့တော် ဘာတစ်စလေဗားတွင် စက်တင်ဘာ ၁၆ ရက်က တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။ ဆလိုဗက်ကီးယားနိုင်ငံသည် ဥရောပသမဂ္ဂ အလှည့်ကျတာဝန်ကို လက်ခံဆောင်ရွက်ခဲ့သည်။

ပြည်သူလူထု ယုံကြည်မှုရရှိရေးအတွက် ဥရောပသမဂ္ဂ၏ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နယ်ခြားစည်းများတွင် ဒုက္ခသည်များ မဝင်ရောက်ရေးအတွက် စောင့်ကြည့်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။

အီးယူခေါင်းဆောင်များသည် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးလှုပ်ရှားဆောင်ရွက်မှုများ၊ အလုပ်အကိုင်များ တိုးမြှင့်ရေး၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ရေးအတွက် အရေးကြီးသောလုပ်ငန်းစဉ်များကိုချမှတ်အတည်ပြုခဲ့ကြသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ၎င်းနှင့်၎င်း၏အစိုးရသည် လာမည့်နှစ်ဇန်နဝါရီ သို့မဟုတ် ဖေဖော်ဝါရီတွင် အီးယူမှ ဗြိတိန်ထွက်ခွာရေးဆွေးနွေးရန်အဆင်သင့်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ယခုအခါတွင် အဆင်သင့်မဖြစ်သေးကြောင်း ပြောကြားချက်ကို အီးယူဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က ထရီဆာမေနှင့် လွန်ခဲ့သောအပတ်က တွေ့ဆုံပြီးနောက် သတင်းထောက်များကို ပြောကြားခဲ့သည်။

ဗြိတိန်နှင့်ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ ဥရောပသမဂ္ဂ၏ အကျိုးစီးပွားကို ကာကွယ်လိုခြင်းသာဖြစ်ကြောင်း ဒေါ်နယ်တက်ခ်က ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# နိုင်ဂျီးရီးယားကလေးလေးသိန်း အာဟာရချို့တဲ့မှုဒုက္ခခံစားနေရ

**အဘူဂျာ စက်တင်ဘာ ၁၇**

နိုင်ဂျီးရီးယား ကလေးငယ်ပေါင်း လေးသိန်း အာဟာရချို့တဲ့မှုဒုက္ခခံစားနေရသည့်အတွက် အရေးပေါ်အကူအညီပေးရန် ကုလသမဂ္ဂအရာရှိများက တိုက်တွန်းလိုက်သည်။

ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ပဋိပက္ခများ အနောက်အာဖရိက တိုင်းပြည်များတွင် ဖြစ်ပွားနေသောကြောင့် လူပေါင်း နှစ်သန်းကျော် နေရပ်စွန့်ခွာထွက်ပြေးနေရကြောင်း သိရသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ဂျီနီဗာနှင့် ဆွစ်ဇာလန်တို့တွင် ရုပ်မြင်အစည်းအဝေးတစ်ခုကို စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ပြီး ကလေးငယ် ၇၅၀၀၀ ခန့်မှာ အကူအညီမရပါက ယခုနှစ်အကုန်တွင် သေဆုံးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကလေးအများစု၏နေရပ်များမှာ ဘိုကိုဟာရမ်တို့ အခြေစိုက်နေထိုင်သည့် ဘော်နိုပြည်နယ်နှင့် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းတို့မှဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါကစ္စတန်တွင် ဘာသာရေးအဆောက်အအုံ တိုက်ခိုက်ခံရ

**အစ္စလမ္မာဘတ် စက်တင်ဘာ ၁၇**

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ ဘာသာရေး အဆောက်အအုံတစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၂၂ ဦးထက် မနည်းသေဆုံးခဲ့ပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် အာဏာပိုင်များက ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက်က ပေရှီးခန်ရွာရှိ ဘာသာရေးအဆောက်အအုံ၌ လူများစုရုံးနေချိန်တွင် ထိုသို့ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဂျမက်တူအာရာနှင့်အဖွဲ့ကို ဘာသာရေးအဆောက်အအုံဖောက်ခွဲမှုပြုလုပ်သူများဟု စွပ်စွဲထားသည်။ ယင်းအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးသောင်းကျန်းသူအဖွဲ့ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူက အစိုးရထောက်ခံအဖွဲ့များအား ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် လက်စားချေ တိုက်ခိုက်ခြင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩဂုတ်လကလည်း ဂျမက်တူအာရာနှင့်အဖွဲ့သည် ကွက်တာအနောက်တောင်ဘက်ရှိ ဆေးရုံကိုဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၇၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

ပါကစ္စတန်အစိုးရသည် အနောက်မြောက်ဘက်ဒေသတွင် ကြီးစိုးနေသော အကြမ်းဖက်သောင်းကျန်းသူများကို ဖြိုခွဲနှိမ်နင်းတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ရုရှားနှင့်အမေရိကန် ဆီးရီးယားအပစ်ရပ်စဲရေးအဖြေရှာ

**ဒမတ်စကတ် စက်တင်ဘာ ၁၇**



အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့ ပူးတွဲပြုလုပ်ခဲ့သော ဆီးရီးယား လေးရက်ကြာအပစ်ရပ်စဲရေးကာလကို နှစ်နိုင်ငံအနေဖြင့် ထပ်မံတိုးမြှင့်လိုသော်လည်း အကြမ်းဖက်မှုများမြင့်တက်လာခြင်းနှင့် အကူအညီပေးရေး မအောင်မြင်ခြင်းတို့ကြောင့် ယင်းသဘောတူညီချက်မှာ တဖြည်းဖြည်း မတည်မငြိမ်ဖြစ်လာကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နှင့် ရုရှားတို့သည် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်နှင့် သောင်းကျန်းသူများအကြား ဆန့်ကျင်သည့် အဖွဲ့များကို ထောက်ပံ့ခဲ့သော်လည်း ၎င်းတို့သည် ၎င်းတို့၏ဘုံရန်သူဖြစ်သော ဂျီဟက်တိုက်ခိုက်ရေးသမားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အပြန်အလှန်လဲလှယ်ရန် သဘောတူညီခဲ့ကြသည်။

သဘောတူညီချက်၏အသေးစိတ်အချက်များတွင် လျှို့ဝှက်ချက်များရှိနေသေးသော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့နှစ်ဦးသည် ဘုံရန်သူများကို တိုက်ခိုက်ရာတွင် ရပ်တည် ချက်တူညီခဲ့ကြသည်။ သို့သော်လည်း မျှော်လင့်မထားနိုင်လောက်သည့် ပူးပေါင်းဆောင်ရွက်မှုများသည် တစ်ချိန်ချိန်တွင် နှစ်နိုင်ငံကြား ယုံကြည်မှုများ ယိုယွင်းလာစေနိုင်သည်။

လာမည့်အပတ်တွင် ကျင်းပမည်ဖြစ်သော ကုလသမဂ္ဂနှစ်ပတ်လည် အစည်းအဝေးတွင် ဆီးရီးယားအပစ်ရပ်စဲရေးအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီထောက်ခံချက် ပေါ်ထွက်လာနိုင်သည်ဟု ရုရှားက မျှော်လင့်မိသော်လည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် အသေးစိတ် အချက်အလက်များကို ဆွေးနွေးချင်ဟန်မရှိကြောင်း သိရသည်။

အာဆတ်နှင့် အဓိကမဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နေသော ရုရှားက အပစ်ရပ်စဲရေး သဘောတူညီချက်ကို နောက်ထပ် ၇၂ နာရီထပ်မံတိုးမြှင့်ရန် ဆန္ဒရှိသောကြောင့် အမေရိကန်အနေဖြင့် ယင်းအစီအစဉ်အား သောင်းကျန်းသူများ လိုက်နာလက်ခံအောင်ဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့သည်။

**(ရိုက်တာ)**

# ဘင်္ဂလားဒေ့ရှ်တွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ တစ်ဦးသေ၊ လေးဦးဒဏ်ရာရ



**ဒါကာ စက်တင်ဘာ ၁၇**

မက်နာလေကြောင်းသိပ္ပံမှ ရဟတ်ယာဉ်တစ်စင်းသည် ကော့ဘဇားမှ ၄၅ ကီလိုမီတာအကွာရှိ ဂျလီယာပလန်ယူနီယံဆိုနာပါဟာဒေသ ရီဂျူခယ်ကမ်းစပ်တွင် ပျက်ကျခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လူငါးဦးတင်ဆောင်ပြီး ဒါကာသို့ မောင်းနှင်ပျံသန်းလာသော ရော်ဘင်ဆင် R66 ရဟတ်ယာဉ်သည် သောကြာနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ယူကီရာရဲအဘူခါယာက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျရာနေရာတွင် လူပေါင်းရာကျော် စုရုံးရောက်ရှိနေပြီး ဒေသခံ ငါးဖမ်းသမားများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရ သည်။

ရဟတ်ယာဉ် ပျက်ကျရာတွင် သေဆုံးခဲ့သူမှာ အသက် ၃၂ နှစ်ရှိ ရှာအလန်ဆိုသူဖြစ်ပြီး အော့ဂျီမီ ဘင်္ဂလားဒေ့ရှ်ကုမ္ပဏီမှ စာရင်းအင်းဆိုင်ရာ အရာရှိတစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းသည် ကော့ဘဇားဆာဒါး ဆေးရုံသို့ရောက်ရှိပြီးနောက် သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရသည့် အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

**ပြီး**ခဲ့တဲ့ရက်ပိုင်းအတွင်း အမေရိကန်နဲ့ ဖိလစ်ပိုင်နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုတွေရှိလာခဲ့ပြီး ဖိလစ်ပိုင်သမ္မတသစ်ရိုဒရီဂိုဒူတက်တေးက သမ္မတအိုဘားမားကို ရင့်သီးတဲ့စကားလုံးတွေသုံးနှုန်းလိုက်ခြင်းက ဖိလစ်ပိုင်နဲ့နှစ်ဦးတွေ့ဆုံဖို့စီစဉ်ထားတဲ့ အမေရိကန်ရဲ့အစီအစဉ်ကို ပျက်စေခဲ့ပါတယ်။

# အမေရိကန်နှင့် ဖိလစ်ပိုင် ခေါင်းဆောင်နှစ်ဦး စိတ်ဝမ်းကွဲပြားမှုကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ထိခိုက်စေမလား

**ကလျာမိုးမြင့်**



စက်တင်ဘာ ၁၅ ရက်နေ့က မနီလာမြောက်ပိုင်းရှိ လေ့ကျင့်ရေးစခန်း၌ သမ္မတ ဒူတက်တေးအား တွေ့ရစဉ်

မဟာမိတ်နှစ်နိုင်ငံကြား အချေအတင်ဖြစ်ပွားမှုဟာလာအိုမှာကျင်းပတဲ့ အရှေ့နဲ့အရှေ့တောင် အာရှဒေသက ကိုယ်စားလှယ်တွေ တွေ့ဆုံတဲ့ ညီလာခံစတင်ဖွင့်လှစ်မှုကို အရိပ်ကျရောက်စေခဲ့ပါတယ်။

သမ္မတဒူတက်တေးဟာ ၎င်းအာဏာရရှိခဲ့တဲ့နှစ်လအကြာကတည်းကစပြီး လူပေါင်း ၂၄၀၀ သေဆုံးခဲ့ရတဲ့ ၎င်းရဲ့မူးယစ်တိုက်ဖျက်တဲ့ စစ်ဆင်ရေးအပေါ် ဝေဖန်နေကြတာကို ဒေါသထွက်ကြောင်း အကြိမ်ကြိမ်ပြသခဲ့ပါတယ်။ သမ္မတအိုဘားမားဟာ လူ့အခွင့်အရေး ဆိုင်ရာ ပြဿနာရပ်တွေကို ပိုပြီးကြီးထွားလာအောင် လုပ်နေတယ်လို့ ပြောဆိုခဲ့ပါတယ်။

ဒါကိုတုံ့ပြန်တဲ့အနေနဲ့ အင်္ဂါနေ့မှာပြုလုပ်မယ့် အိုဘားမားနဲ့ဒူတက်တေးရဲ့နှစ်ဦးသီးခြားတွေ့ဆုံမှုကို အမေရိကန်ကဖျက်လိုက်တဲ့အခါ ဖိလစ်ပိုင်က စိတ်မကောင်းခြင်းကို ဖော်ထုတ်တဲ့ အကြောင်းအရာနှစ်ခုကို ဖော်ပြခဲ့ပါတယ်။ ပထမဖော်ပြချက်မှာ သမ္မတ ဒူတက်တေးက အိုဘားမားဟာ ၎င်းကို အလွန်အကျွံသတ်ဖြတ်နေမှုများနဲ့ ပတ်သက်ပြီး ပညာပေးလိမ့်မယ်လို့ သတင်းစာထဲမှာ ဖော်ပြခဲ့တာကြောင့် ရင့်သီးစွာ ပြောဆိုမိခဲ့ခြင်းဖြစ်တယ်လို့ ရှင်းပြထားပါတယ်။

အိမ်ဖြူတော်ကလည်း သမ္မတအိုဘားမားဟာ ဒူတက်တေးနဲ့ တွေ့ဆုံတဲ့အခါ မဟာမိတ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်မှာလူ့အခွင့်အရေးချိုး ဖောက်ခံရမှုတွေနဲ့ပတ်သက်ပြီး ၎င်းရဲ့စိုးရိမ်ပူပန်မှုတွေအပေါ် ထိုးနှက်လာမှာကိုဟန့်တားနိုင်မှာ မဟုတ်ဘူးလို့ ကြိုတင်ပြောဆိုခဲ့ပါတယ်။ သမ္မတ နှစ်ဦးကြားနောက်ထပ် သီးသန့်တွေ့ဆုံမှုရှိလာနိုင်ဦးမလားဆိုတာကိုတော့ ချက်ချင်း မသိနိုင် သေးပါဘူး။

ဒူတက်တေးနဲ့ တွေ့ဆုံရမယ့်အစား အိုဘားမားဟာတောင်ကိုရီးယားသမ္မတပက်ဂွန်ဟေးနဲ့တွေ့ဆုံပြီး မြောက်ကိုရီးယားက နောက်ဆုံးပြုလုပ်ခဲ့တဲ့ နျူကလီးယားစမ်းသပ်မှုကို တုံ့ပြန်မယ့်အစီအစဉ်ရေးဆွဲလိုက်တယ်လို့ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ပြောကြားခဲ့ပါတယ်။ တနင်္လာနေ့ညသန်းခေါင်ယံ အချိန်မတိုင်မီမှာဘဲ လက်ရှိထမ်းဆောင်နေတဲ့ အမေရိကန်သမ္မတရဲ့ ပထမဆုံးအလည်အပတ်ခရီးစဉ်အနေနဲ့အိုဘားမားဟာလာအိုနိုင်ငံဗီယန်ကျင်းမြို့ကို ရောက်ရှိခဲ့ပါတယ်။ ၎င်းကလာအိုမှာ ဗီယက်နမ် စစ်ပွဲအတွင်း အမေရိကန်က ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောဆိုချင်ခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ သမ္မတအိုဘားမားက အမေရိကန်ဟာ ဗီယက်နမ်စစ်ပွဲအတွင်းမှာ ဗုံးဒဏ်ကိုအကြီးအကျယ်ခံစားခဲ့ရတဲ့ လာအိုကို နောက်သုံးနှစ်အကြာမှာ အမေရိကန်ဒေါ်လာသန်း ၉၀ ကို ထပ်မံအကူအညီပေးမှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဗီယက်နမ်စစ်ပွဲဟာ လူ ၂၀၀၀၀ ကျော်ကို ထိခိုက်ဒဏ်ရာရရှိစေခဲ့ပါတယ်။

မျှော်လင့်မထားဘဲရုတ်တရက်ပေါ်ထွက်လာတဲ့ အမေရိကန်နဲ့၎င်းရဲ့မဟာမိတ်ဖိလစ်ပိုင်တို့ရဲ့ တင်းမာမှုတွေဟာအင်္ဂါနေ့ကနေ ကြာသပတေးနေ့အထိ လာအိုမှာကျင်းပတဲ့ အရှေ့တောင်အာရှနိုင်ငံများနဲ့အရှေ့အာရှနိုင်ငံတွေရဲ့ ညီလာခံမှာ ပိုပြီးထင်ရှားလာပါတယ်။ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံဟာအင်အားကြီးနိုင်ငံတွေဖြစ်တဲ့တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အိန္ဒိယ၊ ရုရှားနဲ့ အမေရိကန်က ခေါင်းဆောင်တွေနဲ့ပါ ဆုံတွေ့မှာဖြစ်ပါတယ်။

သမ္မတဒူတက်တေးဟာ ရာဇဝတ်မှုတွေကို နှိမ်နင်းပြီး မူးယစ်ဆေးဝါးနဲ့မူးယစ်ဆေးဝါးသုံးစွဲသူတွေကို သုတ်သင်ဖယ်ရှားပစ်မယ်လို့ ကတိပေးအပ်ကာသမ္မတနေရာကိုရရှိခဲ့ပါတယ်။ ဒူတက်တေး ရုံးထိုင်ခဲ့တဲ့ဇူလိုင် ၁ ရက်ကစပြီး မူးယစ်ဆန့်ကျင်တဲ့ဖိလစ်ပိုင်ရဲတွေရဲ့စစ်ဆင်ရေးအရ သတ်ဖြတ်ခဲ့တဲ့လူ ၉၀၀ အပါအဝင်လူပေါင်း ၂၄၀၀ ထက်မနည်း သေဆုံးခဲ့ရပြီဖြစ်ပါတယ်။

ဒူတက်တေးကတော့ သတ်ဖြတ်မှုတွေကြောင့် ပေါ်ထွက်လာတဲ့ဝေဖန်ပြောဆိုမှုတွေကို အရေးမစိုက်တဲ့အပြင်ဝေါဟာရအမျိုးမျိုးနဲ့ မကြာခဏ ပြောဆိုကာ မထီမဲ့မြင်ပြုလုပ်နေခဲ့ပါတယ်။ ၎င်းကိုဝေဖန်တဲ့ကုလသမဂ္ဂကို စကားလုံးတွေနဲ့ ထိုးနှက်တိုက်ခိုက်ခဲ့ပြီး လာအိုညီလာခံမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနဲ့ ဆုံတွေ့ဖို့ အစီအစဉ်ကို စွန့်လွှတ်လိုက်ပါတယ်။

မေလအတွင်းမှာ ၎င်းဟာပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကိုရင့်သီးတဲ့ အသုံးအနှုန်းနဲ့ခေါ်ဝေါ်ပြီး နောက်ပိုင်းမှာ ပြန်တောင်းပန်ခဲ့ရသလို အမေရိကန်သံအမတ် ဖိလစ်ဂိုးလ်ဘတ်ကိုလည်း ကြမ်းတမ်းစွာခေါ်ဝေါ်ခဲ့ပါသေးတယ်။

သေချာတာကတော့ ဒူတက်တေးဟာ စိတ်ဝင်စားစရာကောင်းတဲ့ လူပဲလို့ အိုဘားမားက ပြောခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်က သမ္မတဒူတက်တေးရဲ့ဇာတိမြေဒါဗာအိုမှာလူ ၁၄ ဦး ကို သတ်ဖြတ်ခဲ့ပြီး ၆၅ ဦးကို ဒဏ်ရာရရှိစေခဲ့တဲ့အစွန်းရောက် အစ္စလာမ္မစ်အကြမ်းဖက်အဖွဲ့ကို ဒူတက်တေးက စားမတတ်ဝါးမတတ်ခြိမ်းခြောက်ခဲ့ပြီး ၎င်းအနေနဲ့နောက်ပြောင်နေတာ မဟုတ်ကြောင်းပြောဆိုခဲ့ပါတယ်။ ဒါကိုသမ္မတအိုဘားမားက ဒူတက်တေးဟာပြောတဲ့အတိုင်း တကယ်လုပ်မယ့်သူဆိုတာယုံကြည်ကြောင်း၊ ဖိလစ်ပိုင်မှာသေဆုံးသွားတဲ့လူ ၂၄၀၀ ကျော်က သက်သေခံနေကြောင်း ပြောဆိုခဲ့ပါတယ်။ ၎င်းဟာဒီစစ်ဆင်ရေးကို အောင်ပွဲတစ်ခုလို့ သတ်မှတ်ခဲ့ကာ ဆက်လက်လုပ်ဆောင်သွားမှာ သေချာတယ်လို့ ဆိုပါတယ်။

ဖိလစ်ပိုင်ဟာတောင်တရုတ်ပင်လယ်ရေပိုင်နက်အငြင်းပွားမှုနဲ့ပတ်သက်ပြီး အမေရိကန်နဲ့မဟာမိတ်ပြုခဲ့တာပါ။ ပြီးခဲ့တဲ့လက ဒူတက်တေးဟာ ပင်လယ်ရေပိုင်နက်အငြင်းပွားမှုကို ခုံရုံးက စီရင်ဆုံးဖြတ်ရာမှာ အာဆီယံအဖွဲ့ဝင်တွေက ပါဝင်ကူညီဖို့မျှော်လင့်ထားခဲ့ ပေမယ့် လာအိုမှာ ဒီကိစ္စကို ထည့်သွင်းပြောဆိုခဲ့ခြင်း မရှိပါဘူး။

**ကိုးကား-ရိုက်တာ၊**
**ဘီဘီစီ(၈-၉-၂၀၁၆)**

## သမ္မတ အိုဘားမားက ဒူတက်တေးဟာပြောတဲ့အတိုင်း တကယ်လုပ်မယ့်သူဆိုတာယုံကြည်ကြောင်း၊ ဖိလစ်ပိုင်မှာသေဆုံးသွားတဲ့လူ ၂၄၀၀ ကျော်က သက်သေခံနေကြောင်း ပြောဆို . . .



# တရုတ်-ဗြိတိန် နျူကလီးယားစက်ရုံစီမံကိန်း ဆက်လက်ဆောင်ရွက်ရန်ဗြိတိန်အတည်ပြု

**ပေကျင်း စက်တင်ဘာ ၁၇**

ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အမျိုးသားလုံခြုံရေးကိစ္စရပ်ဆိုင်ရာ စိုးရိမ်ပူပန်မှုများရှိခဲ့သည့်အတွက် နျူကလီးယားဓာတ်ပေါင်းဖိုလည်ပတ်မည့် အစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သော်လည်း နောက်ဆုံးတွင် အဆိုပါအစီအစဉ်ကို ရှေ့တိုးဆောင်ရွက်ရန် ညွှန်ကြားလိုက်ကြောင်း သိရသည်။

ဗြိတိန်အစိုးရသည် တရုတ်နှင့်ပြင်သစ်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ ဘီလီယံ ဖက်စပ်ရင်းနှီးမြှုပ်နှံမည့် Hinkley Point နျူကလီးယားဓာတ်ပေါင်းဖိုအစီအစဉ်ကို အတည်ပြုလိုက်ကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းသည် အထူးသဖြင့် တရုတ်နှင့်ဗြိတိန်နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်နိုင်ရေးကြိုးပမ်းနေသည့် အချိန်ကာလအတွင်း နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့် စီမံကိန်းတစ်ရပ်အနေဖြင့် လူသိများလျက်ရှိသည်။

အဆိုပါ နျူကလီးယားစက်ရုံကို တည်ဆောက်လျက်ရှိသည့် ၁၀ နှစ်တာအတွင်း လူပေါင်း ၂၅၀၀၀ ကို အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြင်သစ်မှ ဆောက်လုပ်ရေးကန်ထရိုက်တာများက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

# ရေဦး-ချောင်းဆုံ ဓာတ်အားခွဲရုံသစ် တည်ဆောက်ရေးလုပ်ငန်းပြီးစီး ကျေးရွာများ လွယ်ကူစွာဖြင့် လျှပ်စစ်မီးရယူသုံးစွဲနိုင်တော့မည်

**ရေဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အနောက်ဘက်ခြမ်းကျေးရွာများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ရေဦး-ချောင်းဆုံ ဓာတ်အားခွဲရုံသစ် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ စက်တင်ဘာလ ဒုတိယပတ်မှစတင်ကာ လျှပ်စစ်ဓာတ်အား စမ်းသပ်ပို့လွှတ်နေပြီဖြစ်ကြောင်းသိရသည်။



ရေဦးမြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခွဲရုံမှာ လက်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းမှ ဒီပဲယင်းမြို့သို့ ခွဲဝေပေးနေခြင်းကြောင့် ရေဦးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၏ သုံးစွဲသည့်ဗို့အားနှင့် လက်ခံဗို့အားအပေါ်မူတည်၍ လျှပ်စစ်မီးအား အဝင်နည်းပါးခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတို့ မကြာခဏ ဖြစ်ခဲ့ကြောင်း သိရသည်။

ယခု ရေဦး-ချောင်းဆုံ ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ အားလုံးပြီးစီးနေပြီဖြစ်၍ ဒီပဲယင်းမြို့မှ ဓာတ်အားလိုင်း တည်ဆောက်မှု ပြီးစီးပါက ဒီပဲယင်းမြို့သို့ ဓာတ်အားခွဲဝေပေးရာတွင် ချောင်းဆုံ ဓာတ်အားခွဲရုံမှ ခွဲပေးသွားမည်ဖြစ်ကြောင်း၊ ရေဦးမြို့နယ်အနေဖြင့် အရှည် ၃ ဒသမ ၅ မိုင်ရှိ ချောင်းဆုံ-မြင်းပေါက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် အရှည် ခြောက်မိုင်ရှိ ချောင်းဆုံ-တမာတော ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှုများလည်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဒီပဲယင်းမြို့ ဓာတ်အားလိုင်း တည်ဆောက်မှုအပိုင်းပြီးစီးပါက လက်ရှိခွဲဝေပေးနေသော ရေဦး-ဒီပဲယင်းဓာတ်အားလိုင်းကို ဖြုတ်ချသွားမည်ဖြစ်သည့်အတွက် ရေဦးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် ယခင်ကထက် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်သည်။ ရေဦးမြို့နယ် အနောက်ဘက်ခြမ်းမှ ကျေးရွာများအနေဖြင့်လည်း ချောင်းဆုံဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားကို လွယ်ကူစွာဖြင့် ရယူသုံးစွဲနိုင်မည့်အခွင့်အလမ်း ရရှိလာမည်ဖြစ်ကြောင်း ရေဦးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ခွဲရုံမှူး ဦးမင်းအောင်၏ ပြောကြားချက်အရသိရသည်။

**သန်းထိုက်(ရေဦး)**

# ၂၀၁၆ ဥရောပရုပ်ရှင်ပွဲတော် ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

(၂၅)ကြိမ်မြောက်အဖြစ်ကျင်းပသည့် ၂၀၁၆ ဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံနှင့် ပြည်သူ့ဥယျာဉ်ရှိ Yangon Gallery တို့တွင် စက်တင်ဘာ ၁၆ ရက်မှစ၍ နေ့စဉ် ညနေ ၃ နာရီခွဲနှင့် ၆ နာရီခွဲတို့တွင် အခမဲ့ပြသလျက်ရှိပြီး စက်တင်ဘာ ၂၇ ရက်အထိ လာရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆ ကား ပါဝင်ပြသမည်ဖြစ်ပြီး လူမှုဘဝ၊ အချစ်ရေး၊ ပဋိပက္ခ၊ ပြန်လည်ရင်ကြားစေ့ရေး၊ သမိုင်းကြောင်းနှင့် နိုင်ငံရေးတို့နှင့်ပတ်သက်သည့် ဆုများရရှိထားသော ဇာတ်လမ်းများကို ရိုက်ကူးထားသည့် ဥရောပထုတ်လုပ်ရေးနှင့် ပူးတွဲထုတ်လုပ်သူများ၏ စိတ်ဝင်စားဖွယ် အစီအစဉ်များ ပါဝင်ကြောင်း၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ နော်ဝေနှင့် ဖင်လန်နိုင်ငံတို့က ပထမဦးဆုံးအကြိမ်အဖြစ် ၎င်းတို့၏ ဥရောပရုပ်ရှင်ကို ပြသခြင်းဖြစ်ကြောင်း၊ အဆိုပါလေးနိုင်ငံသည် ယမန်နှစ်က ဆွစ်ဇာလန်နှင့် အစ္စရေးတို့ကဲ့သို့ပင် ဧည့်သည်အဖြစ် ပါဝင်ပြသခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်တွင် ယဉ်ကျေးမှု၊ ဘာသာစကားပေါင်းစုံနှင့် လူမှုစရိုက်များကို ပရိသတ်များအနေဖြင့် ကြည့်ရှုခံစားရမည်ဖြစ်ပြီး အထူးအစီအစဉ်တစ်ခုအနေဖြင့် ကလေးများအတွက် ကာတွန်းရုပ်ရှင်နှစ်ကားနှင့် ငယ်ရွယ်သော အဓိကဇာတ်ကောင်ပါသည့် ရုပ်ရှင်နှစ်ကားတို့ကို စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲနှင့် ညနေ ၅ နာရီခွဲတို့တွင် ပြည်သူ့ဥယျာဉ်ရှိ Yangon Gallery ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်**

# နေပြည်တော်ဘူတာကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်မှုဖြင့် ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက ကြီးကြပ်ကွပ်ကဲ၍ ရထားရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ အမှတ်(၂)တပ်ဖွဲ့ခွဲ၊ အမှတ်(၈)တပ်ဖွဲ့ခွဲနှင့် အမှတ်(၉)တပ်ဖွဲ့ခွဲတို့မှ ရထားရဲတပ်ဖွဲ့ဝင်အင်အား ၁၈၅ ဦးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရုံးချုပ်မှ ဝန်ထမ်း ၃၀ တို့ ပူးပေါင်း၍ ဘူတာကြီးဝန်းအတွင်း သန့်ရှင်းရေးနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေး ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**






မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှသူ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်လွင်၊ မြစ်ငယ်နယ်မြေစခန်းမှူး ရဲအုပ်အောင်မျိုးသန့်တို့ ဦးစီးသည့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း အပြင်တို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ချုံနွယ်များအား ရှင်းလင်း၍ သန့်ရှင်းရေး ဆောင်ရွက်စဉ် မောင်မောင်စိုး(မြစ်ငယ်)

# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး စက်တင်ဘာ ၁၇**

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဟားခါးမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

စီးပွားရေးတက္ကသိုလ်
Master of Banking and Finance
MBF ဝင်ခွင့်သင်တန်း
Sec B အတန်းသစ် (20 Sep 2016 စမည်)
Tue-Wed 6:00-8:00 PM
ဘဏ်အတွေ့အကြုံ/ Accounting & Finance အတွေ့အကြုံရှိ
မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည် ။ ဝါရင့် ဆရာ / ဆရာမကြီးများသင်မည် ။
ORION Business School 09 5115997
အမှတ်-၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဘုံစင်တာအနီး)။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်၊ မင်းတပ်ခရိုင် လမ်းဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လိုအပ်သောကတ္တရာ(ပြည်နယ်) ရန်ပုံငွေဖြင့် ဝယ်ယူရန်အတွက် ၆-၈-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာတွင် ၂၆-၈-၂၀၁၆ရက်၌ တင်ဒါပုံစံအရောင်းပိတ်ပြီး ၃၀-၈-၂၀၁၆ရက်တွင် တင်ဒါဖွင့်ပွဲပြုလုပ်ရန် ကြေညာခဲ့ခြင်းအား အောက်ပါရက်စွဲအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်။

**တင်ဒါပုံစံရောင်းမည့် ရက်/အချိန်** - ၁၉-၉-၂၀၁၆ရက်( နံနက် ၉း၃၀နာရီ)
**တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** - ၂၈-၉-၂၀၁၆ရက်(ညနေ ၄း၃၀နာရီ)
**တင်ဒါရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၇၀-၇၀၃၀၉**

## မိခင်အမည်မှန်

မူဆယ်မြို့၊အထက(၁) တက္ကသိုလ်ဝင်တန်း (ဃ)မှ မအေခမ်း၏ မိခင်အမည်မှန်မှာ ဒေါ်ခမ်းလွတ် ၁၃/မဆတ(နိုင်)၀၁၅၇၅၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရွှေသောင်ယံမြို့နယ်၊ ချောင်းသာကျေးရွာ (အထက-ချောင်းသာ) တက္ကသိုလ်ဝင်တန်း (A)မှ မောင်စည်သူအောင်၏ မိဘအမည်မှန်မှာ ဦးအောင်ဝင်း ၁၄/ပသရ(နိုင်)၁၅၂၇၇၇နှင့် ဒေါ်စန်းချစ် BSN/W -၁၉၈၄၀၉ ဖြစ်ပါသည်။

**ဦးအောင်ဝင်း-ဒေါ်စန်းချစ်**

## မိဘအမည်မှန်

ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာ (အထက-တောင်ကလေး) ဒုတိယတန်းမှ မမေစုခင်၏ မိဘအမည်မှန်မှာ ဦးစခင်ကျော် ၁၄/မမန(နိုင်)၂၀၇၁၉၅နှင့် ဒေါ်ခက်ခက်အောင် ၁၄/မမန(နိုင်)၂၁၆၃၀၈ ဖြစ်ပါသည်။

**ဦးစခင်ကျော်-ဒေါ်ခက်ခက်အောင်**

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY: NO (9)

Consignees of car go carried by M.V NOCC PAMPLONA VOY: NO (9) are here by notified that the vessel will arrive on about 19-9-2016 and car go will be discharged into the premises of Yangon port.

Damaged car go will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of car go from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကနဦး တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများ၏ ဆန်ခါတင် (Short List)စာရင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် ဓာတ်အားပေးစက်ရုံများ ငှားယူလိုကြောင်း ၄-၇-၂၀၁၆ရက်ထုတ် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခဲ့ပါသည်။ ၁၈-၈-၂၀၁၆ရက်တွင် ကုမ္ပဏီခြောက်ခုမှ တင်ဒါတင်သွင်းခဲ့ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်၍ ကနဦး တင်ဒါအောင်မြင်သည့် ကုမ္ပဏီသုံးခုစာရင်းကို ၆-၉-၂၀၁၆ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ ကြေညာခဲ့ပါသည်။ ၈-၉-၂၀၁၆ရက်တွင် ဈေးနှုန်းဖွင့်ဖောက်စစ်ဆေးချက်များအရ အောက်ပါကုမ္ပဏီနှစ်ခုအား ဆန်ခါတင် (Short List) စာရင်း ကြေညာအပ်ပါသည်။

(1) Consortium of National Infrastructure Holding Co.,Ltd, MCM Pacific Pte. Ltd, APR Energy Plc. and Ace Resources Group Pte.Ltd
(2) Karpowership Asia Company Pte/Ltd

**တင်ဒါစိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/6494 , Nissan Atlas R2F 23,L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွန့်ညွန့်ကြည် ၁၂/အလန(နိုင်)၀၂၄၆၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၂၇၈၇ Kenbo 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးအောင်သန်း ၁၄/ပသရ(နိုင်)၀၆၇၂၄၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ ဒက္ခိဏသီရိ အရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၂၂၂၅၊ ဧရိယာ ၀ဒသမ ၂၂၉၈ဧ၊ ဒေါ်မြရတနာ (ခ)မူမူ (ဘ)ဦးစောနန်းမူ ၁၂/ရပသ(နိုင်)၀၁၆၆၇၆ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ချယ်ရီဝေ (ဘ)ဦးသန်းကျော် ၅/မမတ(နိုင်)၀၀၃၈၇၄က မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း/ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံး အမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၂၈၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးမိုးလွင် ၁၄/ပသန(နိုင်)၁၇၁၇၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၉၂၂၄ Luojia 110 ယာဉ် လက်ဝယ်ရှိသူ ဦးတင်ရှိန် ၁၄/ပသရ(နိုင်)၀၁၂၆၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက် (၁၆၃-စီ)၊ ရုံးရပ်ကွက်၊ ဦးပိုင်အမှတ် (B.၂)၊ ဧရိယာ ၀ ဒသမ ၁၁၂ဧကရှိ မြေကို ဒေါ်ဝင်းခိုင်ခိုင်စိုးက မြေငှားဂရန် (အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# တောင်ယာလုပ်ကိုင်နေစဉ် လူနှစ်ဦးမိုင်းထိသဖြင့် နေရာတွင်ပွဲချင်းပြီး သေဆုံးမှုဖြစ်ပွား

**မိုးညှင်း စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့မှ အရှေ့တောင်ဘက်သုံးမိုင်ခန့်အကွာ တောင်ခြေတွင် စက်တင်ဘာ ၁၇ ရက် ၁၂ နာရီခွဲက တောင်ယာလုပ်ကိုင်နေစဉ် မိုင်းနှစ်လုံးပေါက်ကွဲရာက လူနှစ်ဦး မိုင်းထိသဖြင့် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မိုးညှင်းမြို့ အောင်သပြေ(၁)ရပ်ကွက်နေ ဦးဒွေး(ခ) ဦးဒွေးလှိုင် (၆၄ နှစ်)နှင့် ၎င်း၏သားဖြစ်သူ မြင့်ဦး (၄၄နှစ်)တို့နှင့်အတူ မျိုးဝင်း (၃၄နှစ်)မိုးညှင်းမြို့နေသူတို့ သုံးဦးသည် တောင်ယာလုပ်ကိုင်ရန်အတွက် ကိုင်းခုတ်နေစဉ် မိုင်းဟုယူဆရသော မသင်္ကာဖွယ်ရာ အရာဝတ္ထုနှင့် ဝိုင်ယာကြိုးများ ချိတ်ဆက် ထားသည်ကို တွေ့ရှိရသဖြင့် ဦးဒွေး(ခ)ဦးဒွေးလှိုင်က သားဖြစ်သူ မြင့်ဦးနှင့် မျိုးဝင်းတို့နှစ်ဦးအား ခေါ်ယူအသိပေးခဲ့ပြီး တဲသို့ပြန်လာခဲ့ကြောင်း၊ မြင့်ဦးနှင့် မျိုးဝင်းတို့နှစ်ဦးမှာလည်း ၎င်းမိုင်းထောင်သောနေရာသို့ သွားရောက်ကြည့်ရှုစဉ် အဆိုပါ မိုင်းမှာ ပေါက်ကွဲသဖြင့် ၎င်းတို့နှစ်ဦးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့သည်။



အခင်းဖြစ်ရာနေရာသို့ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဆွေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ပြီး ရဲလုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့ကြောင်း၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ် ဦးစီးသောတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး အမှုမှန် ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၆၇)

# ဗမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ဖြန့်ချိရောင်းချသူများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှုခင်းအကူတပ်ဖွဲ့စုမှ ဒုရဲမှူးစိုးညွန့်ဦးစီးသော တပ်ဖွဲ့ဝင်များ၊ အမှတ်(၇) နယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်လင်းဦးနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲက ဗမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် မြတိမ်လွှာ(၁) လမ်းအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ညနေ ၆ နာရီခွဲတွင် 3G/---- မတ်တူးယာဉ်အား စစ်ဆေးရှာဖွေရာ တက္ကစီယာဉ်မောင်း ဒွေးကျော် (၃၆နှစ်) မင်္ဂလာသိဒ္ဓိရပ်ကွက် ဗမ္ဗူသီရိမြို့နယ်နေသူထံမှ မြန်မာငွေစက္ကူရောရာ ငါးသောင်းကျပ်နှင့် သက်သေခံပစ္စည်းများ တွေ့ရှိပြီး ၎င်းယာဉ်ပေါ်တွင် အောင်အောင် (၄၇ နှစ်) ပိတောက်လမ်း ကြို့ကုန်းအနောက်ရထားဝင်း အင်းစိန်မြို့ နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၂၀၊ (ကာလတန်ဖိုး ငွေကျပ် ၂၄၆၀၀၀၀)၊ ငွေစက္ကူရောရာ ငွေကျပ် ၂၁၃၀၀ နှင့်အတူ သိမ်းဆည်းခဲ့သည်။

အောင်အောင်အား ဆက်လက်မေးမြန်းရာ မောင်စိုး (၄၇ နှစ်) ထောက်ကြန့်မြို့ ရန်ကုန်တိုင်းဒေသကြီးနေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အောင်အောင်၊ ဒွေးကျော်နှင့် မောင်စိုးတို့အား အမှတ် (၇) နယ် မြေရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (၀၁၄)

# ဒိုးပင်အဆီရမည်ဟုပြောကာ ငွေကျပ်သိန်း ၅၀၀ လိမ်လည်မှုရေတာရှည်မြို့နယ်တွင် ဖြစ်ပွား

**ရေတာရှည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဒိုးပင်အဆီအရောင်းအဝယ်လုပ်ရင်း ငွေကျပ်သိန်း ၅၀၀ လိမ်လည်မှုဖြစ်ပွားခဲ့သဖြင့် စက်တင်ဘာ ၁၂ ရက် ညပိုင်း၌ ရေတာရှည်မြို့မရဲစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ အမှုမှာ ဇူလိုင် ၂၄ ရက် ညနေပိုင်းတွင် ပွင့်ဖြူမြို့နယ် လယ်ဗီလာကျေးရွာနေ ဦးမြင့်(၇၉နှစ်)ထံသို့ ဦးကြည်လင်း (နေရပ်စုံစမ်းဆဲ)ဆိုသူကဖုန်းဆက်၍ ဒိုးပင်အဆီရောင်းချရန် ငွေကျပ် သိန်းနှစ်ထောင်ဖိုးခန့်ရှိကြောင်း အမှန်တကယ်စိတ်ဝင်စားပါက စရန်ငွေကျပ်သိန်း ၅၀၀ ပေးမှသာ ပစ္စည်းကိုပြသမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ဦးမြင့်ကလည်း သဘောတူကာ တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်ရှိ အမေ့အိမ်ဟိုတယ်တွင်တည်းခိုခဲ့သည်။

ထို့နောက် ဦးကြည်လင်းနှင့် ဦးမြင့်တို့ ရေတာရှည် မြို့မြောက်ဘက်နှစ်မိုင်ကျော်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက် ဝါးတောကြီးကျေးရွာသွားလမ်း၌ တွေ့ဆုံခဲ့ပြီး ဦးကြည်လင်းပြသသည့် ဒိုးပင်အဆီဟု ပြောသည့် ပစ္စည်းအားလေးလက်မခန့်အရှည်ရှိ သံချွန်ဖြင့်စမ်းသပ်ခဲ့ရာ သံချောင်းမှာ ကွေးကောက်သွားခဲ့၍ ဦးမြင့်က ငွေကျပ်သိန်း ၅၀၀ အားပေးချေခဲ့သည်။

အရောင်းအဝယ်ပြီးသွား၍ တောင်ငူမြို့ရှိ အမေ့အိမ်ဟိုတယ်သို့ ရောက်ရှိစဉ် ၎င်းတို့ယူဆောင်ခဲ့သော ဒိုးပင်အဆီအားထပ်မံစမ်းသပ်ခဲ့ရာ အတုဖြစ်နေကြောင်းသိရပြီး ရေတာရှည်မြို့သို့ ဦးကြည်လင်းနှင့်အဖွဲ့အား လိုက်လံရှာဖွေခဲ့ရာ ထွက်ပြေးတိမ်းရှောင်သွားပြီဖြစ်ကြောင်း သိရှိရ၍ ရေတာရှည်မြို့မရဲစခန်းသို့ လာရောက်အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ယာဉ်များစစ်ဆေးရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ်သိန်း ၂၃၀ ကျော်ဖိုး ဖမ်းဆီးရမိ

**သာစည် စက်တင်ဘာ ၁၇**

နေပြည်တော် အထူးမူးယစ်အဖွဲ့အမှတ်(၁၈) မူးယစ်တပ်ဖွဲ့ ဒုတိယရဲမှူး မြင့်သွင်နှင့်တပ်ကြပ်ကျော်မောင်တို့ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၄ ရက်ညက သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင် ကျွဲတပ်ဆုံကျေးရွာ သံလမ်းကူးစစ်ဆေးရေးဂိတ်တွင် တောင်ကြီးမြို့မှ ဆင်းလာသောယာဉ်များကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေနေစဉ် တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ကျော်ခိုင်မောင်းနှင်လာသည့် FF/---- ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်မောင်းနှင့်အတူ ထိန်လင်းနောင်(ခ) ကိုနိုင်နှင့် ဇော်မင်းဦးတို့အားစစ်ဆေးရှာဖွေရာ ယာဉ်၏ ဝဲဘက်ရှေ့တံခါးအံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြား၊ နောက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ၁၀ထုပ်စည်းသုံးထုပ်၊ ကိုးထုပ်စည်း တစ်ထုပ်စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ နှင့် ဗုံးသုံးလုံးတို့ကိုဖမ်းဆီးရမိခဲ့သည်။ ငွေကျပ်သိန်း ၂၃၀ ကျော်ဖိုး ဖမ်းဆီးရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများကို နမ့်ဆန်မြို့မှ အမျိုးသားတစ်ဦးထံ စရန်ငွေကျပ် ၁၀ သိန်းပေးပြီး ရန်ကုန်မြို့ ရွှေပေါက်ကံ စက်မှုဇုန်(၁၆) ရပ်ကွက်နေ အမျိုးသားတစ်ဦးထံမှ ပြန်လည်ရောင်းချရန် သယ်ယူလာခြင်းဖြစ်ကြောင်း ထွက်ဆိုပြီး ကျော်ခိုင်၊ ထိန်လင်းနောင်(ခ) ကိုနိုင်နှင့် ဇော်မင်းဦး မင်္ဂလာဒုံမြို့နေသူတို့ သုံးဦးကို သာစည်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# သိန်းနီမြို့နယ်၌ ဘိန်းဖြူဆပ်ပြာခွက် ၈၅ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက်က သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် GI GROUP ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် မလုရာ၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၅၅ ခွက်(အလေးချိန် ၇၁၅ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ နှင့် မထုနောင်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၃၀ (အလေးချိန် ၃၉၀ ဂရမ်)တို့ကို သိမ်းဆည်းရမိသည်။ **(ယာပုံ)**

မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက်က လှိုင်လင်မြို့အထွက် လှိုင်လင်-မိုင်းပွန်သွားကားလမ်း မိုင်တိုင်အမှတ်(၁၆၉)အနီးတွင် ခွန်မောင်ကြီး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-နေပြည်တော်သွား ကားလမ်း လိန်းလီကြိုးတံတားအနီးတွင် ကျော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**ကိုရဲ**



## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဇော်မျိုးသန့်နှင့် ရွှေဘိုမြို့ အထက(ခွဲ)၊ အလက(၂) ဆဋ္ဌမတန်း(B)မှ မဇင်မာသန့်တို့၏ဖခင် အမည်မှန်မှာ ဦးဇော်ထွန်းဝင်း ၅/ခဥန(နိုင်)၀၇၀၀၄၅ ဖြစ်ပါသည်။ **ဦးဇော်ထွန်းဝင်း**

**ဖခင်အမည်မှန်**

ပြည်မြို့၊ ပညာခေတ္တရာ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုမြတ်နှင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းရင်အေး ၁၃/နစန(နိုင်)၀၂၆၇၅၀ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ချတောက်ရွာနေ တက္ကသိုလ်ကျောင်းသူ မရွှေဇင်ထိုက်၏ ဖခင် ဦးညွန့်ဝင်းနှင့် ဦးမျိုးဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးညွန့်ဝင်း(ခ)ဦးမျိုးဝင်း**

မေမေ ဒေါ်ဇင်ဇင်စိုးသိစေရန်
မေမေခင်ဗျား ပြဿနာတွေအားလုံး ဖြေရှင်းပေးဖို့ ဘာဘတို့ ဒေါ်ဒေါ်တို့အားလုံးက စီစဉ်နေကြတယ်။ အားလုံးက ခွင့်လွှတ်ကြတယ်။ အမြန်ဆုံးပြန်လာပါ။
သားကြီး သက်အာကာစိုး
ဖုန်း-၀၉ ၇၃၂၀၄၃၉၈

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းကိုကိုကျော်၏ ဖခင်အမည်မှန်မှာ ဦးနှင်းဗိုလ် ၅/ကလဝ(နိုင်)၀၄၇၂၂၁ ဖြစ်ပါသည်။ **ဦးနှင်းဗိုလ်**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ အထက (၅) တက္ကသိုလ်ဝင်တန်း(က)မှ မောင်သက်ဦး ဇော်နှင့် ပဥ္စမတန်း(ခ)မှ မောင်အောင်ခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဟန်ချို့အောင် ၅/ဆလက(နိုင်)၀၀၀၁၃၇ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရှင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၅/ဆလက(နိုင်)၀၈၇၃၇၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ဆွေ**




**ဖခင်အမည်မှန်**

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ရွာမအုပ်စု၊ မြောက်ခွေးရဲ၊ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်စိုင်းဝဏ္ဏအောင်၏ဖခင် အမည်မှန်မှာ ဦးအေးကြူ ၇/ပမန(နိုင်)၁၄၁၅၉၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း($SE_2$)မှ မောင်ဇော်မျိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှိုင် ၅/ဘတလ(နိုင်)၀၀၆၈၆၄ဖြစ်ပါကြောင်း။ **ဦးထွန်းလှိုင်**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အောင်ချမ်းသာ၊ အထက (၅) တက္ကသိုလ်ဝင်တန်း(A)မှ မောင်တင့်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ကြီး ၅/ဒပယ(နိုင်)၀၀၀၅၄၇ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ကြီး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 4G/7253 Suzuki Carry DA 63T,P/U (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၂/စခန(နိုင်)၀၅၈၇၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက် အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖြိုးဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၈/ရစက(နိုင်)၂၁၂၀၉၃ ဖြစ်ပါကြောင်း။ **ဦးသိန်းနိုင်**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အောင်ချမ်းသာ၊ အထက (၅) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဆန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ငယ် ၅/ဒပယ(နိုင်)၀၀၀၅၇၉ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ငယ်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက် အထက တက္ကသိုလ်ဝင်တန်းမှ မအိချွာညို၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ခိုင် ၅/ယမပ(နိုင်)၀၅၂၆၀၀ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်ခိုင်**

**အမည်ပြောင်း**

ဦးဇော်ထွန်းအောင်၏သား ရေဦးမြို့၊ မြပန်းသဇင် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဟံသာအောင်အား မောင်ဟန်သာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ-ဩစတြေးလျ တွဲဆိုင်းတစ်ဆိုင်းနှင့် အမျိုးသမီးတွဲဆိုင်းတစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် (၁၆)ကြိမ်မြောက် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ အထူးပွဲစဉ်များအဖြစ် ဩစတြေးလျနိုင်ငံသား တစ်ဦးဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ပြီး မြန်မာအမျိုးသမီးလက်ဝှေ့ကျော်နှစ်ဦးဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းလည်းပါဝင်ကြောင်း သိရသည်။


ရွှေစင်မင်း


ထက်ထက်မင်း(ခ)နန်းခင်စိုး

"စက်တင်ဘာ ၁၈ ရက်မှာ ကျင်းပမယ့် မျိုးဆက်သစ်ပွဲကတော့ အခမဲ့ကြည့်ရှုခွင့်ပေးတယ် ဆိုပေမယ့် စိတ်ဝင်စားစရာကောင်းတဲ့ တွဲဆိုင်း နှစ်ဆိုင်း ပါဝင်ပါတယ်။ အဲဒါကတော့ ရာဇာ(ထွန်းသွင်)ကလပ်နဲ့ ဩစတြေးလျနိုင်ငံ(သတ္တိကလပ်)မှာ လေ့ကျင့်နေတဲ့ ဂလင်းတို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး နောက်တစ်ပွဲကတော့ အမျိုးသမီးအထူးပွဲအဖြစ် ထည့်သွင်းထားတဲ့ ထက်ထက်မင်း (ခ) နန်းခင်စိုး (အဖြူရောင်သွေးသစ်)နဲ့ ရွှေစင်မင်း (မြွေဟောက်မင်း)တို့ ပွဲဖြစ်ပါတယ်။ မျိုးဆက်သစ်ပွဲတွေ ဆိုပေမယ့်လည်း အခြားတွဲဆိုင်းတွေကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲက ရွှေတံဆိပ်ဆုဆွတ်ခူးထားတဲ့ တွဲဆိုင်းတွေ များပါတယ်" ဟု ရိုးရာလက်ဝှေ့တိုးတက်ရေး မျိုးဆက်သစ်ပွဲများကို စဉ်ဆက်မပြတ်စီစဉ်ပေးနေသည့် မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ(မာဂျေ)က ပြောသည်။

(၁၆)ကြိမ်မြောက် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပွဲတွင် သုံးချီပွဲ ငါးပွဲ၊ လေးချီပွဲ နှစ်ပွဲနှင့် အထူးစိန်ခေါ်ပွဲ အမျိုးသမီးတွဲဆိုင်း တစ်ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။ သုံးချီ မျိုးဆက်သစ်ပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲမှ ကြေးတံဆိပ် ဆွတ်ခူးခဲ့သော ကောင်းထက်(သထုံ)နှင့် စောအိုကေ (သတ္တိ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြေးတံဆိပ်ဆုရှင် စစ်ထန်နှင့် ဝဏ္ဏ(ဝင်းက)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြေးတံဆိပ်ဆုရှင် ရဲနိုင်ဦး (နောင်ကလား)နှင့် နန်းတော်လေး (မန္တလေး)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေတံဆိပ်ဆုရှင် ဗိုလ်ခါချဉ်(T&T)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် သုံးချီပွဲ နောက်ဆုံးအထူးပွဲစဉ်အဖြစ် ဩစတြေးလျနိုင်ငံသား ဂလင်း(သတ္တိ) နှင့် ရာဇာ(ထွန်းသွင်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး လေးချီပွဲများတွင် ကျန်ကျောင်း(ဗမာ့သွေး)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေတံဆိပ်ဆုရှင် အလင်းရောင်(T&T)၊ ချိုင်းထူး (နဂါးမာန်)နှင့် စိန်လုံးချော(ဗမာ့သွေး) တို့ ပါဝင်ကာ နောက်ဆုံး အမျိုးသမီး အထူးစိန်ခေါ်ပွဲအဖြစ် ထက်ထက်မင်း(ခ) နန်းခင်စိုး (အဖြူရောင်သွေးသစ်) နှင့် ရွှေစင်မင်း (မြွေဟောက်မင်း) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

လာရောက်ကြည့်ရှု အားပေးလိုသော မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပြီး တိုက်ရိုက်ထုတ်လွှင့်မှုအနေဖြင့် စကိုင်းနက်မှ ပြသသွားမည်ဖြစ်သည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**

## မြန်မာ ယူ - ၁၉ အသင်း ကမ္ဘောဒီးယားနှင့် ယနေ့ကစားမည်

၂၀၁၆ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို စက်တင်ဘာ ၁၈ ရက် **(ယနေ့)** တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်း၏ ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲလည်း ဖြစ်သည်။

အုပ်စု(ခ) စတုတ္ထနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ စက်တင်ဘာ ၁၆ ရက် ပွဲစဉ်များအပြီးတွင် ဩစတြေးလျနှင့် ထိုင်းက ကိုးမှတ်စီ မြန်မာက လေးမှတ်၊ ကမ္ဘောဒီးယားက သုံးမှတ်၊ လာအိုက တစ်မှတ်၊ အင်ဒိုနီးရှားက အမှတ်မရရှိသေးပေ။

မြန်မာအသင်းသည် ယခုပွဲတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိပါက ဆီမီးဖိုင်နယ်နှင့် လွဲချော်ရတော့မည်ဖြစ်ပြီး အနိုင်ရရှိခဲ့လျှင်လည်း ထိုင်းနှင့် ဩစတြေးလျပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်ကာ ထိုင်းအသင်း ရှုံးနိမ့်မှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ထိုင်းအသင်း သရေ(သို့မဟုတ်)အနိုင်ရခဲ့ပါက မြန်မာအနေဖြင့် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရရှိလျှင်ပင် ဆီမီးဖိုင်နယ် တက်ရောက်ရန် မသေချာသေးဘဲ ဂိုးကွာခြားချက်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ပရီမီယာလိဂ်ပွဲစဉ်(၅) မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးအသင်းကြီးများ အနိုင်ရ



အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၅) စနေနေ့ည ပွဲစဉ်အဖြစ် မန်စီးတီးနှင့် ဘုန်းမောက်တို့ ယှဉ်ပြိုင်ကစားရာ **(ယာပုံ)** မန်စီးတီးက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။ မန်စီးတီးအတွက် ဂိုးများကို ၁၅ မိနစ်တွင် ဒီဘရိုင်း၊ ၂၅ မိနစ်တွင် နာချို၊ ၄၈ မိနစ်တွင် စတားလင်း၊ ၆၆ မိနစ်တွင် ဂန်ဒိုဂန်တို့က သွင်းယူပေးသည်။ ပွဲချိန် ၈၆ မိနစ်တွင် မန်စီးတီးမှ နိုလီတို တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ မန်စီးတီးသည် ပွဲစဉ်(၅)အပြီး ငါးပွဲစလုံးနိုင်ကာ ရမှတ် ၁၅ မှတ်ဖြင့် ဇယားထိပ်တွင် ရပ်တည်နေသည်။

ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အာဆင်နယ်က ဟားလ်စီးတီးကို လေးဂိုး-တစ်ဂိုး၊ လက်စတာက ဘန်လေကို သုံးဂိုး-ဂိုးမရှိ၊ ဝက်စ်ဘရွန်းက ဝက်စ်ဟမ်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

စပိန်လာလီဂါပွဲစဉ်(၄)အဖြစ် စက်တင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားသည့် လီဂါနက်စ်နှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာက ငါးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ အက်သလက်တီကိုက ဂီဂျွန်ကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**




**စစ်ကိုင်းတိုင်းဒေသကြီး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် တည်ဆောက်ရန်ရှိသော အောက်ဖော်ပြပါ အဆောက်အအုံများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ခွဲခန်း (၂၀'×၄၅' RC) (၁-ထပ်)(ရေမီးအပါ) (၁)လုံး
(ခ) ကားဂိုဒေါင် (၁၈'×၆၀') Steel Structure (၁)လုံး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၆
**တင်ဒါပိတ်မည့်ရက်** - ၁၈-၁၀-၂၀၁၆

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊**
ဖုန်း-၀၇၁-၂၆၅၀၅၊ ၀၉-၂၅၀၀၈၀၂၇၆

**ပြည်ထဲရေးဝန်ကြီးဌာန**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးရုံးမှ**

### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သောရုံးသုံးမော်တော်ယာဉ်နှစ်စီးဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါတင်သွင်းမည့်ရက်** - ၂၉-၉-၂၀၁၆ ရက်
**တင်ဒါတင်သွင်းရမည့်အချိန်** - ၀၉:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၆၇/၆၉၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်
**တင်ဒါပိတ်ရက်/အချိန်** - ၇-၁၀-၂၀၁၆ ရက် ၁၆:၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၁၃-၁၀-၂၀၁၆ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၁၃:၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးခန်းမ(၃)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ၂၂-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများအသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၂၄၂၇၆၂၊ ၀၁-၂၅၆၄၆၁၊ ၀၉-၅၀၂၂၉၀၉**

အ ခွ င့် အ လ မ်း ဖွေ ရှာ ဘ ဝ အ တွ က် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားရင်းမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန်ရည်ရွယ်ကာ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# မလေးရှားနိုင်ငံမှာ အလုပ်လုပ်ရင်းတောင်းခံနိုင်တဲ့ အခွင့်အရေးတွေအများကြီးရှိပါတယ်

## သတင်းဆောင်းပါး-ခင်ရတနာ
## ဓာတ်ပုံ-မေဦးမိုး၊
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

"ကျွန်တော်ဘယ်တော့သွားရမှာလဲ။ ကျွန်တော်ရမယ့် လစာကဘယ်လောက်လဲလို့ နိုင်ငံခြားသွားမယ့်သူတိုင်းက မေးတတ်ကြပါတယ်။ သူတို့မေးသင့်တဲ့ အရေးကြီးဆုံး မေးခွန်းတစ်ခုကို အမြဲတမ်းသတိမေ့နေကြတယ်။ အရေးကြီးတာက ကျွန်တော်တို့နိုင်ငံခြားမှာ အလုပ်လုပ်တဲ့ကာလ တစ်လျှောက် ဘေးကင်းလုံခြုံမှု ရှိရဲ့လားဆိုတာကို ချန်ထားတတ်ကြတယ်"လို့ ILO မြန်မာ၏ နည်းပညာအကြံပေး အရာရှိချုပ် ဂျက်ကီပူးလော့က ပြောပါတယ်။

မြန်မာနိုင်ငံက လုပ်သားအများစုဟာ နိုင်ငံရပ်ခြားမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ အာသီသပြင်းပြကြပေမယ့် နိုင်ငံရပ်ခြားကို အလုပ်သွားလာလုပ်ကိုင်ခြင်းဆိုင်ရာကိစ္စရပ်တွေမှာ အသိအမြင်အားနည်းမှုတွေကို မြင်တွေ့နေရဆဲပါ။

နေ့စဉ်ပင် မလေးရှားနိုင်ငံသို့ လာရောက်အလုပ်လုပ်ကြသူများစွာဟာ အဓိကမကျတဲ့ ပြဿနာတွေကို ဖြေရှင်းနေရမှုနှင့် မတရားခေါင်းပုံဖြတ်ခံရမှုတို့ကိုလည်း မကြာခဏကြုံတွေ့နေကြရပါတယ်။ အလုပ်ရှင်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှု၊ ရပိုင်ခွင့်အပြည့်အဝမရရှိမှုနှင့် သွားလာမှုဆိုင်ရာ ကန့်သတ်မှုတွေကို ကြုံတွေ့နေကြရခြင်းကြောင့် အလုပ်သမားတွေသိရှိထားသင့်တဲ့ အချက်အလက်အချို့ကို လေ့လာထားဖို့လိုအပ်ပါတယ်လို့ ILO မြန်မာမှ နည်းပညာအကြံပေး အရာရှိချုပ် ဂျက်ကီပူးလော့က ပြောပြပါတယ်။

**ပုံမှန်အလုပ်သမား**

နိုင်ငံကူးလက်မှတ်၊ ဗီဇာနဲ့ အလုပ်လုပ်ခွင့်ပါမစ်ရှိထားပြီး လိုင်စင်ရအလုပ်သမားစုဆောင်းရေး အေဂျင်စီတစ်ခုကနေတစ်ဆင့် နိုင်ငံခြားမှာ အလုပ်သွားရောက်လုပ်ကိုင်နိုင်ပါတယ်။ ပုံမှန်လုပ်သားဖြစ်တဲ့အတွက် မလေးရှားနိုင်ငံအတွင်းက မည်သည့်နေရာကိုမဆို ခရီးသွားလာနိုင်သလို နိုင်ငံရပ်ခြားအလုပ်သမားအခွင့်အရေးအရ ဆေးရုံတက်ကုသတာနဲ့ ခွဲစိတ်ကုသတာအားလုံးကို မယူမနေရ ကျန်းမာရေးအာမခံတွေ ထားရှိပါတယ်။ အဲလို ကုသမှုတွေအတွက်လည်း နိုင်ငံကူးလက်မှတ်ကို ပြသဖို့လိုအပ်သလို စိုက်ခင်းတစ်ခုခု ဒါမှမဟုတ် အိမ်အကူလုပ်သား တစ်ဦးဖြစ်နေပါကလည်း အလုပ်ရှင်ကို ထောက်ပံ့ကုသပေးဖို့ တောင်းဆိုနိုင်ပါတယ်။ အလုပ်သမားလျော်ကြေး အာမခံကိုလည်း ယူထားသင့်ပြီး အလုပ်ချိန်အတွင်း၊ အလုပ်ချိန်ပြင်ပ ထိခိုက်နစ်နာ



သေဆုံးသွားခဲ့လျှင်တောင် အာမခံနစ်နာကြေးကိုခံစားခွင့်ရှိပါတယ်။ အလုပ်ရှင်က အာမခံထားပေးဖို့ ပျက်ကွက်နေပါကသူ့ကို အစိုးရက ဒဏ်ကြေး ၄၀၀၀ ကောက်ခံနိုင်တယ်ဆိုတာလည်း သိထားဖို့လိုပါတယ်။

**ဒေသခံရဲတပ်ဖွဲ့ဖမ်းဆီးခံရလျှင်**

မလေးရှားနိုင်ငံမှာ ပုံမှန်အခြေအနေနဲ့ အလုပ်သွားလုပ်ရင်းက ရဲတပ်ဖွဲ့က ရပ်တန့်တားဆီးတာဖြစ်ဖြစ် ကြုံခဲ့ရရင် အမည်၊ သက်သေခံနံပါတ်နဲ့ နေရပ်လိပ်စာကို ပြောပြဖို့ ပြင်ဆင်ထားဖို့ လိုပါတယ်။ ရဲအရာရှိက ခန္ဓာကိုယ်နဲ့ အဝတ်အစားထဲ၊ လက်ကိုင်အိတ်တွေထဲကို ရှာဖွေတာကို ခွင့်မပြုဘဲနေနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်တစ်ခုချင်း ထုတ်ယူပြသဖို့တော့ လိုပါတယ်။ ခိုးမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှုနဲ့ နိုင်ငံကူးလက်မှတ်မပြနိုင်မှုတွေ ဖြစ်လာရင်တော့ ဖမ်းဆီးနိုင်ပြီး ကျန်တဲ့ကိစ္စရပ်တွေမှာ ဖမ်းဆီးမှုကို မေးမြန်းစုံစမ်းဖို့လိုအပ်ပြီး ထွက်ပြေးမသွားသင့်ဘူးလို့ အလုပ်သမားအရေးလိုက်ပါဆောင်ရွက်သူ ကိုမင်းဇော်က ရှင်းပြပါတယ်။

ဖမ်းဆီးခံရပါက မိတ်ဆွေထံကို သို့မဟုတ် ဥပဒေအကူအညီပေးရေးအဖွဲ့တွေကို ဖုန်းခေါ်ဆိုဖို့ အခွင့်အရေးက လူတိုင်းမှာရှိတယ်ဆိုတာကို သိထားသင့်ပြီး အကယ်၍ လူဝင်မှုပြစ်မှုနဲ့ ဖမ်းဆီးခံရပါက ၁၄ ရက်အထိ ထိန်းသိမ်းထားနိုင်တယ်ဆိုတာကိုလည်း သိထားသင့်ပါတယ်။

**တရားရုံးစွဲတင်ခံရလျှင်**

မလေးရှားနိုင်ငံရောက်ရှိနေပြီး မတော်တဆကိစ္စတစ်ခုခုနဲ့ တရားစွဲဆိုခံရလျှင် တရားစွဲဆိုချက် မိတ္တူကိုတောင်းယူထားဖို့လိုအပ်ပြီး စကားပြန်တောင်းဆိုခွင့်ရှိတယ်ဆိုတာကို အလုပ်သမားအတော်များများ မသိရှိကြဘူးလို့ ကိုမင်းဇော်က ပြောပြပါတယ်။ အလုပ်သမားတစ်ဦးအနေနဲ့ ကိုယ့်အပေါ်စွဲဆိုထားတဲ့ ပြစ်မှုအကြောင်းကို တိတိကျကျနားမလည်ဘဲနဲ့ အပြစ်ရှိကြောင်း ဝန်မခံမိစေဖို့ လိုအပ်တယ်လို့ သိရပါတယ်။

**ထိန်းသိမ်းခံရစဉ် အခွင့်အရေးတွေက**

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားတွေအနေနဲ့ ထိန်းသိမ်းခံရစဉ်မှာ ရဲထံကို ထွက်ဆိုချက်မပေးဘဲ နေပိုင်ခွင့်ရှိပါတယ်။ အဓိကပေးရမှာက အမည်အပြည့်အစုံ၊ အသက်၊ နေရပ်လိပ်စာနဲ့ အလုပ်အကိုင်တွေကိုပဲ ပေးရမှာဖြစ်ပြီး ရဲထံကိုပေးတဲ့ အချက်အလက်တွေဟာ တရားစွဲခံရတဲ့အခါမှာ သက်သေထွက်ချက်အဖြစ်နဲ့ အသုံးပြုနိုင်တယ်။ တရားရုံးကို မရောက်ခင် မေးမြန်းချက်တွေကို မဖြေဘဲနေပိုင်ခွင့်လည်း အပြည့်အဝရှိပြီး ထွက်ချက်ပေးမယ်လို့ ဆုံးဖြတ်လိုက်ရင် ရဲအရာရှိရဲ့ အမည်နဲ့ ရာထူးအဆင့်ကို မေးမြန်းထားဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ လိုက်ပါဖြေရှင်းပေးမယ့်သူတွေ အတွက် လွယ်ကူစွာနဲ့ စုံစမ်းဖော်ထုတ်နိုင်မယ်လို့ ILO မှ သိရပါတယ်။

**မလေးရှားရောက် ရွှေ့ပြောင်းအလုပ်သမားရပိုင်ခွင့်တွေ**

မှတ်ပုံတင်ထားတဲ့ ရွှေ့ပြောင်းသွားလာသူဖြစ်နေပြီဆိုပါက အမျိုးသမီးတွေရော အမျိုးသားတွေပါ တူညီတဲ့ လုပ်ခလစာကို တောင်းခံနိုင်ပါတယ်။ အလုပ်ရှင်အနေနဲ့ အလုပ်အကိုင်စည်းမျဉ်းတွေ၊ သတ်မှတ်ပြဋ္ဌာန်းချက်တွေကို ချိုးဖောက်ခဲ့မယ်ဆိုရင် အလုပ်သမားရေးရာဌာနကို စီရင်ဆုံးဖြတ်ပေးဖို့ တရားဝင်တိုင်ကြားနိုင်ပါတယ်။

မတရားအလုပ်ဖြုတ်ခံရတာဖြစ်လာရင်လည်း အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးဌာနကို ရက်ပေါင်း ၆၀အတွင်းမှာ သွားရောက်တိုင်ကြားဖို့ လိုအပ်တယ်လို့ ၎င်းက ဆက်လက်ပြောပြပါတယ်။ ဒါ့အပြင် ခွင့်မဲ့ နှစ်ရက်ထက် ပိုပျက်ကွက်တာနဲ့ ခိုးခြင်းကလွဲပြီး တော်ရုံပြစ်မှုလောက်နဲ့ အလုပ်ဖြုတ်မပစ်နိုင်တဲ့အပြင် အလုပ်ရှင်က အလုပ်မဖြုတ်မီ သတိပေးစာနဲ့ သတိပေးတာတွေ၊ ဌာနတွင်းစုံစမ်းစစ်ဆေးတာတွေမရှိဘဲလည်း အလုပ်ဖြုတ်လို့မရတာကိုသိထားဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။

**အလုပ်ရှင်ကို ပြန်လည်တိုင်ကြားနိုင်ပါတယ်**

လုပ်ခတွေကို နှစ်လထက်ကျော်လွန်ပြီးမရတဲ့ အခြေအနေ၊ လစာကို မတရားဖြတ်တောက်လာခဲ့တဲ့ အခြေအနေ၊ အချိန်ပိုလုပ်ခမပေးအပ်တဲ့အခြေအနေ၊ နားရက်မပေးခြင်းနဲ့၊ နှစ်ပတ်လည်ခွင့်ရက်မရခဲ့တဲ့ အခြေအနေ၊ ငွေရှင်းဖြတ်ပိုင်းတွေ မပေးအပ်တဲ့အခြေအနေ၊ အလုပ်အကိုင် ကန်ထရိုက်စာချုပ်မပေးအပ်တဲ့ အခြေအနေနဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေဖြစ်လာခဲ့မယ်ဆိုရင်တော့ အလုပ်သမားရေးရာ ဌာနကို စုံစမ်းစစ်ဆေးဖို့ တိုင်ကြားသင့်တယ်လို့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းက သတိပေးထားပါတယ်။

**အလုပ်လုပ်ခွင့်ပါမစ်မရှိတဲ့အခါ**

အလုပ်သမားအရေးနဲ့ပတ်သက်ပြီး အမှုတစ်ခုခုဖြစ်နေတဲ့အချိန်မှာ အလုပ်ရှင်က အလုပ်သမားရဲ့ အလုပ်လုပ်ခွင့်ပါမစ်ကို ပယ်ဖျက်ပစ်နိုင်ပြီး မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှာ အထူးခွင့်ပြုလက်မှတ် ဒါမှမဟုတ် ယာယီဗီဇာတစ်ခုကို လျှောက်ထားနိုင်တယ်ဆိုတာ အလုပ်သမားအများစုက မသိရှိကြဘူးလို့ မလေးရှားရောက် မြန်မာအလုပ်သမားတစ်ဦးကလည်း ဖြေကြားပါတယ်။ ဒါ့အပြင် သူတို့နိုင်ငံရဲ့ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းတွေကို ချိတ်ဆက်ထားပြီး အဖွဲ့ဝင်ထားမယ်ဆိုရင်လည်း အကူအညီတွေအများကြီး ရနိုင်တယ်လို့ သိရပါတယ်။

**မလေးရှားသွားသူများ နားရက်ရကြဖို့**

အလုပ်သမားအများစုက အလုပ်တာဝန် ထမ်းဆောင်တဲ့ကာလ နှစ်နှစ်မတိုင်မီ တစ်နှစ်အတွင်းမှာ အလုပ်လုပ်တဲ့ရက်တွေကနေ နားရက် ရှစ်ရက်၊ အလုပ်တာဝန်ထမ်းဆောင်တဲ့ကာလ နှစ်နှစ်နဲ့ ငါးနှစ်ကြားမှာ ၁၂ရက်နဲ့ ငါးနှစ်အထက် အလုပ်လုပ်သူတွေမှာ နားရက် ၁၆ရက်အထိ တောင်းဆိုရရှိနိုင်ပါတယ်။ မလေးရှားနိုင်ငံမှာ တရားဝင်ပြည်သူ့အားလပ်ရက် ၁၁ ရက်ရှိတာကိုလည်း သိထားဖို့ လိုအပ်ပါတယ်။

"အများပြည်သူအားလပ်ရက်တွေမှာ အလုပ်လုပ်ရရင် အလုပ်ရှင်က ပုံမှန်အလုပ်ချိန် တစ်နာရီလုပ်ခရဲ့ သုံးဆပေးဖို့ တာဝန်ရှိပါတယ်။ အကယ်၍ ကိုယ့်နားရက်မှာ ပြန်အလုပ်လုပ်ပေးရရင် အလုပ်ရှင်ဆီက ပုံမှန်လုပ်ခရဲ့ နှစ်ဆတောင်းခံနိုင်တယ်"လို့ ILO မြန်မာမှ မပိုပို ပြောပြပါတယ်။

**စာမျက်နှာ ၁၈ သို့**

**အရေးပေါ်မှတ်သားထားသင့်တဲ့ မလေးရှားအဖွဲ့အစည်းတွေ**

| အဖွဲ့အစည်းအမည် | ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာ |
|---|---|
| လူကုန်ကူးခံရသူများ အရေးပေါ်အကူအညီအတွက် | ၉၉၉ |
| ရဲစခန်းမှ အကူအညီလိုအပ်ပါက | ၉၉၉ |
| အလုပ်သမားအရေးအတွက် မက်ဆေ့ချ်ပို့နိုင်တဲ့နေရာ | +၆၀၁၂၂၃၄၃၅၇ |
| Tenaganita NGO အဖွဲ့အစည်း | 38 , Jalan Gasing , 46000 Petaling, Malaysia +၆၀၃၇၇၇၀၃၆၉၁၊ +၆၀၃၇၇၇၀၃၆၇၁ |
| Legal Aid Center Kuala Lumpur (Bar Council) | 9th Floor, Wiama Kraftangan, No.9, Jalan un Perak, 50050 Kuala Lumpur +၆၀၃၂၆၉၁၃၀၀၅၊ +၆၀၃၂၆၉၃၂၀၇၂ |
| Legal Aid Center Johor Baharu (Bar Council) | Johor Legal Aid Center Tingkat 5, Mahkamah Sesyn & Magistret, Jalan Ayer Molek, 80000 Johor Bahru +၆၀၇၂၂၃၅၆၉၈ |
| Malaysian Trade Union Congress, Penang (MRC) | 2958 Jalan Prai Taman Indrawasih 13600 Prai, Penang +၆၀၄၃၉၈၁၁၇၅၊ +၆၀၁၉၄၇၅၆၉၇ |
| Malaysia Trades Unions Congress (MTUC) | Wisma MTUC, 10-5, 47, Jalan USJ 9/5T, 47620 Subang Jaya, Selangor +၆၀၃၈၀၂၄၂၉၅၃ |
| Labour Office Kuala Lumpur (စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | Tingkat 9, Menara PERKESO 81, Jalan Ampang, 50532 Kuala Lumpur +၆၀၃၄၁၄၄၆၀၀ |
| Labour Office Selangor (စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | Suite A405-7 Tingkat, 3A, West Wing, Wisma Consplant2, No.7, Jin SS 16/1, 47500 Subang Jaya, Selangor +၆၀၃၅၆၃၆၁၆၀၅၊ +၆၀၃၅၆၃၂၈၀၀၀ |
| Labour Office Johor (စက်ရုံအလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုလျော်ကြေးအတွက်) | JTK Cawangan Johor Bahru Tingkat 9 & 10, Menara Ansar, 65, Jalan Trus, 80000 Johor Bahru, Johor +၆၀၇၂၂၄၃၁၈၈ / ၉၉ |




မူကြိုကျောင်းကို သွားချင်ဘူး
နေချင်ဘူး
ပြန်ချင်ဘူး
အိမ်ကို ပြန်ချင်ဘူး
END

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၇

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။**

**ကိုယ်စားလှယ်များဖတ်ကြားသွားသည့် စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

*ယမန်နေ့မှအဆက်*

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားလှယ် ဦးဂျေယောဝူ ဖတ်ကြားသည့်စာတမ်း

**လေးစားအပ်တဲ့-**

လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ခင်ဗျား-

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကိုယ်စားပြုတင်ပြသွားမယ့် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ရဲ့ဆောင်ပုဒ်က "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"ဟူ၍ဖြစ်ပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုပန်းတိုင်သို့ ရောက်ရှိအောင် အားလုံးပါဝင်ကြဖို့ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ စပ်လျဉ်းတဲ့အမြင်နဲ့သဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ ခင်ဗျား-**

ဒီမိုကရေစီရဲ့ တရားကိုယ်သဘောက ပြည်သူများအတွက် ပြည်သူများကိုယ်တိုင်ပါဝင် အုပ်စိုးရေးဖြစ်တယ်လို့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ မိမိတို့



ပြည်ထောင်စုမြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ လွှတ်တော်အသီးသီးကိုဖွဲ့စည်းနိုင်ခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဦးတည်ဖော်ဆောင်လျက်ရှိပါတယ်။ မိမိတို့ပါတီအနေနှင့် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းများအောင်မြင်ရေးအတွက် ကျရာကဏ္ဍက အစွမ်းကုန်ပါဝင်ကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးရာမှာလည်း အနည်းစုဟာ အများစုရဲ့ဆုံးဖြတ်ချက်ကို လေးစားလိုက်နာဖို့လိုသလို အများစုကလည်း အနည်းစုရဲ့ သဘောထားအကြံဉာဏ်နဲ့ဆန္ဒတွေကို အလေးထားဖို့လိုအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့ မှီတင်းနေထိုင်လျက်ရှိတာကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ဦးတည်ဖော်ဆောင်ရာမှာ

(၁) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး

(၃) လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ခွင့်ရှိရေးနှင့်

(၄) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးတို့အတွက် အာမခံချက်များ ရှိသင့်တယ်လို့ မိမိတို့ပါတီကခံယူပါတယ်။ အဆိုပါ ဦးတည်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့လိုသလို ပြည်နယ်ဒေသတစ်ခုချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို သဟဇာတကျကျ ပေါင်းစပ်ဖော်ဆောင်သွားဖို့လိုကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ ခင်ဗျား-**

ပြည်သူများအနေဖြင့် ဒီမိုကရေစီအနှစ်သာရများနှင့်အညီ အပြည့်အဝရရှိခံစားနိုင်စေဖို့အတွက် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံဖြစ်စေရန် လိုအပ်သကဲ့သို့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရန်လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီး မရှေးမနှောင်းကာလမှစ၍ လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့တာကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် နှစ်ကာလရှည်ကြာစွာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံနှင့် အနိဋ္ဌာရုံတွေကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိနေရပါသည်။ နိုင်ငံအဝန်းဒေသအနှံ့မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကြီးဖြစ်ထွန်းရေး မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူများအတွက် အခြေခံလိုအပ်ချက်ကြီးဖြစ်ပါတယ်။ အဲ့ဒီလိုအပ်ချက်ကို ရရှိခံစားနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့က မနှေးအမြန်ပါဝင်သဘောတူလက်မှတ်ရေးထိုးကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာတဲ့ ပြည်သူတွေရဲ့အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ ခင်ဗျား-**

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးကို ရှေးရှုကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကို ကျင်းပခဲ့ပါတယ်။ အဆိုပါညီလာခံကြီးရဲ့ဦးတည်ချက်ဟာ ငြိမ်းချမ်းရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးဖြစ်ပါတယ်။ ဒီဆောင်ရွက်မှုဟာ နိုင်ငံတော်ရဲ့ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိမိတို့ပါတီအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံးနှင့်အတူ နီးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုဖြစ်စဉ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းဖြင့် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

## မွန်အမျိုးသားပါတီကိုယ်စားလှယ် ဦးနိုင်သီဟ ဖတ်ကြားသည့်စာတမ်း



အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ ကြွရောက်လာကြသော ဂုဏ်သရေရှိ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီကို ကိုယ်စားပြုစာတမ်းဖတ်ကြားမည့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။

အခုလို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ ပါတီကိုယ်စားပြု စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလို ပါတယ်။

လူသားအားလုံးဟာ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ပျော်ရွှင်မှုကို ခံစားပိုင်ခွင့်အခွင့်အရေးရှိပြီး အဆိုပါအခွင့်အရေးတွေကို တန်းတူညီမျှခံစားရယူပိုင်ခွင့် အခွင့်အရေးရှိတယ်။ ဒါဟာ လူသားအားလုံးအတွက် ကောင်းမွန်တဲ့ဘဝတွေကို ဘယ်လိုကြိုးစားတည်ဆောက်ခွင့်ရှိတယ်ဆိုတာကို အခိုင်အမာ လမ်းညွှန်ခဲ့တာလည်းဖြစ်တယ်။

နိုင်ငံသားတိုင်းဟာ ခွဲခြားဆက်ဆံရခြင်းမရှိဖို့လိုအပ်ပြီး ဒီရပိုင်ခွင့်ကို အထူးထိန်းသိမ်းကြပ်မတ်ဖို့လည်း လိုအပ်ပါတယ်။ ပညာရေးကဏ္ဍနဲ့ပြောမယ်ဆိုရင် ကလေးငယ်တွေဟာ ခွဲခြားဆက်ဆံရခြင်းမှ ကင်းဝေးနေဖို့ လိုအပ်တယ်လို့ဆိုရမှာဖြစ်တယ်။ လူမျိုးအရဖြစ်စေ၊ ဘာသာစကားအရဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ၊ ဒီအချက်တွေကြောင့် ကလေးငယ်တွေကို စာသင်ခန်းတွေကနေ ဝေးကွာသွားစေတာမျိုး၊ ဘေးဖယ်ထုတ်ပစ်တာမျိုးမဖြစ်ရအောင် ဆောင်ရွက်ရမှာဖြစ်တယ်။

လူတစ်ဦးချင်းစီအတွက် လေးစားမှုနဲ့ဂုဏ်သိက္ခာရှိစွာဆက်ဆံခံရဖို့လိုပါတယ်။ လွတ်လပ်မှုကို ရပိုင်ခွင့်နဲ့လုံခြုံမှုကို ခံစားပိုင်ခွင့်ရှိရပါမယ်။ နိုင်ငံသားတိုင်းဟာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ဆန္ဒပြခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်ရှိနေရမှာ ဖြစ်တယ်။ မိမိတို့ရဲ့မိခင်ဘာသာစကားကို အသုံးပြုခွင့်ရှိရမှာဖြစ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှုတွေကိုလည်း ဖော်ထုတ်နိုင်ခွင့်ရှိရပါမယ်။

ဒီမိုကရေစီဆိုတာ ပြည်သူလူထုအုပ်ချုပ်ခြင်း (rule by the people)နဲ့ ပြည်သူလူထုအတွက် အုပ်ချုပ်ခြင်း (rule for the people)ဆိုတဲ့ စည်းမျဉ်းတွေအပေါ်မှာ အခြေခံထားတဲ့ နိုင်ငံရေးစနစ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်မှု (Multi-ethnic context)ဆိုတဲ့ အကြောင်းအရာကို စဉ်းစားတွေးခေါ်မှုမရှိရင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်လာမှုနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှု (Political stability)တွေဟာ အခက်အခဲတွေဖြစ်လာစေတတ်ပါတယ်။ လူမျိုးစုရေးရာပဋိပက္ခများကို လူမျိုးစုရေးရာ ဖက်ဒရယ်စနစ် (ethnic federalism)ကသာ ဖြေရှင်းပေးနိုင်ကြောင်း အဆိုပြုထားကြပါတယ်။

လူမျိုးစုရေးရာ ဖက်ဒရယ်စနစ်ဟာ တိုင်းပြည်ရဲ့စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးစုများရဲ့ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ အဖြေတစ်ရပ်ဖြစ်ကြောင်း ပညာရှင်အချို့က ရေးသားဖော်ပြခဲ့ပါတယ်။ လူမျိုးစုများကို သက်ဆိုင်ရာလူမျိုးစုအလိုက် အသိအမှတ်ပြုပြီး တိုင်းပြည်ရဲ့ နိုင်ငံသားများအဖြစ် အသိအမှတ်ပြုထားခြင်းကြောင့် လူမျိုးစုရေးရာ ဖက်ဒရယ်စနစ်မှာ Dual Identity လက္ခဏာဆောင်ပြီး လူမျိုးစုများအကြားက ညီညွတ်ရေးကို တည်ဆောက်နိုင်ကြောင်း သုတေသနမှတ်တမ်းများမှာ ဖော်ပြထားပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ ပါဝါခွဲဝေမှု (Division of Powers)က အလွန်အရေးကြီးပါတယ်။ ပါဝါခွဲဝေမှုများကို လက်တွေ့ကျင့်သုံးရာမှာ အခြေအနေ၊ အချိန်အခါ ထည့်သွင်းစဉ်းစားရမှုတွေရှိတဲ့အတွက် အသုံးပြုနိုင်တဲ့ တစ်ခုတည်းသော သဏ္ဌာန်ဆိုတာတော့ မရှိနိုင်ပါဘူး။ ပါဝါခွဲဝေတဲ့ နိုင်ငံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အရင်းအမြစ်များကို တန်းတူညီမျှခွဲဝေအသုံးပြုခြင်း၊ တစ်ဖက်နှင့်တစ်ဖက်အနိုင်ယူရန် ဆန္ဒမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသည့် နိုင်ငံရေးယဉ်ကျေးမှုထွန်းကားခြင်းစတဲ့ အခြေအနေတွေရှိနေမယ်ဆိုရင် အောင်မြင်မှုနှုန်းမြင့်မားပါတယ်။ ပါဝါခွဲဝေတဲ့ အစီအမံများချမှတ်ရာမှာ သက်ဆိုင်ရာလူမျိုးအလိုက် မျိုးနွယ်စုများရဲ့ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အားလုံးပါဝင်မှု (All inclusiveness) အလေးထားဖို့ လိုအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၅ မှ*

နာမကျန်းဖြစ်နေတဲ့အခါ ဆရာဝန်ထံကနေ ဆေးလက်မှတ်ကိုတောင်းခံပြီး အလုပ်ရှင်ကို အကြောင်းကြားဖို့လိုအပ်သလို နာမကျန်းတဲ့ကာလမှာ ဝင်ငွေကိုရရှိဖို့အတွက်လည်း အခွင့်အရေးရှိပါတယ်။ အလုပ်သမားတွေအတွက် အလုပ်တာဝန်ထမ်းဆောင်တဲ့ကာလ နှစ်နှစ်ထက်နည်းရင် ဆေးရုံတက်ရောက်ကုသနိုင်ခွင့်မရှိဘဲ လစာအပြည့်နဲ့ နာမကျန်းခွင့်က အများဆုံး ၁၄ ရက်နဲ့ တာဝန်ထမ်းဆောင်တဲ့ကာလ နှစ်နှစ်ကနေ ငါးနှစ်အတွင်းရှိခဲ့မယ်ဆိုရင် ၁၈ ရက်အထိ ခံစားနိုင်ပါတယ်။ အလုပ်သမားအားလုံး ဆေးရုံတက်နေတဲ့အချိန်မှာ နာမကျန်းခွင့် ၆၀ ရက်ကို ရရှိနိုင်ပါတယ်။

### အလုပ်ရှင်နဲ့အလုပ်သမားစာချုပ်

အလုပ်တာဝန်ရယူဖို့အတွက် အလုပ်ရှင်၊ အလုပ်သမားစာချုပ်က အရေးကြီးပါတယ်။ မြန်မာအလုပ်သမားအများစုအနေနဲ့ စာချုပ်ကို လေ့လာမှုအားနည်းတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေ ကြုံတွေ့နေရတယ်လို့ အလုပ်သမားအရေးလှုပ်ရှားသူတွေထံကနေ သိရပါတယ်။

စာချုပ်မှာ အကြမ်းဖျင်းအားဖြင့် အလုပ်သမားအမည်နဲ့ သက်သေခံကတ်နံပါတ်၊ လုပ်ငန်းလိပ်စာ၊ အလုပ်ရှင်အမည်၊ အလုပ်သမားအကျိုးခံစားခွင့်၊ လစာနဲ့ အလုပ်လုပ်ချိန်၊ ခွင့်ခံစားခွင့်၊ လစာဖြတ်တောက်မှု၊ လုပ်ငန်းတာဝန်နဲ့ စာချုပ်သက်တမ်းတွေ မဖြစ်မနေပါဝင်လားဆိုတာနဲ့ ကိုယ်နဲ့ကိုက်ညီမှုရှိမလားဆိုတာကို လေ့လာဆန်းစစ်ဖို့ လိုအပ်တယ်လို့ သိရပါတယ်။

### နေထိုင်မှုကုန်ကျစရိတ်

"အလုပ်တွေက တစ်ခုနဲ့တစ်ခုမတူညီသလို ကုန်ကျစရိတ်တွေကိုလည်း အချို့အလုပ်တွေမှာ ပြန်ပေးရတာတွေ ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလုပ်ရင် အိမ်ရာတွေ စီစဉ်ပေးမလား၊ စက်ရုံအလုပ်ရုံတွေမှာ နေစရာအတွက် ပြန်လည် တောင်းခံတာရှိလားဆိုတာကိုပါ မသွားခင်ကတည်းက မေးမြန်းထားဖို့ လိုအပ်ပါတယ်။ လစာထဲကနေ နိုင်ငံခြားအလုပ်သမား စည်းကြပ်ခွန်၊ အလုပ်လုပ်ခွင့်ပါမစ် ကုန်ကျစရိတ်၊ နိုင်ငံခြားအလုပ်သမားတွေအတွက် ဆေးရုံတက်ရောက်ကုသခြင်းနဲ့ ခွဲစိတ်ကုသခြင်းဆိုင်ရာ အာမခံကြေး၊ နေစရာ ငှားရမ်းခ၊ အိမ်အတွက် ရေ၊ မီးအခွန်အခတွေကို အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်စလုံးက အလုပ်မဝင်ခင်ကတည်းက သဘောတူညီမှုရရှိထားဖို့ လိုအပ်ပါတယ်။

### အမျိုးသမီးအလုပ်သမားတွေ သတိထားဖို့

အမျိုးသမီး နိုင်ငံခြားသား အလုပ်သမားတွေအနေနဲ့ မလေးရှားနိုင်ငံမှာ အလုပ်လုပ်ရင်း ကိုယ်ဝန်ရှိခဲ့မယ်ဆိုရင် ပြန်ပို့နိုင်ခြေအခွင့်အရေး အလွန်များပါတယ်။



သူတို့ဥပဒေအရ အမျိုးသားအလုပ်သမားတွေနဲ့တန်းတူ လုပ်ခလစာနဲ့ အခြားအခွင့်အရေးတွေကို တောင်းခံနိုင်ပေမယ့် နိုင်ငံခြားသားအလုပ်သမား အမျိုးသမီးတွေအနေနဲ့ မီးဖွားခွင့်နဲ့ဆိုင်တဲ့ အခွင့်အရေးတွေကိုတော့ မရရှိနိုင်တာကို သိထားဖို့ လိုအပ်ပါတယ်။

# ‘ဝ’ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် ဦးကျင်ဝမ်း ဖတ်ကြားသည့်စာတမ်း

ယနေ့ဒီမိုကရေစီနေ့မှာ “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” "Democracy 2030" ခေါင်းစဉ်ဖြင့် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြတဲ့ လူကြီးမင်းများနှင့် ပါတီစုံအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို အထူးပင်လေးစားပါကြောင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ၀ါရဝပြုပါတယ်။

ကျွန်တော်ကတော့ ‘ဝ’ ဒီမိုကရက်တစ်ပါတီမှ ဟိုပန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားအတွက် စာတမ်းကို ဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပြီး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာပါလီမန်မှ ပေးပို့လာသော ဆောင်ပုဒ်ဖြစ်သည့် “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့ "Democracy 2030" ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။ အထက်ပါ ခေါင်းစဉ်ဟာ မိမိတို့နိုင်ငံအတွက် အလွန်အရေးပါသော အလေးထားလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။



ကျွန်ုပ်တို့နိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် ပိုင်းခြားကျင့်သုံးလာခဲ့ပြီး ယင်းမဏ္ဍိုင်ကြီး(၃)ရပ်တို့ အပြန်အလှန် ထိန်းညှိခြင်းဖြင့် ဒီမိုကရေစီကို လျှောက်လှမ်းလျက်ရှိပါတယ်။

မိမိတို့နိုင်ငံဟာ အခြားဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သက်တမ်းအတွေ့အကြုံ အလွန်ပင်နုနယ်သေးတဲ့နိုင်ငံဖြစ်ပါတယ်။ နောင်လာမည့် ၂၀၃၀ ပြည့်နှစ်ဆိုလျှင် မိမိတို့နိုင်ငံသည် ရင့်ကျက်သော ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ယနေ့အောင်မြင်သော ဒီမိုကရေစီနိုင်ငံကြီးကဲ့သို့ ဖြစ်ပေါ်ရေးအတွက် ရေရှည်စီမံကိန်းများ ချမှတ်ရေးဆွဲပြီး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်ကိုတွက်ဆ၍ ကြိုတင်စီမံထားရမှာလည်း ဖြစ်ပါတယ်။

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဆိုသည့် ဆိုရိုးစကားအတိုင်း ယခုအချိန်မှစ၍ လူငယ်များအားလည်း ဒီမိုကရေစီစနစ် ကျင့်စဉ်၊ စံနှုန်းများသိရှိနားလည်အောင် လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ အနာဂတ်ကာလတွင် ခိုင်မာသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးတွင် လူငယ်၊ လူရွယ်များတက်ကြွစွာ ပါဝင်လာကြစေရန်အတွက် ပါလီမန်မှ ကိုယ်စားလှယ်များက မိမိတို့၏မဲဆန္ဒနယ်များတွင် ပါလီမန်အတွေ့အကြုံများကို ပြည်သူများထံ ရှင်းလင်းတင်ပြခြင်းများ၊ လူငယ်လူရွယ်များကို တွေ့ဆုံဆွေးနွေးအသိပေးခြင်းများအား အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီရှင်သန်ခိုင်မာလာစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် အရေးကြီးသော မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အဲဒါကတော့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးပဲဖြစ်ပါတယ်။ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ပြီး အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဟာ မကြာခင်ကာလမှာရရှိတော့မည်ဟု ယုံကြည်မိပါတယ်။

တိုင်းပြည်ငြိမ်းချမ်းရေးရရှိလာပါက လစ်လပ်မဲဆန္ဒနယ်များမရှိတော့ဘဲ ပြည်သူများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ ပိုမိုပါဝင်လာနိုင်မှာဖြစ်ပါတယ်။ ပြည်သူများ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မှာဖြစ်တဲ့အတွက် တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီ ၂၀၃၀ တွင် ဖြစ်ပေါ်လာမည့် ရည်မှန်းချက်များနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးကို “ဝ”ဒီမိုကရက်တစ်ပါတီမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

# တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးစိုးရွှေ ဖတ်ကြားသည့်စာတမ်း



အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက်မှာ ဒီမိုကရေစီစနစ်ကို ခံယူကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးမှာ ၂၀၀၈ ခုနှစ်ကစပြီး နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ရောက်တိုင်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည်မှာ ယနေ့ဆိုလျှင်(၆)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် IPU က သတ်မှတ်ရွေးချယ်ထားသည့် ဆောင်ပုဒ်မှာ “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” "Democracy 2030" ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏အနှစ်သာရဟူသည် ပြည်သူတို့က ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူအတွက် အလုပ်အကျွေးပြုရန် ရွေးချယ်တာဝန်ပေးအပ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ပြည်သူတို့က ပြည်သူ့ကိုယ်စားလှယ်များကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်၍ ပြည်သူ့အုပ်ချုပ်ရေးတာဝန်ကို ပေးအပ်နေပြီဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ပုံတူကူးချ၍မရပါ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒီမိုကရေစီကျင့်သုံးပုံချင်းမတူသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ မိမိနိုင်ငံ၏ နောက်ခံသမိုင်း၊ ပြည်သူလူထု၏ စံနှုန်း၊ လိုက်နာမှု၊ ပထဝီနိုင်ငံရေးအခြေအနေတို့အပေါ်မူတည်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုသို့ကျင့်သုံးရာတွင် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားပြည်သူအားလုံးကလည်း ဒီမိုကရေစီရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို အလေးထားချစ်မြတ်နိုးပြီး စည်းကမ်းရှိစွာ ဆင်ခြင်တုံဉာဏ်ဖြင့် ပါဝင်ကျင့်သုံးကြရပါမည်။ ပြည်သူမှ ရွေးချယ်ထားသော အစိုးရအနေဖြင့်လည်း ဒီမိုကရေစီ၏ အခြေခံရပိုင်ခွင့်များကို ပြည်သူတို့အားပေးအပ်ထားပြီး ပြည်သူ့အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုရေးကိုမူတည်၍ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ကို အမြစ်တွယ်ရှင်သန်အောင် ပြုလုပ်ကြရမည်ဖြစ်ပါသည်။

စည်းကမ်းရှိသော ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးအတွက် မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံး ဒီမိုကရေစီစံနှုန်းများကို သိရှိယုံကြည်ပြီး ၎င်းစံနှုန်းများအတိုင်း ပြုမူလိုက်နာဆောင်ရွက်တတ်သည့်အလေ့အထများကို မိမိတို့၏ နေ့စဉ်ဘဝတွင် အမြဲတမ်းကျင့်သုံးနေဖို့ လိုအပ်ပါသည်။ ထိုသို့ကျင့်သုံးနိုင်ရေးအတွက် ဒီမိုကရေစီစံများ၊ ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ပြည်သူအားလုံးပါဝင်လာအောင် ဆောင်ရွက်ကြရပါမည်။ ပြည်သူအားလုံး ပါဝင်အောင်ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့် စည်းကမ်းရှိသော လူ့အဖွဲ့အစည်းပေါင်းစည်းညီညွတ်မှသာ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ပြည်သူ့အုပ်ချုပ်ရေးစနစ် အမြစ်တွယ်ရှင်သန်မည်ဖြစ်ပါသည်။ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ပြည်သူ့အုပ်ချုပ်ရေးစနစ်တာဝန်များကို ထိရောက်မှန်ကန်စွာထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့ကိုယ်စားလှယ်ခေါင်းဆောင်များရော ပြည်သူများပါ အသိအမြင်ဗဟုသုတကြွယ်ဝ၍ ဆင်ခြင်တုံဉာဏ်ရင့်သန်ကာ အမြော်အမြင်ရှိသော လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်သွားကြရပါမည်။ လူ့အဖွဲ့အစည်းကို ဦးဆောင်သူများအနေဖြင့် “ပြည်သူတို့၏အကျိုးစီးပွား” ကို အစဉ်ဦးထိပ်ထားလျက် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် အချင်းချင်းညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဦးဆောင်ထူထောင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စည်းကမ်းရှိသော ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းသော၊ အေးချမ်းသောလူ့အဖွဲ့အစည်းအတွင်း၌သာ အမြစ်တွယ်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်အမြစ်တွယ်ရန်အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မရှိမဖြစ်အထူးလိုအပ်ပါသည်။ လက်ရှိတွင်လည်း ကျွန်တော်တို့နိုင်ငံအနေဖြင့် ဥပဒေပြုလွှတ်တော်များ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများက မိမိတို့၏အခွင့်အာဏာများကို အတတ်နိုင်ဆုံးပိုင်းခြားအသုံးပြုလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လုံခြုံရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစသည့် အာဏာ(၃)ရပ်ကို လက်နက်ကိုင်တောင်းဆိုမှုသည် မည်သည့် ဒီမိုကရေစီနိုင်ငံတွင်မှ မရှိတော့ကြောင်း တွေ့နိုင်မည်ဖြစ်ပါသည်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကိုလည်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်ဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရပါမည်။ ငြိမ်းချမ်းရေးရရှိမှသာ ဒီမိုကရေစီကျင့်စဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးမှလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့လိုက်နာဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးပေါင်းစုံ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများဖြစ်ကြသည့်အတွက် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဘာသာစွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကိုယ်စီအသိဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရန်လည်း အထူးလိုအပ်လှပါသည်။ ပြည်သူတို့၏ ပင်ကိုအသိစိတ်ဖြင့် လိုက်နာအပ်သော အစဉ်အလာကျင့်ဝတ်၊ နီတိ၊ စည်းကမ်း၊ ဥပဒေများကိုလိုက်နာပြီး ဒီမိုကရေစီစနစ်တွင် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်လေးစားယုံကြည်အားထားမှုကို တည်ဆောက်ကျင့်သုံးကြရမည်ဖြစ်ပါသည်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအတွင်း အမြင်သဘောထားချင်း မတူညီမှုများ၊ ကွဲပြားမှုများအား ဖေ့စပ်ညှိနှိုင်းပြီးဘုံရပ်တည်ချက်တစ်ရပ်ကို ရှာဖွေသဘောတူနိုင်သည်အထိ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြရာတွင် အဆင်မပြေမှုများ၊ အခက်အခဲများကိုလည်း ပြည်သူအားလုံးနှင့်အဖွဲ့အစည်းအသီးသီးမှ စိတ်ရှည်သီးခံခြင်းဖြင့် အောင်မြင်သည်အထိ တစ်ဆင့်ချင်း ဝိုင်းဝန်းတည်ဆောက်ရန်အရေးကြီးပါသည်။ ထိုသို့တည်ဆောက်နိုင်ပါက ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်နေမည်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ IPU ၏ မျှော်မှန်းချက်အတိုင်း ၂၀၃၀ တွင် မလွဲမသွေရောက်ရှိလာမည်ဖြစ်ပါသည်။ ဒီမိုကရေစီ တာဝန်ခံမှုကို “ဖူကူယားမား” ၏အဆိုအရ “အထိန်းအကွပ်” တို့ဖြင့် “စည်းမျဉ်းစည်းကမ်းများ”ကို ပုံဖော်ယူရမည်ဟု ဆိုသကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုရောက်ရှိရေး ပိုမိုလိုလားမျှော်လင့်မိပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သော “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” "Democracy 2030" ဆောင်ပုဒ်နှင့်အညီ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသားပြည်သူအပေါင်းတို့မှ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု ဆန္ဒပြုရင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အား ဂုဏ်ပြုအပ်ပါသည်။ (ဆက်လက်ဖော်ပြပါမည်)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးကျင်းပ

**မြိတ် စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S)၏ စတုတ္ထအကြိမ်အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်ကွက်၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးလှသန်း (မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း-ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ဗိုလ်ကြီးစောမူကပေါ်၊ တိုင်းဒေသကြီး ကရင်အမျိုးသမီးရေးရာအဖွဲ့မှ နော်မဒြက်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ စရောဝင်း၊ အတွင်းရေးမှူး(၁) KNU မြိတ်-ထားဝယ်ခရိုင် တရားစီရင်ရေးတာဝန်ခံ ဖဒိုဘီးလယ်၊ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုနှင့် တာဝန်ရှိသူများတက်ရောက်ကာ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၂)နှင့် တက်ရောက်လာကြသည့်အဖွဲ့ဝင်များက ဆွေးနွေးလိုသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# စက်ရေတွင်း တွင်းနက်များ တူးဖော်ပေးလျက်ရှိ

**မြစ်သား စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ရေရှားပါးသောဒေသများတွင် စက်ရေတွင်း တွင်းနက်များကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းမှ ရေရှားပါးသောဒေသများဖြစ်သည့် ညောက်ပင်သာ၊ ဒိုင်းကောင်းကန်၊ မြို့ကုန်း၊ ဂဠုန်ကန်၊ တစ်လိုင်းကုန်းနှင့် မြင်းခြံကုန်းကျေးရွာများတွင် စက်ရေတွင်းနက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ဒါအောင်မြင်ခဲ့သော ဝင့်ထက်အောင်ကုမ္ပဏီက တာဝန်ယူ၍ စက်ရေတွင်းများ တူးဖော်ပေးနေခြင်းဖြစ်သည်။

ကျေးရွာစက်ရေတွင်းများ တူးဖော်နေမှုအခြေအနေကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများက စက်တင်ဘာလဒုတိယပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# စာတစ်ပိုဒ်မှ စာတစ်ပုဒ်လုံးသို့

**မောင်ခင်မင်(ဓနုဖြူ)**

"စာရေးရာမှာ ဆိုလိုချက်တစ်ချက်ကို စာပိုဒ်တစ်ပိုဒ်ခွဲရေးတဲ့ အလေ့အကျင့်ရပြီဆိုရင် ကိုယ်ရေးမယ့်အကြောင်းအရာတစ်ခုလုံးအတွက် စာပိုဒ်တွေချိတ်ဆက်ပြီး ရေးသွားဖို့ပါပဲ။ အဲဒီလိုရေးရင် အစီအစဉ်ကျတဲ့စာတစ်ပုဒ်ပုံပေါ်လာမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ။ စာပိုဒ်တစ်ပိုဒ်နဲ့တစ်ပိုဒ် ချိတ်ဆက်တာနဲ့ပတ်သက်လို့ မှတ်သားရမယ့် အချက်တွေလည်း သိပါရစေ"

"စာတစ်ပုဒ်မှာပါတဲ့စာပိုဒ်ချင်းက အကြောင်းအရာအရလည်း ဆက်စပ်မှုရှိရမယ်။ အရေးအသားအရလည်း ဆက်စပ်မှုရှိရမယ်လေ။ ကဲ...သမီးတို့ငယ်ငယ်ကရေးခဲ့ဖူးတဲ့ စာစီစာကုံးခေါင်းစဉ်တစ်ခုပြောစမ်းပါ"

" 'ကျွန်မ၏ သူငယ်ချင်းတစ်ဦး' ပါဆရာ"

"ဟုတ်ပြီ။ ကဲ... အဲဒီခေါင်းစဉ်နဲ့ စာစီစာကုံးတစ်ပုဒ်ရေးမယ်ဆိုပါတော့။ ပထမဆုံးစာပိုဒ်က နိဒါန်းဖြစ်မှာပေါ့။ အဲဒီစာပိုဒ်မှာ ဘာအကြောင်းရေးမလဲ"

"သမီးမှာသူငယ်ချင်းတွေ အများကြီးရှိတဲ့အကြောင်း၊ အဲဒီအထဲက သူငယ်ချင်း တစ်ယောက်ကို အခင်မင်ဆုံးဖြစ်တဲ့အကြောင်းပေါ့ဆရာ"

"ဟုတ်ပါပြီ။ ဒါကသမီးစိတ်ကူးပေါ့။ အဲဒီလိုမစဘဲ မူလတန်းတုန်းက အိမ်နီးချင်းဖြစ်ပြီး ခင်မင်ရတဲ့သူငယ်ချင်းတစ်ယောက်ရှိတဲ့အကြောင်းက စရင်လည်းဖြစ်တာပါပဲ။ စိတ်ကူးပေါ် သလိုစရေးကြမှာပေါ့။ သူငယ်ချင်းတစ်ယောက်အကြောင်းရေးဖို့ နိဒါန်းချီတဲ့သဘောကတော့ တူမှာပေါ့"

"ဟုတ်ကဲ့ပါ"

"နိဒါန်းပြီးတော့ စာကိုယ်ပေါ့။ စာကိုယ်မှာတော့ စာပိုဒ်ဘယ်နှစ်ပိုဒ်ရှိရမယ်လို့ ပုံသေသတ်မှတ်လို့မရဘူးလေ။ ရေးစရာများများရှိရင် စာပိုဒ်များများမှာပေါ့။ ကဲ...အဲဒီစာပိုဒ်မှာတော့ သူငယ်ချင်းရဲ့နာမည်၊ အသက်အရွယ်၊ ပုံပန်းသွင်ပြင်ဆိုတဲ့ မြင်ရတဲ့ ရုပ်ဆင်းသဏ္ဌာန်ကို ဖော်ပြမယ်။ အဲဒါကစာပိုဒ်တစ်ပိုဒ်ပေါ့"

"ဒီလိုဆိုရင် နောက်တစ်ပိုဒ်မှာ ကိုယ်နဲ့ဘယ်လိုစပြီး ခင်မင်လာရတယ်ဆိုတာ၊ ပြီးတော့ သူ့ရဲ့အကျင့်နဲ့ဝါသနာပေါ့။ အဲဒါတွေ စာတစ်ပိုဒ်စီရေးမယ်ဆရာ"

"ဟုတ်ပါပြီ။ အဲဒီနောက်တော့ သူငယ်ချင်းနဲ့အတူကြုံခဲ့ရတဲ့ အမှတ်တရဖြစ်ရပ်ကို တစ်ပိုဒ်၊ အခုအချိန်မှာ သူနဲ့ဆက်ဆံရေး အခြေအနေ၊ အနီးအနားမှာရှိနေသလား၊ လူချင်းဝေးကွာနေသလားစသည်ဖြင့် အဲဒါကတစ်ပိုဒ်ပေါ့။ အဲဒါဆိုရင် စာကိုယ်က လုံလောက်ပါပြီ။ ဒီတော့ ဘယ်လိုနိဂုံးချုပ်မလဲ။ နိဂုံးစာပိုဒ်မှာ ဘာရေးမလဲ"

"သူငယ်ချင်းအကြောင်းပြန်စဉ်းစားရင်း အဝေးရောက်နေတဲ့သူကို လွမ်းနေမိပါတယ်ဆိုတာမျိုး၊ ဒါမှမဟုတ်သူငယ်ချင်းနဲ့အခုအထိ ခင်ခင်မင်မင်နီးနီးကပ်ကပ်ရှိနေပါတယ်ဆိုတာမျိုး၊ သူနဲ့ပတ်သက်တဲ့ကိုယ့်အမြင်ပေါ့ဆရာ။ အဲဒါနဲ့နိဂုံးချုပ်ပါမယ်"

"ကဲ...အကြောင်းအရာချင်းဆက်စပ်ပြီး စာပိုဒ်တစ်ပိုဒ်နဲ့တစ်ပိုဒ် ချိတ်ဆက်ရေးတဲ့သဘောထင်ရှားလောက်ပါပြီ"

"အရေးအသားအရ အဆက်အစပ်ရှိရမယ်ဆိုတာက ဘယ်လိုပါလဲဆရာ"

"ဩော်...စာပိုဒ်တစ်ပိုဒ်နဲ့တစ်ပိုဒ် အချိတ်အဆက် ထင်ရှားအောင် ဆက်စပ်ပေးတဲ့စကားကလေးတွေကို လိုအပ်သလိုသုံးတာမျိုးပြောတာပါ။ ဆိုကြပါစို့ကွယ်။ ရှေ့စာပိုဒ်ကို 'အရေးကြီးလှပေသည်' လို့ အဆုံးသတ်ထားရင် နောက်စာပိုဒ်ကို 'ထိုသို့အရေးကြီးလှသည့် အတွက်' လို့ အဲဒီစကားနဲ့ပဲစတာ အဆက်အစပ်ထင်ရှားတာပေါ့။ အဲဒီလိုပဲ 'သို့ဖြစ်သောကြောင့်' တို့၊ 'သို့သော်' တို့၊ 'တစ်ဖက်ကစဉ်းစားလျှင်' တို့ ဆိုတာမျိုးတွေနဲ့လည်း အချိတ်အဆက်လုပ်တတ်ကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ။ အခုဆရာပြောမှ သတိထားမိပါတယ်"

"စာပိုဒ်တွေတစ်ပိုဒ်နဲ့တစ်ပိုဒ် ဘယ်လိုချိတ်ဆက်သွားတယ်ဆိုတာ အာရုံစိုက်ပြီး လေ့လာကြည့်ရင် တွေ့မှာပါ။ နောက်ထင်ရှားတဲ့ ဆက်စပ်ပုံတစ်မျိုးက အကြောင်းအရာအရ အတိအလင်းဖော်ပြတာမျိုးပေါ့။ သမီးရေးမယ်- အချက်သုံးချက်ရှိတယ်ဆိုပါတော့။ အဲဒီအချက်တွေကို စာတစ်ပိုဒ်စီရေးရမှာမဟုတ်လား။ အဲဒါထင်ရှားအောင် ပထမစာပိုဒ်ကို 'ပထမအချက်မှာ' လို့ စလိုက်မယ်။ နောက်စာပိုဒ်ကို 'ဒုတိယအချက်မှာ' လို့ စလိုက်မယ်။ နောက်စာပိုဒ်ကို 'တတိယအချက်မှာ' လို့ စလိုက်မယ်။ ဒါမှမဟုတ် 'နောက်ဆုံးအချက်မှာ' ပေါ့။ အဲဒီလို ဆိုရင် အချက်သုံးချက်ပြီးပြီပေါ့"

"ဆရာ ဒါဆိုရင် နိဂုံးချုပ်တဲ့စာပိုဒ်ကျတော့ 'အချုပ်အားဖြင့်' တို့၊ 'ခြုံ၍ဖော်ပြရလျှင်' တို့နဲ့စနိုင်တာပေါ့နော်"

"ဟုတ်ပ့ါ။ အဲဒီလိုရေးရင် သမီးစာက စာစီစာကုံးပဲဖြစ်ဖြစ်၊ ဆောင်းပါးပဲဖြစ်ဖြစ်၊ ရှေ့နောက်အချိတ်အဆက်မိတဲ့စာတစ်ပုဒ်ဖြစ်ဖို့ သေချာနေပြီပေါ့ကွယ်"

"ဟုတ်ကဲ့။ သဘောပေါက်ပါပြီဆရာ"

"ဒီနေရာမှာ စာအရေးအသားလမ်းညွှန်တဲ့ပညာရှင်တွေရဲ့ အဆိုအမိန့်တစ်ခုကို ပြောရဦးမယ်။ ပညာရှင်တွေက ပြောတယ်။ စာအရေးအသား ကျွမ်းကျင်သူတွေရဲ့စာတွေမှာတော့ အဲဒီလိုအဆက်အစပ်ကို ဖော်ပြတဲ့စကားတွေ ထင်ထင်ကြီးမပါပေမယ့်လည်း အဆက်အစပ်က ချောမွေ့ပြေပြစ်နေတာပဲ...တဲ့။ ဘယ်လိုဆက်စပ်ထားတယ်ဆိုတာ လေ့လာကြည့်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့...သမီးသိပြီးသားဖြစ်မှာပါ။ စာအရေးအသားအကြောင်းပြောတဲ့အခါ အရေးအဖွဲ့တွေကို အမျိုးအစားခွဲပြလေ့ရှိကြတယ်"

"ဟုတ်ကဲ့၊ သမီးနည်းနည်းပါးပါးလေ့လာဖူးပါတယ်ဆရာ။ အဖွဲ့လေးမျိုးရှိတယ်လို့ သိထားပါတယ်"

"ပြောပြပါဦးကွယ်"

"ဟုတ်ကဲ့၊ သရုပ်ဖော်အဖွဲ့ရယ်၊ ဖြစ်စဉ်ပြအဖွဲ့ရယ်၊ ဖွင့်ဆိုရှင်းပြအဖွဲ့ရယ်၊ ကျိုးကြောင်းပြအဖွဲ့ရယ်ပါဆရာ"

"ဟုတ်ပါတယ်။ စာရေးရင်ဒီအဖွဲ့လေးမျိုးကမလွတ်ဘူး။ တစ်မျိုးမဟုတ်တစ်မျိုးဖြစ်နေမှာပဲလေ။ ကဲ... တစ်ခုချင်းပြောရအောင်။ သရုပ်ဖော်အဖွဲ့ဆိုတာ ဘယ်လိုအဖွဲ့မျိုးလဲကွယ်"

"မျက်စိနဲ့မြင်နိုင်တဲ့ဟာတွေကို ဖော်ပြတဲ့အဖွဲ့ပါဆရာ"

"အင်း...ဟုတ်ပါတယ်။ မျက်စိနဲ့မြင်နိုင်တဲ့သက်ရှိတွေ၊ သက်မဲ့တွေရဲ့ပုံပန်းသဏ္ဌာန်တို့၊ အရောင်အဆင်းတို့၊ အမူအရာတို့ကိုစိတ်ထဲမှာမြင်ယောင်လာအောင် အသေးစိတ်ရေးဖွဲ့ပြတဲ့ အဖွဲ့မျိုးကို သရုပ်ဖော်အဖွဲ့လို့ခေါ်တာပေါ့။ အင်္ဂလိပ်လိုတော့ description ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ သမီးတို့ငယ်ငယ်ကစာစီစာကုံးရေးတဲ့အခါ 'ညနေဆည်းဆာ' ရဲ့မြင်ကွင်းတို့၊ 'မနက်အရုဏ်တက်ချိန်' မြင်ကွင်းတို့လို ခေါင်းစဉ်မျိုးရေးရပါတယ်။ အဲဒါမျိုးကိုသရုပ်ဖော်အဖွဲ့လို့ ခေါ်တယ်မဟုတ်လားဆရာ"

"ဟုတ်ပါတယ်။ ထင်ရှားတာတစ်ခုပြရရင် မြန်မာစာပါမောက္ခဆရာကြီး ဦးမောင်မောင်ကြီးရေးတဲ့ အက်ဆေးတစ်ပုဒ်ရှိတယ်။ ရသစာတမ်းဆိုပါတော့။ ခေါင်းစဉ်က 'နိုင်ငံတော့်မျက်နှာ' တဲ့"

"သမီးဖတ်ဖူးပါတယ်။ ကျောင်းမှာတုန်းက သင်လည်းသင်ဖူးပါတယ်။ ရွှေတိဂုံစေတီတော်ကြီးရဲ့မြင်ကွင်းကို သရုပ်ဖော်ထားတာ မဟုတ်လားဆရာ"

"ဟုတ်တာပေါ့။ ဆရာကြီးက ရန်ကုန်ဦးဝိစာရလမ်းအတိုင်း လမ်းလျှောက်ရင်း အခုဆိုရင် အာဇာနည်ဗိမာန်ဘက်ကိုချိုးတဲ့ လမ်းထောင့်ပေါ့။

အဲဒီနေရာကနေပြီးတော့ ရွှေတိဂုံစေတီတော်ကြီးကို လှမ်းပြီးဖူးရတဲ့မြင်ကွင်းကို သရုပ်ဖော်ထားတာလေ။ 'တောအုပ်ညို့ညို့ကုန်းမို့မို့' ပေါ်မှာစံပယ်နေတဲ့စေတီတော်ကြီးကို ဖိနပ်တော်ကစပြီး ခေါင်းလောင်းပုံလုံးပတ်တော်ကြီးရယ်၊ ကြာမှောက်ကြာလှန်ဆိုတဲ့အစိတ်အပိုင်းတွေရယ်၊ ငှက်ပျောဖူးတော်၊ ထီးတော်၊ စိန်ဖူးတော်နဲ့ ထိပ်ဆုံးကငှက်မြတ်နားတော်အထိ တစ်ဆင့်ပြီးတစ်ဆင့်အသေးစိတ်သရုပ်ဖော်သွားတာ မျက်စိထဲမှာကို မြင်ယောင်လာတာပဲလေ။ စေတီတော်ကြီးရဲ့သပ္ပာယ်ပုံ၊ ကြည်ညိုစရာကောင်းပုံလည်း ထင်းခနဲပေါ်လာတာပဲ"

"ဟုတ်ကဲ့ပါ။ ဆရာပြောတာနားထောင်ပြီးတော့ အဲဒီအက်ဆေးကို သမီးပြန်ဖတ်ချင်လာပါတယ်ဆရာ"

"စေတီတော်ကြီးရဲ့ ဗိသုကာအနုပညာလက်ရာပြောင်မြောက်ပုံလည်း ပေါ်လွင်လာတာပေါ့။ ဆရာကြီးဦးမောင်မောင်ကြီးဟာ အဲဒီလမ်းထောင့်မှာ ရပ်နေရင်းစေတီတော်ကြီးကို ဖိနပ်တော်ကနေ ငှက်မြတ်နားတော်အထိ တဖြည်းဖြည်းမော့ပြီးဖူးတဲ့အခါ ဆရာကြီးရဲ့မျက်စိလမ်းကြောင်းတစ်လျှောက် မြင်ရတဲ့အသွင်သဏ္ဌာန်တွေကို အသေးစိတ်ဖွဲ့ထားတာလေ။ ကြာမှောက်ကြာလှန်ဆိုတဲ့ ဗိသုကာလက်ရာတွေရဲ့ တင့်တယ်ပုံ၊ စေတီတော်ကြီးမှာရွှေပြားတွေ အကွက်ရိုက်ထားပုံတွေပါဖွဲ့တယ်။ ထိပ်ဆုံးကငှက်မြတ်နားတော်က သာသနာ့တံခွန် လွင့်နေပုံကိုလည်းဖွဲ့ပြတယ်။ အဆုံးမှာတော့ ရွှေတိဂုံစေတီတော်ကြီးကြောင့် မြန်မာနိုင်ငံမျက်နှာရှိတယ်၊ ကျက်သရေရှိတယ်ဆိုပြီး ရွှေတိဂုံစေတီတော်ကြီးကား နိုင်ငံတော်၏မျက်နှာပါတကားလို့ အဆုံးသတ်ပုံကိုဖတ်ပြီး စိတ်ထဲမှာငြိသွားတာပဲလေ။ အင်မတန်ကောင်းတဲ့၊ အင်မတန်သရုပ်ပေါ်တဲ့ အရေးအဖွဲ့ပါပဲ"

"သိပ်ကောင်းပါတယ်ဆရာ"

**မျက်စိနဲ့မြင်နိုင်တဲ့သက်ရှိတွေ၊ သက်မဲ့တွေရဲ့ပုံပန်းသဏ္ဌာန်တို့၊ အရောင်အဆင်းတို့၊ အမူအရာတို့ကို စိတ်ထဲမှာမြင်ယောင်လာအောင် အသေးစိတ်ရေးဖွဲ့ပြတဲ့ အဖွဲ့မျိုးကို သရုပ်ဖော်အဖွဲ့လို့ခေါ် . . .**

# ခါးနာနေပါသလား၊ ပုံမှန်လှုပ်ရှားနေပါ

**ကလျာမိုးမြင့်**

ခါးနာခြင်းဟာ ကမ္ဘာတစ်ဝန်းမှာ မစွမ်းဆောင်နိုင်မှုကို ဖြစ်စေတဲ့အကြောင်းရင်းတစ်ခုဖြစ်နေပြီး လူအများစုဟာ ဒီကိစ္စကြောင့် အလုပ်ပျက်အကိုင်ပျက် ဖြစ်နေရပါတယ်။

ခါးနာတာနဲ့ ပတ်သက်ပြီး ဘာကြောင့် ခါးနာရတယ်ဆိုတာနဲ့၊ ဒါကို သက်သာလာအောင် ဘယ်လိုအကောင်းဆုံးကိုင်တွယ် ဖြေရှင်းမယ်ဆိုတာနဲ့ ပတ်သက်ပြီးလွဲမှားတဲ့ အယူအဆတွေ ပေါ်ပေါက်လာခဲ့တာကြာနေပါပြီ။ ဘာကြောင့် ဒီလိုအယူအဆတွေထွက်ပေါ်လာတယ်ဆိုတာကို နားလည်သဘောပေါက်ဖို့မခဲယဉ်းပါဘူး။



**လှုပ်ရှားလိုက်တဲ့အတွက် ခါးနာတာပိုပြီးဆိုးသွားမလား**

ခါးနာတဲ့ ဝေဒနာအတွက် အကောင်းဆုံးနည်းလမ်းက ပုံမှန်လှုပ်ရှားမှု ပြုလုပ်နေဖို့ဖြစ်ပါတယ်။ ဒါပေမယ့် လှုပ်ရှားလိုက်လို့ ပိုဆိုးသွားမလား၊ ပြန်ကောင်းဖို့နှောင့်နှေးကြန့်ကြာမလားဆိုတဲ့ ကြောက်ရွံ့မှုက လှုပ်ရှားမှုကို ရပ်တန့်သွားစေပါတယ်။

ဆရာဝန်တွေဟာ ဒီလိုကြောက်ရွံ့မှုရဲ့ နောက်ဆက်တွဲပြဿနာတွေကို နေ့စဉ်နေ့တိုင်း တွေ့မြင်နေရပါတယ်။ ဒါကြောင့်လည်း ခွင့်ပြုချက်ရှိထားတဲ့ ကာယကုသမှု (physiotherapy) ကာယကုသမှုပေးသူတွေအနေနဲ့လည်း လူနာတွေကိုဘာကြောင့် နာကျင်တယ်ဆိုတာကို နားလည်သဘောပေါက်အောင်ပိုပြီး သိမ်မွေ့တဲ့နည်းလမ်းနဲ့ချဉ်းကပ်ဖို့လိုအပ်ပါတယ်။

အဓိက သော့ချက်ကတော့ လူနာရဲ့အခြေအနေကို ပိုပြီးမဆိုးရွားစေဖို့အတွက် အထက်မှာ ဖော်ပြခဲ့တဲ့အယူအဆမှားတွေကို ကျော်လွှားရမှာပါ။ ခါးနာတဲ့ဝေဒနာဟာ ခြောက်



အဖွဲ့အစည်းတစ်ရပ်ဟာ တွေ့မြင်နေကျဖြစ်တဲ့ အယူအဆမှားတွေကို ချေဖျက်ဖို့ရည်ရွယ်တဲ့ ကုသမှုတစ်ရပ်ကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ခါးနာဝေဒနာခံစားရတဲ့အခါ ကွေးညွှတ်ရမှာ လှည့်ရမှာကိုကြောက်ပြီး အိပ်ရာထဲမှာ လုံးဝအနားယူဖို့လိုတယ်လို့ ယူဆလိုက်တာမျိုးတွေရှိပါတယ်။ ဒီလိုကွေးရ၊ ညွှတ်ရ၊ လှည့်ရတာဟာ သိပ်ကိုနာကျင်တဲ့အတွက် လှုပ်ရှားရမှာကို ကြောက်တာဟာ သဘာဝကျပေမယ့် ပုံမှန်သွားလာလှုပ်ရှားတာမျိုးကို မဖြစ်မနေပြုလုပ်ပေးရမှာဖြစ်ပါတယ်။ လှုပ်ရှားတဲ့အကြိမ် အရေအတွက်ကိုလည်း တဖြည်းဖြည်းချင်းအကြိမ်ရေ တိုးပြီး လှုပ်ရှားပေးပါ။ အချိန်တွေအကြာကြီး လှုပ်ရှားမှုမရှိဘဲ အငြိမ်နေတာမျိုး မလုပ်ပါနဲ့။

ကာယလေ့ကျင့်မှုဟာ ခါးနာတဲ့ဝေဒနာအတွက် အကောင်းဆုံးကုသတဲ့နည်းလမ်းဖြစ်ပြီး အဲဒီလေ့ကျင့်မှုထဲမှာ သင့်လျော်တဲ့နေရာမှာ အလေးမတဲ့လေ့ကျင့်မှုလည်း ပါဝင်ပါတယ်။ အလေးမတာကို ရှောင်ကြဉ်တာကလည်းအယူအဆအမှားတစ်ခုပါ။ ခါးနာတာကြောင့် သင်နေ့စဉ်ပုံမှန်ပြုလုပ်နေတဲ့ ဝေယျာဝစ္စအလုပ်တွေနဲ့ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေကို ရပ်ပစ်လိုက်တာမျိုး မဖြစ်သင့်ပါဘူး။

သင်ပုံမှန်လုပ်ဆောင်နေတဲ့အလေးအပင်တွေကို ဒီနေ့မ မနိုင်တော့ဘူးဆိုရင် ၁၀၀ ကီလိုဂရမ်အောက်လျော့တဲ့ အလေးလောက်သာမ,ပါ။ စိတ်ရှည်သည်းခံမှုနဲ့ ယုံကြည်မှုကို ဖြည်းဖြည်းချင်း တည်ဆောက်သွားပါ။ ဒါပေမယ့် လေ့ကျင့်ဖို့ကို မကြောက်ပါနဲ့။

နောက်ထပ်မှားယွင်းတဲ့ အယူအဆတစ်ခုကတော့ ဓာတ်မှန်ရိုက်ရင် ဘာမှားနေတယ်ဆိုတာကို တန်းသိမှာပဲဆိုတဲ့ ထင်မြင်ချက်ဖြစ်ပါတယ်။ ဒါဟာ လူနာတွေကို ဆွဲဆောင်တဲ့အကြောင်းတစ်ခုဖြစ်နေပြီး နည်းပညာရပ်က အဖြေတွေအားလုံးကို ဆုပ်ကိုင်ထားတယ်ဆိုတဲ့ အယူအဆကို ဖြစ်စေပါတယ်။ ဓာတ်မှန်ရိုက်ဖို့ လိုအပ်လာရင် ရိုက်ရမှာဖြစ်ပေမယ့်ဓာတ်မှန်က ထွက်လာတဲ့ရလဒ်က လူနာရဲ့အခြေအနေကို ပိုမိုဆိုးရွားစေတာမျိုး ဖြစ်သွားစေခဲ့တဲ့ သက်သေအထောက်အထား အချို့ရှိနေပါတယ်။ ခါးနာဝေဒနာမရှိတဲ့ သူတွေတောင်မှ ၎င်းတို့ရဲ့ ကျောရိုးမကို x-rayရောင်ခြည်ဖြတ်ပြီး ဖတ်ကြည့်လိုက်တဲ့အခါ ပြောင်းလဲမှုအနည်းငယ်ဖြစ်သွားတာကိုမြင်ရပြီး တစ်ခုခုမှားယွင်းနေတယ်ဆိုတဲ့ဖော်ပြမှုတွေ ထွက်လာတတ်ပါတယ်။

ဒါကြောင့် ဓာတ်မှန်ရိုက်ခြင်းက အမှန်တကယ်အကျိုးရှိမယ့် အရာကို မဖော်ထုတ်နိုင်တဲ့အပြင် ဝေဒနာသက်သာ လာစေဖို့ သင်လုပ်ဆောင်ရမယ့် အရာတွေကိုပါ ရပ်တန့်သွားစေပါတယ်။

**ခါးနာတာကြောင့် သင်နေ့စဉ်ပုံမှန်ပြုလုပ်နေတဲ့ ဝေယျာဝစ္စ အလုပ်တွေနဲ့ ကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ခန်းတွေကို ရပ်ပစ်လိုက်တာမျိုး မဖြစ်သင့်...**

ပတ်ထက်ကျော်လွန်လာပြီဆိုရင်တော့ ကာယကုသမှုပညာရှင်၊ phusio-therapist) နဲ့တွေ့ပြီး အကြံဉာဏ်ရယူကာကုသမှုခံယူသင့်ပါတယ်။

လှုပ်ရှားလိုက်ရင်နာကျင်မှာကို ကြောက်ရွံ့ပြီး အိပ်ရာထဲမှာ လုံးဝအနားယူလိုက်တာမျိုး (immo-balization)ကို ရှောင်ရှားရပါမယ်။ လှုပ်ရှားမှုမရှိဘဲ အချိန်ကြာမြင့်စွာနေလိုက်ခြင်းအားဖြင့် ကြွက်သားတွေ အားနည်းသွားပြီး ရေရှည်မသန်စွမ်းမှုကို ဖိတ်ခေါ်ရာရောက်နေပါတယ်။ ဒါကြောင့်သင်ခါးနာဝေဒနာခံစားရပြီဆိုရင် အကောင်းဆုံးအချက်က အငြိမ်မနေဘဲ ပုံမှန်လှုပ်ရှားနေဖို့ဖြစ်ပါတယ်။ **ဘီဘီစီ**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၂-၉-၂၀၁၆** ရက်နေ့မှ စတင်၍ **၂၆-၁၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁-၁-၂၀၁၇** မှ **၂-၁-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့/ ဖြန့်ဖြူးရေးဌာနမှ အသုံးပြု၍ မရတော့သည့် စက်ပစ္စည်းဟောင်း(၄၉)မျိုးတို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၆ရက်မှ ၁၄-၁၀-၂၀၁၆ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၇-က)၊ သံလျက်စွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ၁၂း၀၀နာရီ၊ရုံးအမှတ် ၄၄၊ နေပြည်တော်

၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့် နေ့ရက်နှင့်အချိန်** - ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ၁၄း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၉၁၂၅၀၊ ၀၆၇-၄၁၁၃၄၉တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန(လမ်းတံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Thermoplastic (အဖြူ/အဝါ) ၅၀၀ တန်

(ခ) ယာဉ်ထိန်းလုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများ 1 Lot

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၉-၂၀၁၆ ရက် ၁၆း၀၀ နာရီ ဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၂/၂၀၁၆-၂၀၁၇ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ (Face,Back & Core Veneer)(၁၇၇၄.၁၃၇၆) CBM အား အိတ်ဖွင့်လေလံဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၉-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၂၄၄၇၊ ၀၁-၃၇၂၄၄၉၊ ၀၁-၃၇၇၈၈၅ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများစတင် ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၆ ရက်(တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၈-၁၀-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်သည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှသာ အိတ်ဖွင့်တင်ဒါတင်သွင်းရမည်။ တင်ဒါလုပ်ငန်း တစ်ခုထက်ပို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်း တစ်ခုချင်းပေးသွင်းပြီး သီးခြားစီ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၇၁-၂၂၇၁၅၊ ၀၇၁-၂၂၆၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ရေနီ အထက၊ တက္ကသိုလ်ဝင်တန်းမှ မသဉ္ဇာဦး၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဇော်ဦး ၇/ရတရ(နိုင်)၀၀၂၈၀၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ပျဉ်းမနားမြို့၊ အထက(ခွဲ)၊ အလက(၁)၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်နိုင်လင်းအောင်၏ အမည်မှန်မှာ မောင်ဖရန်စစ္စကို ဖြစ်ပါကြောင်း။

**မောင်ဖရန်စစ္စကို**

## ကြေညာချက်

နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နယ်စပ်အစားအသောက်နှင့်ဆေးဝါးစစ်ဆေးရေးဌာနများတွင် လစ်လပ်လျက်ရှိသော ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)၊ ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)၊ ဓာတ်ခွဲကျွမ်းကျင်-၂၊ ဓာတ်ခွဲကျွမ်းကျင်-၃နှင့် ဓာတ်ခွဲကျွမ်းကျင်-၄ ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်ကို ၁၄-၉-၂၀၁၆ရက်အစားရပ်ဝေးမှ အမှုထမ်းလိုသူများနှင့်တိုင်းဒေသကြီး/ပြည်နယ်များမှ သိရှိမှုနောက်ကျသူများအတွက် လျှောက်လွှာပိတ်ရက်ကို ၂၈-၉-၂၀၁၆ရက်သို့ ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော စစ်တောင်းတံတား၏ ၁-၁၀-၂၀၁၆ရက်မှ ၃၀-၉-၂၀၁၉ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်တံတား** - စစ်တောင်းတံတား (မြန်မာ့မီးရထား၊ သိမ်ဇရပ်၊ မီးရထားတံတား)

(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် ၈ တိုင်း၊ မော်လမြိုင်မြို့

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေ့ရက်နှင့်အချိန်** - ၂၇-၉-၂၀၁၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့်နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် ၈ တိုင်း၊ မော်လမြိုင်မြို့

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်** - ၂၇-၉-၂၀၁၆ ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီ

(စ) **အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် ၈တိုင်း၊ မော်လမြိုင်မြို့

**မှတ်ချက်။** (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်၁၀၀၀၀ နှုန်းဖြင့် ၂၁-၉-၂၀၁၆ ရက်မှ ၂၆-၉-၂၀၁၆ ရက် ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းအမှတ် ၀၅၇-၂၄၈၂၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
## နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) တွင် အခြေခံ (၁) (Basic Level I) တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့် မြန်မာဘာသာ ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သဖြင့် Online မှ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင် အောက်တွင်ဖော်ပြထားသော website address သို့ ဝင်၍သော်လည်းကောင်း၊ QR Scanner ဆိုသည့် Application ကို download လုပ်၍ QR code ကို Scan ဖတ်လျှင်သော်လည်းကောင်း CHRD Form ကျလာပြီး လျှောက်လွှာဖြည့်သွင်းနိုင်မည်ဖြစ်ပါသည်။

QR Scan Code

**သင်တန်းပို့ချမည့်နေရာ** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

**သင်တန်းကာလ** - ၃-၁၀-၂၀၁၆မှ ၂၃-၁၂-၂၀၁၆ (၃ လ)အင်္ဂလိပ်ဘာသာ
- ၃-၁၀-၂၀၁၆ မှ ၂၄-၃-၂၀၁၇ (၆ လ)ကျန်ဘာသာများ

**online ဖြင့် လျှောက်ထား ရမည့်ရက်** - ၂၁-၉-၂၀၁၆ရက် နံနက် ၉း၀၀နာရီမှ သတ်မှတ်ဦးရေပြည့်သည်အထိ

**ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေး လက်ခံမည့်ရက်** - ၂၇-၉-၂၀၁၆မှ ၂၈-၉-၂၀၁၆

**ပုံစံစစ်ဆေးရန်နှင့်သင်တန်းကြေး လက်ခံမည့်အချိန်** - နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ

**ငွေလက်ခံမည့်နေရာ** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

**သင်တန်းပို့ချမည့်နေ့** - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ

**သင်တန်းပို့ချမည့်အချိန်** - ညနေ ၅း၂၀-၇း၀၀နာရီ

**ပညာအရည်အချင်း** - တက္ကသိုလ်ဝင် စာမေးပွဲအောင်

**တင်ပြရန်စာရွက်စာတမ်းများ** - တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ(သို့မဟုတ်) အမှတ်စာရင်းမူရင်းနှင့် မိတ္တူ(သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ဓာတ်ပုံ(၃)ပုံ

**စုံစမ်းရန်ဌာန** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဖုန်း-၀၁-၅၁၅၂၃၆၊ ၀၉-၇၈၅၁၁၇၁၀၄ Myanmar Wave ဖုန်း-၀၁-၃၇၃၃၉၈၊ ၀၉-၃၁၆၇၅၂၀၅

online မှ လျှောက်လွှာတင်သွင်းပြီးနောက် ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးပေးသွင်းရန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သတ်မှတ်ရက်တွင် ကိုယ်တိုင်လာရောက်ရမည်။

(သင်တန်းကြေးပေးသွင်းပြီးမှသာလျှင် သင်တန်းသားအဖြစ် သတ်မှတ်မည်ဖြစ်သည်။)

Website အမည်

(၁) မြန်မာကျောင်းသားများအတွက်
http://yufl.info/chrd-form/ (သို့မဟုတ်)
http://www.myanmarwave.com/yufl-chrd-form/

(၂) မြန်မာဘာသာသင်ကြားမည့်နိုင်ငံခြားသား ကျောင်းသားများအတွက်
http://yufl.info/international-student/
https://www.myanmarwave.com/yufl-international-student/

အခြေခံ(၂) Basic Level II သင်တန်းနှင့်အထက် သင်တန်းသားများသည် ဤတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်။

## မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်
## တတိယအကြိမ်မြောက် ရှယ်ယာရှင်များနှစ်ပတ်လည် အထွေထွေအစည်းအဝေး
## ဖိတ်ကြားလွှာ

မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်၏ တတိယအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရှယ်ယာရှင်များအားလုံးထံသို့ စာတိုက်မှတစ်ဆင့် ဖိတ်စာများပေးပို့မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ အစည်းအဝေးသို့ ဖိတ်စာနှင့်တကွ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၁၅-၁၀-၂၀၁၆ရက် (စနေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၀း၃၀နာရီမှ ၁၂း၃၀နာရီထိ

**ကျင်းပမည့်နေရာ** - ဇမ္ဗူရစ်ရွှေစင်ခန်းမ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရန်ကင်းစင်တာအနောက်ဘက်၊စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်**

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## National Management Degree College (NMDC) နှင့်
## MPDC Education
## တို့ပူးပေါင်း၍ ဖွင့်လှစ်သော
## Certificate in Marketing Management (CMM)
## အမှတ်စဉ်(၉) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC) နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ပါသည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက-** အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁

## နည်းပညာတက္ကသိုလ်(သန်လျင်)
## Huawei(HCNA-HNTD)
## သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် Huawei Technologies(Yangon)Co., Ltd. တို့ပူးပေါင်း၍ Huawei Ceritified Network Associate-Huawei Networking Technology and Device(HCNA-HNTD)သင်တန်းအမှတ်စဉ်(၃)နှင့် (၄)ကို နည်းပညာတက္ကသိုလ်(သန်လျင်)၊ Huawei Authorized Information and Network Academy တွင် အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**သင်တန်းအမှတ်စဉ်(၃)**

**သင်တန်းကာလ** ၃-၁၀-၂၀၁၆ ရက်မှ ၂၁-၁၀-၂၀၁၆ ရက်ထိ (3-Week 90-hr Course)

**သင်တန်းချိန်** တနင်္လာမှ သောကြာ(နံနက် ၉ နာရီမှ ညနေ ၄နာရီထိ)

**သင်တန်းအမှတ်စဉ်(၄)**

**သင်တန်းကာလ** ၇-၁၁-၂၀၁၆ ရက်မှ ၂၅-၁၁-၂၀၁၆ ရက်ထိ (3-Week 90-hr Course)

**သင်တန်းချိန်** တနင်္လာမှ သောကြာ(နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ)

(က) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုတတ်ပြီး IT အခြေခံရှိသူ မည်သူမဆိုလျှောက်ထားနိုင်ပါသည်။

(ခ) လူတွေ့နှုတ်ဖြေစစ်ဆေးမှု ဖြေဆိုရပါမည်။

(ဂ) သင်တန်းပြီးဆုံးပါက Training Completion Certificate ပေးအပ်မည်ဖြစ်ပါသည်။

(ဃ) ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရပါမည်။

(င) လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်းရယူနိုင်ပြီး သင်တန်းအမှတ်စဉ်(၃)အတွက် ၂၇-၉-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၄)အတွက် ၁-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။

(စ) အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
သင်တန်းမှူး ဖုန်း-၀၉-၇၇၉၆၉၆၈၃၀၊ ၀၉-၉၇၄၁၄၅၀၀၀
HR ဌာနမှူး ဖုန်း-၀၉-၇၉၇၅၉၂၃၄၀၊ ၀၉-၄၄၈၀၅၃၉၆၄

**ဌာနမှူး (HR)**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၈၁၄၈၉ ဟွန်ဒါဝေ့ဗ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၁၀/မဒန(နိုင်)၀၂၄၀၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## မြောက်ဦးဆရာတော်၏ (၅၈)ကြိမ်မြောက်(ရန်ကုန်)
## အထူးအလုပ်ပေးတရားစခန်း

**နေရာ** - ရတနာမာန်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်

**တရားစခန်းရက်** - ၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်မှ သီတင်းကျွတ်လပြည့်နေ့ ၆-၁၀-၂၀၁၆ ရက်မှ ၁၆-၁၀-၂၀၁၆ ရက်အထိ

**စာရင်းလက်ခံမည့်ရက်** - ၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်မှ ၂၅-၉-၂၀၁၆ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ (ဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။)

**မှတ်ချက်။** တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၅၀၀၀ ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(ကျန်းမာရေးမကောင်းသူများကို လက်မခံပါ။)**

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၁၄၃၂၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့
## (၁၉)ကြိမ်မြောက် မဟာဘုံကထိန်ဖိတ်ကြားလွှာ

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉) ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတော် အခမ်းအနားကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ကုသိုလ်တော်ယူနိုင်ရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက် ၂၃-၁၀-၂၀၁၆ ရက်(တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၈း၃၀နာရီမှ ၁၁း၃၀နာရီအထိ (နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်)

**နေရာ** - အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊သန်လျင်မြို့

**သီရိခေမာဓမ္မသာလဗိမာန်တော်ကြီး၏အပေါ်ထပ်ခန်းမ**

**ဖုန်း-၀၉-၇၈၄၄၁၁၈၉၁၊ ၀၉-၇၉၅၃၀၅၇၁၈**
**ဖုန်း-၀၉-၇၃၂၅၀၄၈၀**

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**ဖားအောက်တောရရိပ်သာခွဲ၊သန်လျင်မြို့**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု (၃) လမ်း၊ အမှတ် ၃၅/၁၅၇နေ ဒေါ်ပန်းအိဖြူ ၁၂/ဒပန(နိုင်)၀၅၂၁၆၄ သည် အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်များဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ်-**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား "FLOWER" အမည်ဖြင့် ရေသန့်၊ ရေသန့်ရေခဲ၊ အချိုရည်အမျိုးမျိုးအား၊ ဘူးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဆိုဒ်အမျိုးမျိုး၊ ဘူးခွံအမျိုးမျိုး နှင့်တကွ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများထည့်သွင်းအသုံးပြုသော အထုပ်အမျိုးမျိုး၊ ဘူးအမျိုးမျိုး၊ ချည်သားအိတ်အမျိုးမျိုး၊ ပလတ်စတစ်ဘူးအမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူကတ်အမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ စက္ကူပတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့အပေါ် ဖိနှိပ်၍၊ ကပ်နှိပ်၍ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်သည့်အပြင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်သည့် စာရွက်စာတမ်း၊ ကြော်ငြာ၊ Internet website၊ Email၊ Latterhead၊ လက်ကမ်းကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြားကြော်ငြာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာအစရှိသည်တို့ အပေါ်တွင်လည်း ဖော်ပြပါကုန်အမှတ်တံဆိပ် အမှတ်အသားကို ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားတုပ၍သော်လည်းကောင်း ပြုလုပ်သုံးစွဲပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B,D.B.L အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃**

## စား/ဖျော်ဝန်ထမ်းဟောင်းများ
## ဝါဆိုသင်္ကန်းကပ်လှူမည်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန စား/ဖျော်ဝန်ထမ်းဟောင်းများ၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စား/ဖျော်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၌ ကျင်းပမည်ဖြစ်ပါသည်။ စား/ဖျော်ဝန်ထမ်းဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင် စား/ဖျော်ဝန်ထမ်းဟောင်းများ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (C) မှ မောင်သန့်ဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမြခဲ ၈/စလန(နိုင်)၀၀၂၈၃၇ ဖြစ်ပါသည်။ **ဦးမြခဲ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (J)မှ မနန်းသီရိထွေး၏ ဖခင်အမည်မှန်မှာ ဦးဖိုးရီ ၈/စလန(နိုင်) ၀၃၇၄၉၇ ဖြစ်ပါသည်။ **ဦးဖိုးရီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တပ်တွင်း အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထက်နိုင်နှင့် နဝမတန်းမှ မမြတ်စုနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင်၈/စလန(နိုင်)၀၁၀၁၄၀ ဖြစ်ပါသည်။ **ဦးသန်းလွင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(K)မှ မဖြိုးဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၈/စလန(နိုင်)၀၃၇၈၂၄ ဖြစ်ပါသည်။ **ဦးခင်မောင်သန်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (F) မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်တင့် ၈/စလန(နိုင်)၀၉၃၂၈၃ ဖြစ်ပါသည်။ **ဦးခင်မောင်တင့်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (F) မှ မောင်ဖြိုးဝေဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၈/စလန(နိုင်)၀၈၈၅၅၃ ဖြစ်ပါသည်။ **ဦးဆန်းဝင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသင်းရန့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးပေါက်စီ ၈/စလန(နိုင်)၁၉၉၈၉၆ ဖြစ်ပါသည်။ **ဦးပေါက်စီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးအေးသိန်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ဝေ ၈/စလန(နိုင်) ၀၃၅၉၆၄ ဖြစ်ပါသည်။ **ဦးချစ်ဝေ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှမနှင်းပွင့်ရတနာ၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ထွေး ၈/စလန(နိုင်) ၀၃၇၇၉၁ ဖြစ်ပါသည်။ **ဦးမောင်မောင်ထွေး**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဝွင်းကျင်းကျေးရွာနေ ဦးအောင်မြင့် ၈/စလန(နိုင်)၀၄၉၂၅၅၏သမီး အလက(ခွဲ)၊ ဝွင်းကျင်းကျေးရွာ၊ အဋ္ဌမတန်းမှ မဝေမာလွင်၏ အမည်မှန်မှာ မဝေဝေလွင် ဖြစ်ပါသည်။ **မဝေဝေလွင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ U.H.W ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (A) မှ မောင်ဝေဠုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးကျော် ၈/စလန(နိုင်)၀၈၅၁၁၉ ဖြစ်ပါသည်။ **ဦးအောင်မျိုးကျော်**

### မိဘအမည်မှန်
မန်စီမြို့နယ်၊အထက(မန်စီ)ကျောင်း၊ တတိယတန်းမှ မဂျီးလိန်အား မဂျာဆိုင်းအိန်ဟု ပြောင်းလဲခေါ်ဆိုရန်နှင့် မိဘအမည်မှန်မှာ ဦးဂျာလီ၊ ဒေါ်ရွယ်တောင် ဖြစ်ပါကြောင်း။ **ဦးဂျာလီ**

## အိမ်ဆောက်သည့်အခါ
## အိမ်ဝယ်/ငှားသည့်အခါ
### မရှိမဖြစ်လက်ကိုင်ထားရမည့် စာအုပ်ဖြစ်သည်။
### (ခုနစ်ပင်ခြောက်ခန်းနောက်ရဟန်း)
### ဦးကောဝိဒ(ရေစကြို)စာအုပ်ထွက်ပြီ။
### ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် (၉၀) နေ ဦးဝင်းနိုင် ၅/စကန(နိုင်)၀၄၈၈၃၀ (ဘ)ဦးညွန့်ဆောင်သည် နေပြည်တော်ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိအဆင့်မြင့်ဈေးရှိ ရွှေဟိန်းထက်ကုမ္ပဏီအမည်ဖြင့် နေရာချထားပေးခဲ့သော ဆိုင်ခန်းမြေကွက်အမှတ် (OS -၁၈)၏ ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်အား ရွှေဟိန်းထက် ကုမ္ပဏီအမည်အစား ဦးဝင်းနိုင် ၅/စကန(နိုင်)၀၄၈၈၃၀ အမည်ဖြင့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၈)၊ ဦးပိုင်အမှတ် (၄၃)၊ ၄၆လမ်း×၄၇လမ်းကြား၊ ခတ္တာလမ်း×ဂန္ဓမာလမ်းကြားရှိ ဦးသန်းဝင်း အမည်ပေါက်တောဂရန်မြေကွက်အား ဖခင် ဦးစလေမန်(ခ)ဦးစလေမံ၊ မိခင် ဒေါ်သိန်းတင်တို့မှ သား၊ သမီးများဖြစ်သော ကိုသန်းမြင့်၊ ကိုသန်းဝင်း၊ မမြင့်မြင့်ခင်တို့သုံးဦးကို မွေးဖွားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးစလေမန်(ခ)ဦးစလေမံ၊ မိခင် ဒေါ်သိန်းတင်၊ အစ်ကိုများဖြစ်သော ဦးသန်းမြင့် (လူပျိုကြီးဘဝ)ဦးသန်းဝင်း(လူပျိုကြီးဘဝ)တို့အသီးသီးကွယ်လွန်၍ ကျန်ရစ်သော(ညီမ)ဖြစ်သူ ဒေါ်မြင့်မြင့်ခင် ၉/မရမ(နိုင်)၀၅၂၁၆၆မှ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စစ်ကိုင်းမြို့(ယခင်)အထက(၃)ကျောင်းသားဟောင်းများ
## အာစရိယပူဇော်ပွဲ

စစ်ကိုင်းမြို့၊ ကမ်းနားလမ်း ယခင်အထက (၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီတွင် မိတ်ဆုံစားပွဲကျင်းပပြီး ၂၄ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ ဇေယျာလမ်း၊ အောင်ထူးခန်းမ၌ ကန်တော့ပွဲအခမ်းအနားကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အဝေးရောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | |
|---|---|
| ဒေါ်ပင်မြင့်စံ(ရန်ကုန်) | ဖုန်း-၀၉-၇၃၂၄၀၇၅၃ |
| ဒေါ်မေစန်းဝေ(မန္တလေး) | ဖုန်း-၀၂-၆၈၃၈၀ |
| ဒေါ်ဝင်းဝင်းနု(စစ်ကိုင်း) | ဖုန်း-၀၇၂-၂၁၂၀၉ |
| ဦးဆွေတင့်(စစ်ကိုင်း) | ဖုန်း-၀၇၂-၂၁၄၀၁ |
| ဦးသက်ထွန်း(စစ်ကိုင်း) | ဖုန်း-၀၉-၃၃၀၉၂၃၁၁ |
| ဦးခင်အောင်(မုံရွာ) | ဖုန်း-၀၉-၃၃၂၀၀၂၈၃ |
| ဦးမြင့်ကို(ရွှေကြက်ယက်) | ဖုန်း-၀၉-၂၀၃၈၇၉၁ |
| ဦးသန်းလှ(အင်းဝ) | ဖုန်း-၀၉-၂၁၇၄၀၅၅ |

### ဖခင်အမည်မှန်
ဗန်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(C)မှ မခေါန်ဖန်(ကျောင်းဝင်အမှတ်-၁၄၈၇၅) ၏ ဖခင်အမည်မှန်မှာ ဦးကမ်ဒိန်းတန်ဂွန်း ၁/ဗမန(နိုင်) ၀၄၇၉၈၀ ဖြစ်ပါကြောင်း။ **ဦးကမ်ဒိန်းတန်ဂွန်း**

### ဖခင်အမည်မှန်
ဗန်းမော်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆိုင်းခမ်း၏ဖခင်အမည်မှန်မှာ ဦးလဂျာ ၁/မကန(နိုင်)၁၁၃၆၅၈ ဖြစ်ပါကြောင်း။ **ဦးလဂျာ**

### မိဘအမည်မှန်
ဗန်းမော်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စံချစ်၏ မိဘအမည်မှန်မှာ ဦးစိုင်းမြတ်၁/မစန(နိုင်)၀၁၅၆၉၉ နှင့် ဒေါ်ဆိုင်စိန် ၁/မစန(နိုင်) ၀၂၀၅၀၈ ဖြစ်ပါကြောင်း။ **ဦးစိုင်းမြတ်-ဒေါ်ဆိုင်စိန်**

### ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ ကမ္မမြို့ အထက (ကမ္မ) တက္ကသိုလ်ဝင်တန်း (F) မှ မဖြိုးပပအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၈/ပခက(နိုင်)၂၃၀၅၆၄ ဖြစ်ပါကြောင်း။ **ဦးမင်းဇော်ဦး ၈/ပခက(နိုင်)၂၃၀၅၆၄**

### ဖခင်အမည်မှန်
သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ (အထက) မြို့မကျောင်း၊ အဋ္ဌမတန်းမှ မသဇင်မင်းနှင့်စတုတ္ထတန်းမှ မောင်လျှမ်းဇော်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ရှိန် ဖြစ်ပါသည်။ **ဦးတင်ရှိန် ၇/ဇကန(နိုင်)၀၃၉၆၉၂**

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း ($C_1$)မှ မဂျာဝါဂျာလတ်ပန်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဂျပ် ဖြစ်ပါသည်။

### အမည်ပြောင်း
မြစ်ကြီးနားမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း($A_1$)မှ မစနီးပိုက်အား မဇင်နွယ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက (ခွဲ) (ဆုံရွာငွေ့ကြီး) တက္ကသိုလ်ဝင်တန်း (ခ) မှ မအေးသီရိအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုး ၉/ဝတန(နိုင်)၁၂၆၉၄၃ ဖြစ်ပါသည်။

### အမည်မှန်
မြစ်ကြီးနားမြို့၊ မြစ်ကြီးနား တက္ကသိုလ်၊ အဝေးသင်ပထမနှစ် (သတ္တဗေဒ) မှ မနှင်းနွေဦး၏ အမည်မှန်မှာ မနှင်းနွေးဦး ၁/မကန(နိုင်)၂၀၃၁၀၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း ($B_1$)မှ မောင်နော်ထွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအင်ဒွပ်ဂမ်(ခ)ဦးဇော်ယုံ ၁/မကန(နိုင်)၀၁၂၉၉၆ ဖြစ်ပါသည်။

### စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၂)လမ်း၊ အမှတ် (၁၄)ရှိ နှစ်ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ ၄-လွှာ(ခြေရင်းခန်း) (၁၂½×၅၀)ပေ တိုက်ခန်းအားဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးကျော်ကျော်လေး ၁၂/စခန(နိုင်)၀၁၅၁၀၈ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊**
**ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**တိုင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ (ခုံအဖွဲ့ဝင်)**
**အမှတ် (၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း-၀၉-၇၈၉၈၇၇၇၉၉၊ ၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်အမှတ် ၄-ခ၊ အခန်းအမှတ်(၆)လွှာဟုခေါ်တွင်သော (၁၆×၅၅)ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်သင်းသင်းမြင့် ၁၂/ဥကမ(နိုင်) ၁၅၁၇၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်သန်း** | **ဒေါ်နီဝမ်းလှိုင်အောင် LL.B,DA(UK)** |
| **BA,R.L** | **Dip in Thai(YUFL),D.B.L** |
| **အထက်တန်းရှေ့နေ(စဉ်-၂၃၂၄၁)** | **အထက်တန်းရှေ့နေ(စဉ်-၂၇၆၉၇)** |

**အမှတ် ၁၅၄၊ ပထမထပ်(ဒီ)၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်းရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၂၃၈၈၈၊ ၀၉-၄၉၇၂၂၇၅၅**


MANUFACTURING 2016
Myanmar
တတိယအကြိမ်မြောက် နိုင်ငံတကာ ကုန်ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် ဝန်ဆောင်မှုများဆိုင်ရာပြပွဲ
ရှာဖွေနိုင်ပါသည်
Manufacturing Myanmar
#ManufacturingMyanmar
၂၂ - ၂၄ စက်တင်ဘာ ၂၀၁၆
(ကြာသပတေး - စနေ) ပြပွဲကျင်းပချိန် - နေ့စဉ် မနက် (၉)နာရီမှ ညနေ (၅)နာရီအထိ
MYANMAR EVENT PARK (MEP)
ရန်ကုန်၊ မြန်မာ
Manufacturing Myanmar သည် အကန့်အသတ်မဲ့ စီးပွားရေးအခွင့်အလမ်းများကို သင့်အိမ်တံခါးဝသို့ ယူဆောင်လာပါသည်။
CAMPRO, FESTO, GOODWAY, GUEHRING, NIKON, OLYMPUS, OPTICAL GAGING, OSG, SUHNER, TRUMPF, VÖLKEL, WIDIN တို့ကဲ့သို့ နိုင်ငံတကာမှ ကုန်ပစ္စည်းတံဆိပ်မျိုးစုံနှင့် အခြားသော အမှတ်တံဆိပ်များကိုလည်း တွေ့မြင်နိုင်ပါမည်။
ပြပွဲတွင်ပြသမည့် စိတ်ဝင်စားစရာကောင်းသော ကုန်ပစ္စည်းများကို Online Show Catalogue မှတဆင့် ကြိုတင်လေ့လာနိုင်ပါသည်။
www.ManufacturingMyanmar.com
ပူးပေါင်းပါဝင်သည်
TOOLS & HARDWARE 2016 Myanmar
စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ကမ္ဘာ့အနှံ့မှ ပူးပေါင်းဆောင်ရွက်သူများ
oes Overseas Exhibition Services Ltd
ALLWORLD EXHIBITIONS
ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industry SMEs Development Department
MIA Myanmar Industries Association
Myanmar Engineering Society
ဆက်သွယ်စုံစမ်းရန်
၀၁ ၅၁၂ ၈၈၇


Visit
The 3rd International Processing &Packaging Exhibition for Myanmar
တတိယအကြိမ်မြောက် နိုင်ငံတကာ ထုတ်လုပ်ခြင်း နှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ
PROPAK MYANMAR 2016
22-24 SEPTEMBER 2016
Myanmar Event Park (MEP), Yangon, Myanmar
(9.00-17.00 Hrs.)
Total Processing & Packaging Solutions
FoodDrinkPharma
DRINKTECH MYANMAR 2016
PLASPAK MYANMAR 2016
Including:
Over 200 Exhibitors from 21 countries
5 International Pavilions from China, Italy, Singapore, Taiwan and Thailand
Industry Conferences & Seminars
Pre-register at www.propakmyanmar.com
Information Hotline Contact: U Htet Wai Zaw,
Tel:+95-1 513 515-519 Email:marketing@informationmatrix.com
MFPEA
MIA
FoSTA
Retailers association
Bangkok Exhibition Services Ltd.


ရေအပူပေးစနစ်ကို မြန်မာနိုင်ငံတွင်
ရရှိခံစားနိုင်စေရန် ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှရွှေ (သန်လျင်)
### အသက်(၉၀)

သန်လျင် နာရေးကူညီမှုအသင်းမှ အလုပ်အမှုဆောင် (တာဝန်ခံ) အခမဲ့အရေးပေါ်လူနာပို့ဆောင်ရေး ဦးတင့်အောင်၏ကျေးဇူးရှင်မွေးသဖခင် ဦးလှရွှေသည် ၁၆-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကများနှင့် အလုပ်အမှုဆောင်အဖွဲ့**
**သန်လျင်နာရေးကူညီမှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ (ညောင်ရွှေ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ ဦးဇော်ငြေး (မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)-ဒေါ်ခင်ထားမေ (တွဲဖက်ပါမောက္ခ၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်)တို့၏မိခင်ဖြစ်သူ ဒေါ်တင်ရွှေသည် ၁၄-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ**
**နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**တောင်ငူတက္ကသိုလ်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ (ညောင်ရွှေ)
### အသက်(၈၈)နှစ်

ဦးဇော်ငြေး (မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့)၊ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါ်ခင်ထားမေ (တွဲဖက်ပါမောက္ခ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်)၏ မိခင် ဒေါ်တင်ရွှေသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (သစ်စက်) မြို့လှမြို့
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ မြို့မြေရပ်ကွက်နေ (ဦးညီပု-ဒေါ်သန်း)တို့၏သမီး၊ ဦးခင်မောင်လွင်-ဒေါ်တင်ထွေးတို့၏အစ်မ၊ ဦးဝင်းမြင့်-ဒေါ်ဆန်းဆန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊ အသံလွှင့်) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)၊ ဦးစိုးဝင်း-ဒေါ်စမ်းသန္တာချို၊ ဦးနေဝင်းစိုး-ဒေါ်လွင်လွင်မာ၊ ဦးဖုန်းတင့်-ဒေါ်ခိုင်ဇင်ဝင့်(သစ်စက်)တို့၏မိခင်၊ မဝင်းလဲ့လဲ့ဦး၊ မရည်လွင်ချို၊ မမြတ်သဉ္ဇာမော်၊ မသဲနေနွယ်စိုး၊ မဇာယဉ်လဲ့နှင်း၊ မချမ်းမြေ့ပြည့်စုံ၊ မသန္တာလင်းခိုင်၊ မစုယဉ်နွေးတို့၏အဘွား၊ မောင်ခန့်ညားထွန်း၏ဘေးဘေးကြီးသည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မြို့လှမြို့ မြောက်ပိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (သစ်စက်) မြို့လှမြို့
### အသက်(၈၂)နှစ်

ဦးဝင်းမြင့်-ဒေါ်ဆန်းဆန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊ အသံလွှင့်) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်)တို့၏မိခင် ဒေါ်အေးမြင့် အသက်(၈၂)နှစ်သည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇေယျာ (ညွှန်ကြားရေးမှူး-အသံလွှင့်)**
**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဇနီး ဒေါ်သီတာဝင်းနှင့်**
**အသံလွှင့်ဌာနခွဲဝန်ထမ်းများ**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတား၊မြေ ဒါယိကာမကြီး
## ဒေါ်ကျင်မြင့်
### အသက်(၇၇)နှစ်

တောင်သာမြို့နေ (ဦးအိတေး-ဒေါ်ဖွားမြစ်)တို့၏သမီး၊ မုံရွာမြို့၊ ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်နေ ဟောင်ကောင်မိုဘိုင်း(ဦးထင်စိန်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်ကျင်ငွေးတို့၏အစ်မ၊ ဦးကြည်မြင့်-ဒေါ်စန်းစန်းနု၊ ဦးသန်းဝင်း-ဒေါ်ခင်မွေး(U.S.A)၊ ဦးအောင်သိန်း-ဒေါ်ခင်ဝင်း၊ ဦးကျော်သန်းလှိုင်-ဒေါ်အေးအေးခိုင်၊ ဦးသိန်းထိုက်-ဒေါ်သီတာခိုင်၊ ဦးညွှန့်နိုင်-ဒေါ်ဖြူဖြူဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၁၆-၉-၂၀၁၆ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် တရုတ်အမျိုးသားသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်မြင့်
### အသက်(၇၇)နှစ်

ဗိုလ်ချုပ်လမ်းနှင့် အောင်မင်္ဂလာအမှတ်(၁)လမ်းထောင့်၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့နေ (ဦးထင်စိန်)၏ဇနီး၊ ဦးကျော်သန်းလှိုင်-ဒေါ်အေးအေးခိုင်(သစ်ဆန်း Electronic )(Board of Director-M9 Group Co.,Ltd.)၊ဦးညွှန့်နိုင်-ဒေါ်ဖြူဖြူဝင်း(ဟောင်ကောင် Mobile) တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြင်မြင့် အသက်(၇၇)နှစ်သည် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M9 GROUP COMPANY LIMITED**
**President, Vice President, Board of Director**
**အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်းကြည် (အငြိမ်းစားကျောင်းဆရာမကြီး)
### အသက်(၈၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် ၇၁၃၊ အမှတ် ၄၉(က)၊ လမ်း ၃၀၊ ၇၄×၇၅လမ်းကြားနေ (ဦးဘတော်၊ မြို့မဝန်ထောက်ကြီး-ဒေါ်တင့်)တို့၏သမီး၊ ဒေါ်ခင်မျိုးညွှန့် (အငြိမ်းစားကျောင်းဆရာမကြီး၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မန္တလေးမြို့)၊ ဦးကိုကိုကြီး (အငြိမ်းစား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)၊ (ဗိုလ်မှူးတော်တော်)၊ ဒေါ်မေမေထော်(အထပြ၊ ငြိမ်း၊ အထက-၁၊ မိတ္ထီလာမြို့)၊ ဒေါ်ခင်ခင်တော်တို့၏အစ်မ၊ ဒေါက်တာဦးမျိုးမင်း(ဆေးရုံအုပ်ကြီး၊ ခုတင်-၃၀၀၊ ပြည်သူ့ဆေးရုံ၊ ကလေးမြို့)-ဒေါ်ခင်သီတာမျိုး(မန္တလေးမြို့)တို့၏ကြီးတော်၊မောင်မြတ်မင်းဟိန်း၊ မောင်မျိုးအောင်ကျော်တို့၏အဘွားသည် ၁၆-၉-၂၀၁၆ရက်(သောကြာနေ့)ည ၉နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရေဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ မန္တလေးမြို့၊ ၄၉/(က)၊ လမ်း ၃၀၊ ၇၄×၇၅ ကြားနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်မြ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အမှတ် ၂၆နေ (ဦးထွန်းတင်-ဒေါ်ပု)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ (ဦးကြည်ညွှန့်)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်သန်း-ဒေါ်တင်ဝင်း)၊ (ဦးဟန်စိန်-ဒေါ်မြညို)တို့၏ညီမ၊ Capt: ဦးသန်းထိုက်-ဒေါ်မာမာဆွေ၊ ဒေါ်အေးအေးခိုင်(စာရင်းစစ်မှူး၊ သာယာဝတီခရိုင် စာရင်းစစ်ရုံး)၊ ဦးစိုးဝင်းနိုင်-ဒေါ်ခိုင်မာလှိုင် (အထက-၂၊ စမ်းချောင်း)တို့၏မိခင်၊ ဒေါ်ဆုဝေနိုင် (လ/ထမန်နေဂျာ၊ AYA Bank)၊ မောင်မိုးသုခ(E-Cadet Raffles Co.,Ltd.)၊ မောင်ဖြိုးသက်ခိုင်[စတုတ္ထနှစ်၊(Civil), WYTU]၊ မောင်အောင်ခန့်မင်း(Grade-10, F, TTC)တို့၏အဘွားသည် ၁၇-၉-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းဝင်းသူ (မုံရွာမြို့)
### အသက်(၈၅)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဝေဠုဝန်လမ်းနေ (ဦးဘသူ-ဒေါ်မြကြွေ)တို့၏သမီး၊ (ဦးကျော်စိန်)၏ဇနီး၊ ဦးသက်တင်၊ (ဦးသက်လွင်)၊ ဒေါ်သင်းသင်းစိန်၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်ခင်မျိုးဝင်း၊ ဒေါက်တာဝါဝါစိန်၊ ဒေါ်သီတာစိန်၊ ဦးသက်ထွေး၊ ဒေါ်နီလာထွေးတို့၏ ချစ်လှစွာသောမိခင်သည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်ယု (မြိတ်)
### အသင်းဝင်အမှတ်(၃၉၅၀)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၇၇၊ လေးလွှာ (ဘီ)နေ ဒေါ်ခိုင်စုလတ်ထွန်း၏ ခင်ပွန်းသည် ၁၅-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ထားထားအေး
## (ACF - မောင်တော)
### အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ (၃) ရပ်ကွက်၊ ဥက္ကာပုံလမ်းနေ (ဦးစောဖြူ-ဒေါ်မချစ်)တို့၏သမီး၊ (ဦးမောင်သန်းစိန်)၏ဇနီး၊ကိုဖြိုးဝေသိန်း-မခင်ဆွေဦး၊ (ကိုဇော်ဝင်းထွန်း)၊ မခင်ဆွေလတ်၊ ကိုဇော်မင်းသန်း-မစုစုလှိုင်၊ ကိုတင်အောင်-မခင်ဆွေမွန်၊ ကိုဇော်မင်းသူ-မသန္တာကျော်တို့၏မိခင်၊ မနေဇင်ဖြိုးဝေ၊ မောင်အောင်ဘုန်းမြတ်၊ မငြိမ်းဆုဟန်၊ မခွန်းဆင့်သံသာ၊ မချစ်အိမ်သူတို့၏ အဘောင်ရှင်သည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မောင်တောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးလှ (လှည်းကူးမြို့)
### အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ တန်းမကြီးလမ်းနေ (ဒေါ်မိုး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစိုးဝင်း-ဒေါ်စန်းရီ၊ ဒေါ်အုံးသွယ်၊ဦးသန်းထွန်း-ဒေါ်ခင်ဝေ၊ဦးသန်းနိုင်၊(ဦးသိန်းနိုင်)-ဒေါ်စန္ဒာခင်၊ ဦးမြင့်ကျော်-ဒေါ်သန်းသန်းဝင်း၊ ဦးကျော်စိုးဟန်-ဒေါ်အေးအေးမော်တို့၏ဖခင်၊မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ရီ
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၃၉နေ (ဦးကာစီ-ဒေါ်အုန်းမြင့်)တို့၏သမီး၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ် ၅၀နေ (ဦးစိန်တင့်)၏ ဇနီး၊ ဦးဇေယျာမျိုးထက်၊ ဒုတိယဗိုလ်မှူးကြီးလှနိုင်-ဒေါ်ငြိမ်းငြိမ်းအိတို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ခန့်ကျော်၊ မသူသူစိုး၊ မောင်ထက်မြတ်နိုင်၊ မလွင်လွင်အောင်တို့၏ အဘွားသည် ၁၆-၉-၂၀၁၆ရက်(သောကြာနေ့)နံနက် ၃း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
## ကိုကျော်ဖြိုးဦး
## AB.Uniteam Marine
### အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၆ လမ်း၊ အမှတ် ၃၆၄နေ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏အမှုဆောင် ဦးသန်းဝင်း (လက်ထောက် ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန) - ဒေါ်တင်တင်နုတို့၏ သားသည် ၂-၉-၂၀၁၆ရက် ဟောင်ကောင်စံတော်ချိန် ၈း၁၀နာရီ၊ မြန်မာစံတော်ချိန် ၆း၄၀နာရီတွင် ဟောင်ကောင်ဆိပ်ကမ်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်သန်းတင် (ဒေးဒရဲ)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊သီရိဇေယျာလမ်း၊ အမှတ် ၃နေ (ဦးထွန်းငြိမ်း - ဒေါ်သိန်း)တို့၏ သမီး၊ (ဦးကျင်အောင်)၏ဇနီး၊ (ဦးမြင့်သန်း) - ဒေါ်ခင်သန်း (တရားရုံးချုပ်၊ ငြိမ်း)၊ ဒေါ်ပြုံးပြုံး(ကပရ၊ အင်ဂျင်နီယာဌာန၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်စန်း (စက်မှုဝန်ကြီးဌာန၊ ငြိမ်း)-ဦးခင်ကျော်(စက်မှုဝန်ကြီးဌာန၊ငြိမ်း)၊ ဒေါက်တာအမာတူး (ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ မအူပင်တက္ကသိုလ်)တို့၏မိခင်၊ ကိုအောင်ကျော်မိုး၊ကိုနိုင်လင်းအောင်တို့၏အဘွား၊ မောင်ဘုန်းပြည့်သုတတို့၏ ဘွားဘွားကြီးသည် ၁၆-၉-၂၀၁၆ရက်(သောကြာနေ့) ည ၇း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဟန်ဝင်း (ဆင်ပေါင်ဝဲ)
## သမဝါယမဦးစီးဌာန(ရုံးချုပ်)
### အသက်(၉၃)နှစ်

ဆင်ပေါင်ဝဲမြို့နေ(ဦးစိုး-ဒေါ်ကျင်မိ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၉)ရပ်ကွက်၊ပါရမီရိပ်သာ၊စည်ပင်သာယာလမ်း၊ အမှတ် 35/ N နေ ဒေါ်မာမာခင်၏ခင်ပွန်း၊ ဦးမင်းမော်-ဒေါ်ခင်မေဝင်း(U.S.A)၊ ဦးသင်းဇော်-ဒေါ်ချိုချိုအုန်း၊ဒေါ်ညိမ်းညိမ်းဝင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ ပျားလုပ်ငန်းဌာန)၊ ဒေါ်အေးအေးဝင်း၊ ဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဝင်း(U.S.A)တို့၏မိခင်၊ ကိုမျိုးမင်းဝင်း-မစုစန္ဒာလွင်(U.S.A)၊ ကိုအောင်အောင်ဇော်-မအိန္ဒြာဇော်၊ မအူလီမြင့်တို့၏အဘိုး၊ မဆုနံလပြည့်ဇော်(Brain work Parami)၊ မထက်ဝင်းရတီတို့၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၆း၄၅နာရီတွင် အာရုံတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၆ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှသိန်း (ဟင်္သာတမြို့)
### အသက်(၇၀)

ဟင်္သာတမြို့၊ သုံးပင်ကွင်း (၁)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၂၄၈နေ ဦးမြကြယ်-(ဒေါ်ကျင်စိန်)တို့၏သား၊ ဒေါ်ရင်မေ [က/သ လယ်ယာ (ငြိမ်း)]၏ ခင်ပွန်း၊ ကိုသိန်းနိုင်စိုး၊ ကိုမျိုးမင်းအောင်-မခိုင်ခိုင်စိုး၊ ကိုနေလင်းစိုး-မရွှေစင်လင်း၊ မမေသက်စိုးတို့၏ချစ်လှစွာသောဖခင်၊ မောင်ဘုန်းသစ်ကောင်း၊ မမိုးမြင့်စံတို့၏အဘိုးသည် ၁၆-၉-၂၀၁၆ရက် ည ၁၀း၀၈နာရီတွင်ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။[အမှတ် G(၃/၂၃)၊ အခန်း C1၊ သမစိတ္တလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်ရွှေ(ခ)
## ကောင်ခင့်ဖီ (အခင့်)
### အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ (၁၄လမ်းထိပ်)၊ အမှတ် ၁၈၅ (ပထမထပ်)နေ (ဦးကျင်မောင်)-ဒေါ်မြစိန်တို့၏သား၊ (ဦးတင်လှ) - ဒေါ်တင်အေးတို့၏သားသမက်၊ ဦးကျင်ထွန်း-(ဒေါ်ရင်ရင်)၊ ဦးလှရွှေ-ဒေါ်ရှုရင်(USA)၊ဒေါက်တာမောင်မောင်လင်း (W.H.O) - ဒေါက်တာယုံးရင်၊ (ဦးဖုန်းရွှေ)၊ ဦးစံရွှေ(OK Myanmar)-ဒေါ်အေးအေးငြိမ်းတို့၏ ညီ/မောင်၊ ဦးညွှန့်ရွှေ၊ ဒေါက်တာမြင့်ရွှေ (ပါရမီသွားဆေးခန်း) - ဒေါ်ဘေဘီစန်းကြည်၊ (ဒေါ်အေးအေးမာ)တို့၏အစ်ကို၊ ဒေါ်ခင်အေးမိုး၏ခင်ပွန်း၊မောင်လှုထက်(အဝေးသင် စိတ်ပညာ၊ ပထမနှစ်)၊မခင်ရတနာသန့်(Grade-5, B, ဒဂုံ-၂)တို့၏ချစ်လှစွာသောဖခင်သည် ၁၅-၉-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၆း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုန္ဒရ
### သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ဇေယျာဝံသ (ယခင် ဖားကန့်)ကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ မထေရ်မြတ်သည် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၃ရက်) ၁၄-၉-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၄ရက်) ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ဇေယျာဝံသကျောင်းတိုက် ယာယီစံကျောင်းတော်မှ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပြီး ထိန်ပင်သုသာန်သို့ မွန်းလွဲ ၁နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းသီ (တာပရွာ၊ မအူပင်မြို့)
## မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)လှိုင်လင်
### အသက်(၉၃)နှစ်

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း) - ပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းမြ တို့၏ ဖခင် ဦးထွန်းသီ အသက်(၉၃)နှစ်သည် တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တွင် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မှူး၊ ပါရဂူ၊ ဆေးမှူး၊**
**သူနာပြုအရာရှိများနှင့် အရာခံ၊**
**အကြပ်၊ စစ်သည်မိသားစု**
**တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး**
**(ခုတင်-၅၀၀)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှရွှေ (သန်လျင်)
### အသက်(၉၀)

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ ဈေးချိုလမ်း၊ အမှတ် (၁၂/ခ)နေ (ဦးအကန့်-ဒေါ်မေခဲ)တို့၏သား၊ (ဦးကြည်-ဒေါ်လှခင်)တို့၏ သားသမက်၊ (ဒေါ်ကြင်အေး)၏ခင်ပွန်း၊ (ဦးတင်းမား-ဒေါ်ကြင်မေ)တို့၏မောင်၊ ဦးကျော်မြင့်-ဒေါ်စိန်ကြင်၊ (ဦးဟုတ်ကြင်)-ဒေါ်အေးမြင့်တို့၏အစ်ကို၊ ဦးလုံတင်-ဒေါ်အေးအေးမြင့်(မဖြူ)၊ (ဦးမြင့်ခိုင်)၊ ဦးတင့်အောင်-ဒေါ်တင်တင်လှ (ရောင်ပြန်စားတော်ဆက်)၊ ဦးစိန်လှအောင်-ဒေါ်ထီလာထွေး၊ ဦးလှမော်-ဒေါ်ခင်ပပလွင် (မဟေသီနာရီဆိုင်)၊ ဦးစိုးနိုင်(ဌာနကြီးမှူး၊ အင်/ယာဌာန၊ သန်လျင်ရေနံ)-ဒေါ်တင်တင်အေး၊ ကိုအေးသိန်းကျော်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၆-၉-၂၀၁၆ရက် ညနေ ၄း၁၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ကြည်ကြည် အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၂၂နေ (ဦးထွန်းအုံ-ဒေါ်မြရွှေ)တို့၏သမီး၊ (ဦးမြထွန်း-ဒေါ်ကံ)တို့၏သမီးချွေးမ၊ (ဦးထွန်းရွှေ) (အထွေထွေအတွင်းရေးမှူး၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ)၏ဇနီး၊ (ဦးမောင်ဉာဏ်-ဒေါ်စိန်သန်း)တို့၏ညီမ၊ (ဦးကျော်စိန်-ဒေါ်တင်မြင့်)၊ (ဦးဘိုကြည်)-ဒေါ်တင်ဝင်း၊ ဦးစန်းလွင်-ဒေါ်စန်းစန်း၊ (ဗိုလ်ကြီးခင်မောင်အေး)-ဒေါ်ခင်ဆွေမြင့်၊(ဦးအောင်ဝင်း)-ဒေါ်ခင်မေထွေး (ဒု/ညွှန်၊ ငြိမ်း)တို့၏အစ်မ၊ ဦးစိုးပိုင် (အထွေထွေမန်နေဂျာ၊ မန်းနီးတူဖက်ကုမ္ပဏီ)-ဒေါ်ရင်မြအေး၊ ဦးဝင်းမော်(ခေတ္တ-စင်ကာပူ)-ဒေါ်မော်မော်အောင်၊ ဦးသော်တာ[(C/E) BUMI SHIP MANAGEMENT Co.,Ltd.]-ဒေါ်မိုးကေသီ [မန်နေဂျာ၊ ငွေစုဘဏ်ခွဲ(၃) မြန်မာ့စီးပွားရေးဘဏ်]၊ ဒေါ်ဝါဝါလွင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဦးဝင်းနိုင်ထွန်း-ဒေါ်ချိုစန္ဒာစိုး၊ ဒေါ်ခင်ဆွေဦး၊ (ဦးအောင်စိုးမိုး)၊ ဦးနိုင်အောင်ထွန်း-ဒေါ်မေဇင်ဖြိုး၊ ဦးသီဟထွန်း-ဒေါ်ထိုက်ထိုက်ထွန်းတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၅း၃၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သဃ်ာန်းကျွန်းနေအိမ်နှင့် ရွှေဂုံတိုင်နေအိမ်တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝမ်ကြည် (မအူပင်)
## ပုသိမ်မြို့ ဒေသကောလိပ်
### အသက်(၆၀)

မအူပင်မြို့နေ (ဦးခွန်းနား)-ဒေါ်အေးသန်းတို့၏သား၊ (ဦးမောင်မောင်)-ဒေါ်မြမြသန်းတို့၏သားသမက်၊ အမှတ်(၂၈-ဘီ)၊ ဘုရားလမ်းနေ ဒေါ်အေးအေးကြိုင်၏ခင်ပွန်း၊ မောင်ရဲဝင့်အောင်၏ဖခင်၊ ဦးကီး-ဒေါ်ချူ၊ ဒေါ်တင်တင်၊ ဦးဝမ်စိမ်း-ဒေါ်ခင်ခင်(လပြည့်လင်းစတိုး)တို့၏မောင်၊ ဦးအောင်သန်း-ဒေါ်ခင်မူတို့၏အစ်ကို၊ မစမ်းစမ်းနွယ်၊ ကိုနေလင်း-မအိအိမော်(ဆေးဝါးကျွမ်းကျင်)၊ ကိုအောင်မျိုးမင်း၊ မနှင်းဝေလွင်၊ မယုယုခိုင်၊ မမေဖြူဟန်၊ မဆုဆုကျော်၊ မောင်ထက်မြတ်ဦးတို့၏ဦးလေး၊ မလင်းလဲ့ဖြိုး၊ မမေသံသာချိုတို့၏အဘိုးသည် ၁၆-၉-၂၀၁၆ရက် နံနက် ၈း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်ယု
### တ/၃၈ (မြိတ်/မာန်အောင်)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၇၇၊ လေးလွှာ (ဘီ)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဒေါ်ခိုင်စုလတ်ထွန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းသား အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးသန်းထိုက်စိုး
## (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်း၊ အမှတ် ၂၄နေ (ဦးစိုးထွေး-ဒေါ်သန်းသန်း)တို့၏သား၊ ဒေါ်ဝေနိုင်ဦး (M.I.T)၏မောင်၊ ဦးစိုးသန်းအောင် (MJY Co.,Ltd)၏ညီသည် ၁၆-၉-၂၀၁၆ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီ ၇၉ ခု ရင်းနှီးမြှုပ်နှံထား

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန် ဇုန်-A အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဇုန်-B ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Japan Thilawa Development Limited(MJTD) ၏ President and CEO Mr.Takashi Yanai က သီလဝါအထူးစီးပွားရေးဇုန်သည် အခြားအရှေ့တောင်အာရှ နိုင်ငံအချို့၏ စီးပွားရေးဇုန်များထက်ပင် မိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မှု၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီ ၇၉ ခုက လက်ရှိရင်းနှီးမြှုပ်နှံထားရာ ဂျပန်ကုမ္ပဏီ ၃၉ ခုပါဝင်မှု၊

*စာမျက်နှာ ၄ ကော်လံ ၁* ☼



မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါဆိပ်ကမ်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

# အလည်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပြီ

နေပြည်တော် စက်တင်ဘာ ၁၇

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပပြီး လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးခဲ့သည်။**



လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဒေါက်တာ ဇာနည်အောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်တင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်တို့က စက်ခလုတ်နှိပ်၍ ထရန်စဖော်မာနှင့် ကျေးရွာနေအိမ်များသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အားသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ လူမှုနယ်ပယ်အသီးသီးအပြင် စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းအဆုံး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကပါဝင်ပတ်သက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ရှိ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိမှုသည် အဓိကပါဝင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁* ❄


ယနေ့ မာတိကာ

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် TOR များရေးဆွဲရေး စတင်ပြင်ဆင်၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများ နိုဝင်ဘာလဆန်းတွင် စတင်နိုင်မည်ဖြစ် စာ » ၄

MNDAA လက်နက်ကိုင်အဖွဲ့မှ လောက်ကိုင်မြို့တွင်းသို့ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ် စာ » ၈

ရုရှားနှင့်အမေရိကန် ဆီးရီးယားအပစ်ရပ်စဲရေးအဖြေရှာ စာ » ၁၀



